# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်    ၂၀၁၆ ခုနှစ်၊ မတ် ၂၅ ရက်၊ သောကြာနေ့၊    အတွဲ [၅၅]၊ အမှတ် [၁၇၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်    မတ်    ၂၅

၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ပရိုကိုပီစ် ပါဗလိုပူလော့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘိုအောညီလာခံ တက်ရောက်မိန့်ခွန်းပြော

ဘိုအော    မတ်    ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စန်းယမြို့မှ ဘိုအောမြို့သို့ အမြန်ရထားဖြင့်သွားရောက်ကြပြီး နံနက် ၉ နာရီတွင် BFA Main Hall တွင် ကျင်းပသည့် ဘိုအောညီလာခံသို့ တက်ရောက်သည်။**

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်းဒါရူဆလမ်၊ သြစတြေးလျ၊ ပီရူး၊ နယူးဇီလန်၊ အယ်လ်ဂျီးရီးယား၊ မွန်ဂိုလီးယား၊ မက္ကဆီကို၊ ကိုရီးယားနှင့် လစ်သူယေးနီးယား နိုင်ငံတို့မှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ဘိုအောညီလာခံကျင်းပမည့် နေရာသို့ရောက်ရှိကြရာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် အာရှ ဘိုအောညီလာခံဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘိုအောညီလာခံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင်ကျင်းပရာ အာရှ ဘိုအောညီလာခံဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါက အဖွင့် နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားပြီး တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ နီပေါ၊ သြစတြေးလျနိုင်ငံတို့မှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဘိုအောညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)


ယနေ့ ဖတ်စရာ

ပနားမားတူးမြောင်းအသစ်ကို ဇွန်လတွင် တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်    စာ » ၄

ကြီးမြတ်သောဂုဏ်နှင့် ပြည့်စုံသော ပြည်သူ့တပ်မတော်    ဆောင်းပါး    စာ » ၆




ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

## ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်ကသဘောတူ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့အမည်စာရင်းကို အဆိုပြုတင်ပြ

စာ » ၇




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဘီပိုး၊ စီပိုး ကာကွယ်ရေး ပိုမိုအလေးထားသင့်

အသည်းရောင်အသားဝါရောဂါဟုခေါ်ဆိုသော စီပိုးသည် ကူးစက်တတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ဘီပိုး၊ စီပိုးကူးစက်ခံရသူပေါင်း သန်း ၁၅၀ ခန့်ရှိပါသည်။ အမှန်စင်စစ် ဤရောဂါသည် အသည်းကင်ဆာဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။ စီပိုးသည် ဘီပိုးကဲ့သို့ နာတာရှည်အဆင့်ကိုရောက်ရှိပြီး နှစ်ကာလကြာရှည်သောအခါ အသည်းခြောက်၊ အသည်းကင်ဆာ ဖြစ်ပွားရသည်ဟု ပညာရှင်တို့က ဆိုထားပါသည်။

မြန်မာနိုင်ငံ၌ ကျန်းမာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သောစာရင်းဇယားများအရ ဘီပိုးရောဂါ (Hepatitis B) ဖြစ်ပွားသူ ၃ ဒသမ ၃ သန်းကျော်ရှိပြီး စီပိုးရောဂါ (Hepatitis C) ဖြစ်ပွားသူ ၁ ဒသမ ၃ သန်း ရှိကြောင်း သိရသည်။ ဘီပိုး၊ စီပိုးရောဂါများသည် အသည်းကင်ဆာဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။ ဤအချက်များကိုထောက်ရှုလျက် ဘီပိုး၊ စီပိုးကာကွယ်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ကြရန် အထူးပင်လိုအပ်လာပါသည်။ သို့သော်လည်း ဘီပိုး၊ စီပိုးရောဂါကူးစက်ခံရသူ ၉၀ ရာခိုင်နှုန်းသည် မည်သည့်ရောဂါလက္ခဏာမျှမပြခြင်းကြောင့် ရောဂါကိုကာကွယ်ကုသရန် အလေးထားမှုနည်းပါးလျက်ရှိပါသည်။ သွေးစစ်ဆေးမှုပြုလုပ်မှသာ ရောဂါ ရှိ မရှိ သိရှိနိုင်ပါသည်။ ဘီပိုး၊ စီပိုး ရှိ/မရှိ အလွယ်တကူသိရှိနိုင်သောနည်းမှာ အခါအားလျော်စွာ သွေးစစ်ဆေးခြင်းကိုပြုလုပ်သင့်ပါသည်။

ဘီပိုး၊ စီပိုးရောဂါများသည် ကာကွယ်ကုသနိုင်သောရောဂါများဖြစ်ပါသည်။ သို့သော် ဆောလျင်စွာရောဂါကိုသိရှိမှသာ ကုသမှုသည် ထိရောက်မှုရှိနိုင်ပါသည်။ စီပိုးကုသစရိတ်သည် မြင့်မားနေသည့်အတွက် ပြည်သူအများစုမှာ ကုသရန်ထက် ရောဂါပိုး ရှိ/မရှိ စစ်ဆေးရန်ကိုပင် အခက်အခဲများနှင့် ကြုံတွေ့နေကြရပါသည်။ ပညာရှင်တို့၏အဆိုရ ဘီပိုး၊ စီပိုး ဖြစ်ပွားသူအများစုတွင် အပျော်အပါးလိုက်စားသူများနှင့် အရက်သေစာသောက်စားသူများတွင် အများဆုံးတွေ့ရသည်ဟု ဆိုထားပါသည်။ ရောဂါရှိသူ တစ်ဦးမှတစ်ဦးသို့ အလွယ်တကူ ကူးစက်နိုင်သည့်အနေအထားဖြစ်ပါသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်းသည်ဆိုသော စကား ရှိပါသည်။ ဘီပိုး၊ စီပိုးရောဂါများကို အကောင်းဆုံးသော ကာကွယ်မှုမှာ ကျန်းမာရေးစစ်ဆေးမှုကို ခံယူခြင်းပင်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ဘီပိုး၊ စီပိုးကာကွယ်ရေးအစီအမံများကို အရှိန်မြှင့်တင် ဆောင်ရွက်သင့်ပါသည်။ ရောဂါရှာဖွေကုသရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်သွားသင့်ပါသည်။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးသည် အလွန်ပင်အရေးကြီးပါသည်။ ကျန်းမာကြံ့ခိုင်ပါမှ အလုပ်လုပ်နိုင်သူများ တိုးပွားလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဘီပိုး၊ စီပိုးကာကွယ်ရေးအစီအမံများ တိုးချဲ့ဆောင်ရွက်သင့်သလို ပြည်သူများအနေဖြင့်လည်း ဘီပိုး၊ စီပိုး ကာကွယ်ရေး ပိုမိုအလေးထားသင့်ပြီ ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

ကျိုက်ထို မတ် ၂၄

ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ကမ္ဘောဇဘဏ် လီမိတက် (ကျိုက်ထိုဘဏ်ခွဲ)တို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိ ပညာပေးဟောပြောပွဲနှင့် ရှေးဦးမီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို မတ် ၂၃ ရက် နံနက်က ကျိုက်ထိုမြို့ ကမ္ဘောဇဘဏ်၌ ကျင်းပခဲ့သည်။ သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ကျိုက်ထိုဘဏ်ခွဲမန်နေဂျာတို့က ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကမ္ဘောဇဘဏ်ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းသားများ အခြေခံစစ်ပညာသင်တန်း လက်တွေ့လေ့ကျင့်

စစ်ကိုင်း မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံစစ်ပညာသင်တန်းအမှတ်စဉ် (၄၄/၂၀၁၆) ၌ တက်ရောက်လျက်ရှိသည့် မူလတန်းဆရာအတတ်သင် သုံးနှစ် သင်တန်းအမှတ်စဉ် (၄၅) တတိယနှစ်မှ သင်တန်းသား သင်တန်းသူ ၁၀၅ ဦးနှင့် ပညာရေးဘွဲ့ငါးနှစ် သင်တန်းအမှတ်စဉ် (၁) စတုတ္ထနှစ်မှ သင်တန်းသား သင်တန်းသူ ၂၂၃ ဦး စုစုပေါင်း ၃၂၈ ဦးသည် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးသိန်းဌေးဦးစီးပြီး မတ် ၂၂ ရက်က ရွှေဘိုမြို့ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်ရင်း စက်ပစ်ကွင်း၌ လက်နက်ငယ် လက်တွေ့ပစ်ခတ်မှုကို လေ့ကျင့်ခဲ့ကြသည်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများသည် အမှတ် (၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တပ်စိတ်လိုက်တိုက်စစ်သရုပ်ပြမှုကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ၃၂၈ ဦးသည် ဘီအေ (၆၃) မောင်းပြန်ရိုင်ဖယ် (ကိုက် ၁၀၀) ကျည်စု၊ အမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်းလက်တွေ့ပစ်ခတ်ကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက သင်တန်းသားများ၏ လက်နက်ငယ်ပစ်ခတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် သင်တန်းသူများသည် အမ်အေ(၁) (ကိုက် ၁၀၀) ကျည်စု၊ အမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်းလက်တွေ့ပစ်ခတ်ကြရာ ညနေ ၅ နာရီတွင် ပစ်ခတ်လေ့ကျင့်မှုကို ရပ်နားပြီး မတ် ၂၄ ရက်တွင် ဆက်လက်လေ့ကျင့်သွားခဲ့ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အခြေခံစစ်ပညာသင်တန်းအမှတ်စဉ် (၄၄/၂၀၁၆) ကို မတ် ၁ ရက်မှ မတ် ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ယခုပြုလုပ်သည့် စက်ပစ်ကွင်းပစ်ခတ်စဉ်သို့ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဆောင်လျက် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်ရင်းမှ တပ်မှူးနှင့် သင်တန်းနည်းပြဆရာ ၁၉ ဦး၊ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ရွှေဘိုမြို့ အမှတ် (၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တာဝန်ခံအရာရှိကြီးများ၊ စက်ပစ်ကွင်းနည်းပြများလိုက်ပါ ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ကွန်ပျူတာ/အင်္ဂလိပ် အခမဲ့သင်တန်းဖွင့်



တပ်ကုန်း မတ် ၂၄

နေပြည်တော် တပ်ကုန်းမြို့ အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်လူငယ်ဖွံ့ဖြိုးရေးပရဟိတနှင့်ဘိုးဘွားရိပ်သာကြီးတွင် အောင်သီတာ ဆရာတော်ကြီး၏ လမ်းညွှန်မှုနှင့်အတူ ပျိုးဥယျာဉ်ဆရာတော် ဦးဝါယာမသီဟ ဦးစီးကျင်းပသည့် နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာ/အင်္ဂလိပ်စာ(အခမဲ့) သင်တန်းအမှတ်(၁/၂၀၁၆)ကို အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ်ကျောင်း ဓမ္မာရုံကြီးအတွင်း၌ မတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ကွန်ပျူတာသင်တန်းတွင် ကျောင်းသား ၂၀၀၊ အင်္ဂလိပ်စာသင်တန်းတွင် ကျောင်းသား ၂၅၀ စုစုပေါင်း ၄၅၀ တက်ရောက်သင်ကြားလျက်ရှိသည်။ ဧပြီ ၂၁ ရက်တွင် ကိုရင်၊ သီလရှင်၊ ဖိုးသူတော်၊ ယောဂီဝတ်များအား ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

(၀၃၆)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၄.၆၉ |
| ထိုင်း | တစ်ဘတ် | ၃၄.၈၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၂၄၄ |

ခင်ရတနာ-စုစည်းသည်။

*** ရှေ့ဖုံးမှ**

အလားတူ မတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇစ်(စ်) စီပရာ့စ်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ နီကို(စ်) ကော့တ်စီရာ(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်



နေပြည်တော် မတ် ၂၄

**၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက်တွင်ကျရောက်သော (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။**

ယင်းစစ်ရေးပြအခမ်းအနားတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင် စစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းများ ပါဝင်ပြီး စုရပ်ဖြစ်သည့် နေပြည်တော် သစ်တပ်ကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများ သီဆို၍ ညီညာစွာ ချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်များ အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေး၊တပ်မတော် နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး **(အပေါ်ပုံ)** ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီး တပ်ဖွဲ့ဝင်များနှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့ (Navy SEALs) နှင့် ယာဉ်ယန္တရားများ ပါဝင်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) ဒေါ်သန်းသန်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမြဝင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) ဦးနိုင်ကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) ဦးစောဂျွန်ရွှေဘ<br>အထွေထွေမန်နေဂျာ<br>(သစ်ထုတ်ရေးဌာန)<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ဃ) ဦးရန်နိုင်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (င) ဦးမင်းမင်းဦး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သတ္တုတွင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |
| (စ) ဦးကျော်ထင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

# ရန်ကုန်သင်္ကြန် ရဲအင်အား ရှစ်ထောင်ကျော် လုံခြုံရေးဆောင်ရွက်မည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သင်္ကြန်ကာလတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်အင်အား ရှစ်ထောင်ကျော်ဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

"သင်္ကြန်ကာလမှာ ခိုက်ရန်မဖြစ်ပွားအောင်နဲ့ အန္တရာယ်ရှိတဲ့နေရာတွေမှာ အရက်သေစာသောက်စားမှုမျိုးမလုပ်နိုင်အောင် လုံခြုံရေးတင်းကျပ်သွားမယ်။ အင်းလျားကန်လိုနေရာမျိုးမှာ ရေနစ်သေဆုံးမှုမျိုး မရှိအောင်လည်း ကယ်ဆယ်ရေးအထောက်အကူပစ္စည်းတွေထားရှိ ဆောင်ရွက်ဖို့စီစဉ်ထားတယ်။ လုံခြုံရေးဆောင်ရွက်မှုအနေနဲ့တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်အင်အား ရှစ်ထောင်ကျော်နဲ့ ဆောင်ရွက်သွားမှာပါ။ အခုလိုဆောင်ရွက်ဖို့အတွက်ကိုလည်း ကော်မတီတွေဖွဲ့ပြီးသွားပါပြီ"ဟု ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောသည်။

သင်္ကြန်ကာလတွင် တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ စိတ်ချမ်းသာစွာ ရေကစားနိုင်ရန်အတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်အင်အား ခြောက်ထောင်ကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့အပါအဝင် ရဲတပ်ဖွဲ့ဝင်အင်အား ရှစ်ထောင်ကျော်ဖြင့် နယ်မြေလုံခြုံရေးကို ဖြန့်ကြက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ၁၁ ခုဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတော့ကော်မတီအလိုက် ဖွဲ့ထားတာပဲရှိပါသေးတယ်။ ကော်မတီအားလုံးကို နာမည်မပေးရသေးပါဘူး။ နာမည်ကတော့ နောင်လာမယ့်အစိုးရတက်တော့မှ ဆက်လက်စီစဉ်ဆောင်ရွက်သွားမှာပါ။ ကော်မတီမှာပါတဲ့ သူတွေအားလုံးကို သီးခြားအစည်းအဝေးပြန်လုပ်ပြီး မြို့နယ်၊ ခရိုင်အလိုက် ဖြစ်ပေါ်နေတဲ့အခြေအနေပေါ်မူတည်ပြီး တိုင်းဒေသကြီးကွပ်ကဲရေးရုံးကတစ်ဆင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားမှာပါ။ မြို့နယ်အလိုက် တာဝန်ယူထားတဲ့ လုံခြုံရေးအဖွဲ့တွေကိုလည်းတစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်အောင်စီစဉ်ထားတယ်။ ဒါ့အပြင် သင်္ကြန်မဏ္ဍပ်တိုင်းမှာရှိတဲ့ လုံခြုံရေးအဖွဲ့တွေကိုလည်း လုံခြုံရေးအသိအမြင်ရှိအောင်နဲ့အကြောင်းထူးရှိခဲ့ရင် သက်ဆိုင်ရာကို ချက်ချင်းချိတ်ဆက်ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းရဲတပ်ဖွဲ့များကွပ်ကဲမှုရုံး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း သက်ဆိုင်ရာနေရာများ၌ အသင့်အနေထားဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မီးတန်းလှည့်ကင်းယာဉ်များဖြင့် မြို့တွင်းဧရိယာများအတွင်း လှည့်လည်ဆောင်ရွက်ခြင်းနှင့် မြို့နယ်အလိုက်စုဖွဲ့ထားသည့် အရန်အင်အားများဖြင့်လည်း လုံခြုံရေးစောင့်ကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှုများနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရန် ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နယ်မြေလုံခြုံရေးအတွက်ကိုလည်း လူစည်ကားသည့်နေရာများ၌ လုံခြုံရေးကင်မရာများတပ်ဆင်၍ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း၌ ၂၀၁၅ ခုနှစ် သင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်နှင့်သက်ဆိုင်သော အမှုပေါင်း ၇၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရသူ ၆၉ ဦးရှိခဲ့သည်။ ယင်းတို့အနက် ယာဉ်တိုက်မှု ခုနစ်မှု မှ သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရသူ ၄၆ ဦး၊ ခိုက်ရန်ဖြစ်ပွားမှု ကိုးမှုမှ ဒဏ်ရာရသူ ၁၂ ဦး၊ ဝတ္တရားနှောင့်ယှက်မှု နှစ်မှုမှ ဒဏ်ရာရသူ နှစ်ဦး၊ သေမှုသေခင်း တစ်မှု၊ ကာယိန္ဒြေဖျက်ဆီးမှု တစ်မှု၊ မူးယစ်ရမ်းကားခြောက်မှုနှင့် အခြားအမှု ၄၄ မှုမှ ဒဏ်ရာရသူ ကိုးဦးအထိ ရှိခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

တိုင်းဒေသကြီးအတွင်း၌ ပြီးခဲ့သည့်နှစ်သင်္ကြန်တွင် ကန်တော်ကြီးကန်ပတ်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းအပါအဝင် မဏ္ဍပ်အကြီး ၃၉ ခု၊ မဏ္ဍပ်အလတ် ၁၃ ခု ရှိခဲ့ပြီး မဏ္ဍပ်အသေး အားလုံးပေါင်း ၇၈ ခု ရှိခဲ့သည်။

ယခုနှစ်တွင် သင်္ကြန်မဏ္ဍပ်ချပေးမှု လျာထားချက်အနေဖြင့် ကန်တော်ကြီးကန်ပတ်လမ်းတွင် မဏ္ဍပ်အကြီး ကိုးခု၊ ကမ္ဘာအေးဘုရားလမ်းတွင် မဏ္ဍပ်အကြီး ကိုးခုနှင့် မဏ္ဍပ်အလတ်ချထားပေးမှုအနေဖြင့် ဗဟန်းမြို့နယ် ဆရာစံလမ်းတွင် တစ်ခု၊ စက်မှု(၁)နားတွင် တစ်ခု၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်း (မင်းလမ်းမုန့်တီဆိုင်ရှေ့)တွင် သုံးခု စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)**

# တိုးချဲ့ထားသည့် ပနားမားတူးမြောင်းသစ် ဇွန်လတွင် ဖွင့်လှစ်ရန်စီစဉ်

**ပနားမားစီးတီး မတ် ၂၄**

တိုးချဲ့ထားသော ပနားမားတူးမြောင်းအသစ်ကို ဇွန်လ ၂၆ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်မည်ဟု တူးမြောင်းအာဏာပိုင်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ တိုးချဲ့ထားသော ပနားမားတူးမြောင်းသစ်အတွင်း သင်္ဘောမောင်းသူများနှင့် တွန်းသင်္ဘောမောင်းသူများ အတွေ့အကြုံ ရရှိနိုင်ရန်အတွက် လေ့ကျင့်မှုများပြုလုပ်နိုင်မည့် တူးမြောင်းပုံစံငယ် ဖွင့်ပွဲအခမ်းအနား၌ ယင်းကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ပနားမားတူးမြောင်း သမိုင်းကြောင်းတစ်လျှောက်တွင် အကြီးမားဆုံး အခြေခံအဆောက်အအုံ စီမံကိန်းကို လုပ်ဆောင်နေသည့်အတွက် တူးမြောင်းအသစ်တိုးချဲ့ခြင်း အိပ်မက် အမှန်တကယ်ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။ ဧရိယာ ၃၅ ဒသမ ၃ ဧကတွင် ဆိပ်ကမ်းများပါရှိသော ပင်လယ်အော်များ၊ လက်ရှိတူးမြောင်းအတွင်း ရေတံခါးပိတ်ထားသောအပိုင်းများနှင့် အပိုင်းသစ်များ၊ ဂိတ်ပေါက်များနှင့် အခြားအခန်းများ၊ အတိုင်းအတာစုစုပေါင်း ၁ အချိုး ၂၅ အရွယ်အစားရှိပြီး တွန်းသင်္ဘောများ၊ သင်္ဘောများနှင့် ကြီးမားသောပစ္စည်းများ သယ်ဆောင်သည့် သင်္ဘောများလည်း အဆိုပါ လေ့ကျင့်ရေးဧရိယာ၌ ပါဝင်သည်။

တိုးချဲ့လုပ်ဆောင်မှုအားလုံး၏ ၉၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။ ဒေါ်လာသန်းပေါင်း များစွာ အကုန်အကျခံထားသော ယင်းစီမံကိန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် အဆုံးသတ်ရန်စီစဉ်ထားသော်လည်း ဆောက်လုပ်နေစဉ် လုပ်သားပြဿနာများနှင့် တရားဥပဒေဆိုင်ရာပြဿနာများကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။ **(ဆင်ဟွာ)**



# MH-370 ၏ အပျက်အစီးအပိုင်းအစများကို တောင်အာဖရိကကမ်းခြေတွင် ပိုမိုရှာဖွေသင့်ဟု မလေးရှားပြော

**ကွာလာလမ်ပူ မတ် ၂၄**

ပျောက်ဆုံးသွားသော မလေးရှားလေယာဉ် MH-370 ၏ အလားအလာ ရှိသော အပျက်အစီးအပိုင်းအစများကို တောင်အာဖရိကနှင့် မိုဇမ်ဘစ်ဝန်းကျင်တွင် ကမ်းခြေရှာဖွေမှုများပြုလုပ်ရန် လိုအပ်သည်ဟု မလေးရှားက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

တောင်အာဖရိကကမ်းခြေတစ်လျှောက်တွင် မတ် ၁၁ ရက်က အပျက်အစီးအပိုင်းအစများကို တွေ့ရှိခဲ့ပြီး ယခုလအတွင်း မိုဇမ်ဘစ်ကမ်းခြေတွင်လည်း အခြားအပိုင်းအစများကို တွေ့ခဲ့သေးသည်။ တောင်အာဖရိက ကမ်းခြေတွင် ရှာဖွေရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရန် လိုအပ်သောကြောင့် မလေးရှားမှအဖွဲ့တစ်ခုကို စေလွှတ်ထားပြီး တောင်အာဖရိက အာဏာပိုင်များထံမှ သဘောတူညီမှုကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း မလေးရှား ပို့ဆောင်ရေးဝန်ကြီး လျိုက်တောင်လိုင်က ပြောခဲ့သည်။

မလေးရှားအဖွဲ့က တောင်အာဖရိကနှင့် မိုဇမ်ဘစ်တစ်ဝိုက်တွင် ကမ်းခြေ ရှာဖွေမှုများ လုပ်ဆောင်ရန် အဓိကရည်ရွယ်ထားပြီး ရေအောက်ရှာဖွေမှုအတွက် နေရာပြောင်းလဲမှုရှိမည် မဟုတ်ကြောင်းလည်း ပြောခဲ့သည်။

**(ရိုက်တာ)**

# ဘရပ်ဆဲလ် အသေခံဗုံးခွဲသမားနှစ်ဦးကို ဖော်ထုတ်နိုင်

**ဘရပ်ဆဲလ် မတ် ၂၄**

ဘယ်လ်ဂျီယံအာဏာပိုင်များက ဘရပ်ဆဲလ်နှင့်အနီးတစ်ဝိုက်တိုက်ခိုက်မှုများတွင် အသေခံဗုံးခွဲသမားများအဖြစ် သံသယရှိသူ ညီအစ်ကိုနှစ်ဦးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အင်္ဂါနေ့ကဖြစ်ပွားခဲ့သော ဘယ်လ်ဂျီယံမြို့တော်အနီး အပြည်ပြည်ဆိုင်ရာလေဆိပ်ပေါက်ကွဲမှုနှင့် မြို့ထဲရှိ ဘူတာရုံပေါက်ကွဲမှုတို့သည် အိုင်အက်စ် အကြမ်းဖက်သမားများ၏လက်ချက်ဖြစ်ကြောင်း သိရပြီး ယင်းပေါက်ကွဲမှုကြောင့် လူပေါင်း ၃၁ ဦးသေဆုံးခဲ့ပြီး ၂၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြသည်။

ဘယ်လ်ဂျီယံစုံစမ်းစစ်ဆေးသူများက အသေခံဗုံးခွဲသူများသည် အသက် ၂၉ နှစ်ရှိ ဘရာဟင် အယ်ဘက်ခရိုအီနှင့် အသက် ၂၇ နှစ်အရွယ်ရှိ ခါလစ်ညီအစ်ကို နှစ်ဦးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ဘယ်လ်ဂျီယံနိုင်ငံသားများဖြစ်ကြောင်း သိရသည်။ ဘရာဟင်က လေဆိပ်ကိုတိုက်ခိုက်ပြီး ခါလစ်က မီးရထားဘူတာရုံကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမိုင်းတွင်းပြိုကျ ၁၉ ဦးသေဆုံး

**ပေကျင်း မတ် ၂၄**

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်ရှိ မိုင်းတွင်းတစ်ခုတွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ မိုင်းတွင်းလုပ်သား ၁၉ ဦးသေဆုံးခဲ့ပြီး လူ ၁၁၀ အသက်ရှင်လျက်လွတ်မြောက်သွားခဲ့ကြောင်း မိုင်းတွင်းပိုင်ရှင်က ကြာသပတေးနေ့တွင် ပြောခဲ့သည်။

ရှန်ရင်စီရင်စုရှိ အန်ပင်မိုင်းတွင်းကုမ္ပဏီ၏ ကျောက်မီးသွေးတွင်းသည် ည ၁၀ နာရီ ၁၀ မိနစ်က ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း ရှန်ဇီထာတန် မိုင်းတွင်းကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

မတော်တဆဖြစ်ပွားချိန်တွင် မိုင်းတွင်းထဲတွင် မိုင်းတွင်းလုပ်သား ၁၂၉ ဦး အလုပ်လုပ်နေကြောင်း ယင်းထုတ်ပြန်ကြေညာချက်အရ သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**



# တိုက်ချင်းပစ်ဒုံးပျံများအတွက် ဒုံးပျံအင်ဂျင် မြောက်ကိုရီးယားအောင်မြင်စွာထုတ်လုပ်နိုင်ပြီဆို

**ဆိုးလ် မတ် ၂၄**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တိုက်ချင်းပစ်ဒုံးပျံများတွင် အသုံးပြုသော အခဲလောင်စာသုံးအင်ဂျင်ကို အောင်မြင်စွာ ထုတ်လုပ်စမ်းသပ်နိုင်ပြီဖြစ်ကြောင်း ကြာသပတေးနေ့တွင် နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

တောင်ကိုရီးယားသမ္မတကလည်း မြောက်ကိုရီးယား၏ ရန်လိုတိုက်ခိုက်မှုကိုတုံ့ပြန်ရန် အသင့်ပြင်ထားနိုင်ရေး စစ်တပ်ကို အမိန့်ထုတ်ပြန်လိုက်သည်။ တိုက်ချင်းပစ်ဒုံးပျံများတွင် အခဲလောင်စာသုံးအင်ဂျင်ကို တီထွင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြုံယမ်းက ပြောသည်။ မြောက်ကိုရီးယားနိုင်ငံသည် မည်သည့်အချိန်မဆို နျူကလီးယားစမ်းသပ်မှုပြုလုပ်နိုင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောဆိုနေချိန် အဆိုပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက မြေပြင်တွင်ချထားသော ဒုံးပျံအင်ဂျင်ဘေး၌ ထိုင်နေသည့်ပုံကို မြောက်ကိုရီးယားအာဏာရပါတီ ဒန်းစင်မွန်းသတင်းစာက ဖော်ပြသည်။

အဆိုပါအောင်မြင်မှုသည် တိုက်ချင်းပစ်ဒုံးပျံများဖြင့် ရန်သူကိုတိုက်ခိုက်ရာတွင် များစွာအထောက်အကူပြုနိုင်ကြောင်း ကေစီအင်န်အေသတင်းအေဂျင်စီက ဖော်ပြသည်။ **(ရိုက်တာ)**

# ဘရပ်ဆဲလ်လေဆိပ် ဗုံးခွဲသည့်တတိယလူရဲအဖွဲ့က လိုက်လံရှာဖွေနေ

**ဘရပ်ဆဲလ် မတ် ၂၄**

အနည်းဆုံး လူပေါင်း ၃၁ ဦး သေဆုံးခဲ့သော ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်၌ အိုင်အက်စ် အသေခံဗုံးခွဲတိုက်ခိုက်သူနှစ်ဦးနှင့် အတူတွေ့ရသည့် တတိယလူကို ရဲအဖွဲ့က အတည်ပြုနိုင်ခဲ့ပြီးနောက် လိုက်လံရှာဖွေလျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က လက်နက်ကိုင်ဓားပြအဖြစ် သတ်မှတ်ပြီး ပြည်နှင်ဒဏ်ခံရသော ဘရာဟင်အယ်ဘက်ခရိုအီ၏ လမ်းကြောင်းကိုခြေရာမခံနိုင်ခြင်းအပေါ် တူရကီသမ္မတက ဘယ်လ်ဂျီယံနိုင်ငံအား အပြစ်ပြောဆိုလျက်ရှိသည်။ ၎င်းသည် ညီဖြစ်သူ ခါလစ်က ယင်းမြို့ရှိ မေးလ်ဘိခ်မြေအောက် မီးရထား ဘူတာရုံ အသေခံတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀ သေဆုံးမှု မတိုင်မီ တစ်နာရီခန့်အကြာ အင်္ဂါနေ့က လေဆိပ်ကို အသေခံတိုက်ခိုက်ခဲ့သည်ဟု ပြောသည်။

အဆိုပါတတိယဗုံးခွဲတိုက်ခိုက်သူသည် နာဂျင်းလာချာရိုအိဖြစ်ပြီး ဆီးရီးယားနိုင်ငံတွင် ဘယ်လ်ဂျီယံ အစ္စလာမ္မစ် တိုက်ခိုက်ရေးသမား တစ်ဦးဖြစ်သည်။ ၎င်းသည် နိုဝင်ဘာလကပါရီမြို့ တိုက်ခိုက်မှုဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်သည်ဟု သံသယရှိသူလည်းဖြစ်သည်။ ၎င်းသည် လေဆိပ်ကို ဗုံးခွဲသူဖြစ်ပြီး လေဆိပ်လုံခြုံရေး ကင်မရာများတွင် ၎င်းအားတွေ့ရသည်ဟု ဆိုသည်။ **(ရိုက်တာ)**



# ဥရောပနိုင်ငံများအနေဖြင့် အိုက်အက်စ်အကြမ်းဖက်သမားများကို အရှိန်မြှင့်တိုက်ခိုက်ရန် လိုအပ်ကြောင်း ပင်တဂွန်အကြီးအကဲပြော

**ဝါရှင်တန် မတ် ၂၄**

ဘရပ်ဆဲလ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည့်အတွက် ဥရောပနိုင်ငံတစ်ဝန်း အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတိုက်ခိုက်မှုကို အရှိန်တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။

ဘရပ်ဆဲလ်မှာဖြစ်ပွားခဲ့သည့်ဖြစ်ရပ်ကြောင့် အိုင်အက်စ်စစ်သွေးကြွတွေကို မည်သည့်နေရာတွင်မဆို တိုက်ခိုက်ချေမှုန်းရန်လိုအပ်ကြောင်း၊ ဘရပ်ဆဲလ်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်က ဥရောပနိုင်ငံသားများကို သက်သေပြလိုက်ခြင်းပင်ဖြစ်ကြောင်း ၎င်းက စီအင်န်အင်န်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။

ထို့အပြင် ဆီးရီးယားနှင့် အီရတ်တွင် အိုင်အက်စ်ထိန်းချုပ်မှုများပိုမိုများပြားလာကြောင်း ၎င်းကပြောခဲ့သည်။

ဥရောပနိုင်ငံများအနေဖြင့် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ပိုမိုအရှိန်မြှင့်တိုက်ခိုက်ရန် စည်းလုံးညီညွတ်မှုရှိရေးနှင့် လုံခြုံရေးများကိုလည်း ပိုမိုတင်းကျပ်စွာလုပ်ဆောင်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နန်ရှန်ဘုရားကျောင်း၌ ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)



ဘိုအောညီလာခံသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ယာပုံ)**

အဆိုပါဥယျာဉ်သည် အပူပိုင်းဒေသအပင်များကို အဓိကသုတေသနလုပ်ဆောင်လျက်ရှိပြီး ဥယျာဉ်အတွင်း အလုပ်သမားပေါင်း ၄၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သည် ဆေးသုတေသနအတွက်သာမက ပြည်သူများ အပန်းဖြေအနားယူနေသည့် နေရာတစ်နေရာဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ညနေပိုင်းတွင် နန်ရှန်ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကာ ကျောင်းထိုင်ဆရာတော်အား အလှူငွေများ လှူဒါန်းသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် ဘိုအောညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ကြီးမြတ်သောဂုဏ်နှင့် ပြည့်စုံသော ပြည်သူ့တပ်မတော်

**နိုင်ငံတကာတပ်မတော်များ၏ ကျင့်စဉ်အတိုင်း ပိုင်နက်နယ်မြေလုံခြုံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ပြည်တွင်း ပြည်ပ အန္တရာယ်မှန်သမျှကို တပ်မတော်အနေဖြင့် တိုက်ထုတ်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်
(နှစ် (၇၀) ပြည့်တပ်မတော်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ)

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

တပ်မတော်သည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာပြီး ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ ရင်နှစ်သည်းချာ သားလုရတနာများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ တောင်သူလယ်သမား၊ အလုပ်သမားများ၊ ပြည်သူများ၏ လုံခြုံရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို ဆောင်ရွက်ရင်း တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးများကို ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို အောင်မြင်စွာတွန်းလှန်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို အရယူခဲ့သည်။ နိုင်ငံတော်ကို ထိပါးလာသည့် ပြည်တွင်းပြည်ပရန်သူဟူသမျှကိုလည်း တိုက်ဖျက်တွန်းလှန်ကာ နိုင်ငံတော် အဓွန့်ရှည်ရေးအတွက် ကာကွယ်စောင့်ရှောက်နေသော တပ်မတော်ဖြစ်သည်။

တပ်မတော်သည် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ၍ နေပူမိုးရွာချမ်းအေးသည်များကိုမရှောင်၊ ပင်ပန်းဆင်းရဲခံကာ တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်နှင့်ဝတ္တရားများကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။

မွန်မြတ်ကောင်းမွန်သော သမိုင်းအစဉ်အလာများကို ထိန်းသိမ်းကာ ပြည်သူ့အကျိုးကို ဆောင်ရွက်တတ်သော တပ်မတော်ပင်ဖြစ်သည်။

ပြည်သူ့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေရုံမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်အတူ အစဉ်နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်သားပြည်သူတို့ဘက်မှ အမြဲရပ်တည်နေသော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကာ ပြည်တွင်းပြည်ပအန္တရာယ်မှန်သမျှကို ကာကွယ်ရာတွင် "တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်" ဟူသော ဆောင်ပုဒ်နှင့် အညီဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ ၂၀၁၆ ခုနှစ်၊ (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို ချမှတ်ပေးထားသည်။

- အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။
- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည် တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ရေး။
- နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ရေး။
- နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

အဆိုပါ ဦးတည်ချက်များသည် နိုင်ငံတော်က ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိ ပေသည်။

နိုင်ငံတော်အဓွန့်ရှည်ရေး၊ တိုင်းရင်းသား ပြည်သူတို့၏ဘဝ သာယာဝပြောရေး၊ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် သောင်းကျန်းမှု အန္တရာယ်များ ကင်းရှင်းရေးသည်လည်း အရေးကြီးသော အချက်တစ်ရပ်ပင်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်ရဲသူ၊ စွန့်စားရဲသူများဖြစ်သော တပ်မတော်သားများသည် အဖျက်အန္တရာယ်များ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားပြည်သူများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်၍ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသည့် ပြည်သူ့တပ်မတော် ဖြစ်ပါသည်။

***တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်ရဲသူ၊ စွန့်စားရဲသူများဖြစ်သော တပ်မတော်သားများသည် သောင်းကျန်းသူများ၊ အဖျက်သမားများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားပြည်သူများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်၍ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသည့် ပြည်သူ့တပ်မတော်ဖြစ်***

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့သည် မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ သမိုင်းအစဉ်တစ်လျှောက်တွင် မေ့ပျောက်၍မရနိုင်သည့် မော်ကွန်းတင်ထားရမည့်နေ့ တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့ ထိုရက်တွင် ပြည်သူလူထု တစ်ရပ်လုံးနှင့်အတူ ပြည်သူများအတွင်းမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သားများသည် နယ်ချဲ့ ဖက်ဆစ်တို့အား ရဲရင့်ခိုင်မာသော ဇာတိသွေး၊ ဇာတိမာန်အပြည့်အဝဖြင့် စတင်တော်လှန်တိုက်ခိုက်ခဲ့သော ကြောင့်ပင်ဖြစ်သည်။ မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ပဓာနမထားဘဲ နိုင်ငံလွတ်မြောက်ရေးအတွက် နယ်ချဲ့ဖက်ဆစ်တို့အား မြန်မာ့မြေပေါ်မှ အပြီးအပိုင် တိုက်ထုတ်ခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့ရောက်လေတိုင်း အမျိုးသားဇာတိမာန်ကို အစဉ်သဖြင့် အောက်မေ့သတိရနေစေရန်နှင့် ပြည်သူ့သားကောင်းများဖြင့် ဖွဲ့စည်းထားသော ပြည်သူ့တပ်မတော်ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်နေ့အခမ်းအနားများကို နိုင်ငံရေးအဓိပ္ပာယ်ရှိရှိ စီစဉ်ကျင်းပခြင်းဖြစ်ပေသည်။

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝစွာဖြင့် ကျင်းပမည်ဖြစ်လေရာ တပ်မတော်သားတိုင်း ဦးလည်မသုန် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် နိုင်ငံရေးဦးတည်ချက်များနှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်မိန့်ကြားသွားမည်ဖြစ်ပေသည်။ တပ်မတော်သားများကလည်း မှတ်သားနာယူသွားကြရန် အသင့်ရှိနေကြမည်သာဖြစ်ပေသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်သားပြည်သူများအား နှောင့်ယှက်အန္တရာယ်ပြုနေသည့် ပြည်တွင်းပြည်ပရန်စွယ်မှန်သမျှကို တွန်းလှန်ကာကွယ်ရင်း မိမိ၏ အသက်ကိုသော်လည်းကောင်း၊ ကိုယ်လက်အင်္ဂါများကိုလည်းကောင်း ပေးလှူစွန့်လွှတ်ရဲသူများဖြစ်ခဲ့သည့်အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"ဤကမ္ဘာပေါ်တွင် မိမိနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အန္တရာယ်ဟူသမျှတို့ကို တွန်းလှန်ကာကွယ်ရင်း မိမိအသက်နှင့် ကိုယ်လက်အင်္ဂါ ပေးလှူစွန့်လွှတ်ရခြင်းထက် ကြီးမြတ်သော ဂုဏ်ကားမရှိတော့ပြီ"** ဟု ဂုဏ်ပြုချီးမြှင့်မိန့်ကြားခဲ့သည်။

ထိုနည်းတူစွာပင် ကြီးမြတ်သောဂုဏ်နှင့် ပြည့်စုံသော ပြည်သူ့တပ်မတော်အား ဤ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ (၇၁)နှစ်မြောက် ပြည်သူ့တပ်မတော်နေ့ကို ကြိုဆိုရင်း လှိုက်လှဲပျူငှာစွာ ဂုဏ်ပြုလိုက်ရပေသည်။

---

❖ ကျောဖုံးမှ

ခရီးသွားတွေနဲ့ဆိုရင် ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလို ရေခဲတောင်တက်ခရီးစဉ်တွေရှိတဲ့ အကြောင်း အသိပေးမျှဝေချင်သလို သူတို့နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေကိုလည်း အနီးကပ်လေ့လာသိရှိနိုင်ပါလိမ့်မယ်" ဟု ဧဝရတ်တောင်တက်မည့်မြန်မာလူငယ်သုံးဦး အနက် တစ်ဦးဖြစ်သူ ကိုပြည့်ဖြိုးအောင်က ပြောသည်။

ဧဝရက်တောင်ကို တက်ရောက်မည့်မြန်မာလူငယ်သုံးဦးမှာ ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကိုညီညီအောင်တို့ ဖြစ်ကြသည်။ ကိုပြည့်ဖြိုးအောင်သည် ၂၀၀၈ ခုနှစ်က သိပ္ပံ(ရူပဗေဒ)ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ်က Diploma in Applied Psychology ရရှိခဲ့ကာ ၂၀၁၂ ခုနှစ်က Eco-Tourism Training တက်ရောက်ခဲ့သူဖြစ်သည်။ ပြည်တွင်း ပြည်ပ တောင်တက်ခရီးစဉ် အတွေ့အကြုံများရှိပြီး ၂၀၁၃ ခုနှစ်က အမေရိကန်တောင်တက်သမားလေးဦးနှင့်အတူ ကချင်ပြည်နယ်ရှိ အမြင့် ၁၉၂၅၈ ပေရှိသည့် ဂမ်လန်ရာဇီတောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။ တစ်ဖန် ကချင်ပြည်နယ်ရှိ အမြင့် ၁၅၁၇၇ ပေရှိသော မဒွယ်တောင်ကို ၂၀၁၅ ခုနှစ်က တက်ရောက်ခဲ့သူလည်းဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ အမြင့် ၁၇၇၀၃ ပေရှိသော Haba Xue Shan




**ဧဝရက်တောင်သို့တက်ရောက်ကြမည့် တောင်တက်အားကစားသမားများအား ထူးဖောင်ဒေးရှင်းက အောင်နိုင်ရေးအလံ ပေးအပ်စဉ်။**
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

တောင်ကို ၂၀၁၃ ခုနှစ်က တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ်အတွင်းရှိ အမြင့် ၁၄၀၉၄ ပေရှိသော ဖန်ဂါရမ်တောင်ကိုလည်း ၂၀၀၉ ခုနှစ်က တက်ရောက်ခဲ့သူဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အမြင့် ၁၂၅၅၃ ပေရှိသော ဆာရာမေတီတောင်ကို ၂၀၀၉ ခုနှစ်က တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ်အတွင်းရှိ အမြင့် ပေ ၁၁၅၀၀ ရှိသော ဖုန်ဂန်ရာဇီတောင်ကို ၂၀၀၈ ခုနှစ်က တက်ရောက်ခဲ့သည့် အတွေ့အကြုံများ ရရှိထားသူဖြစ်သည်။

နောက်ထပ်တောင်တက်သမားတစ်ဦးဖြစ်သည့် ကိုဝင်းကိုကိုမှာ B.Sc( Geology)ဖြင့် ၂၀၀၄ ခုနှစ်က ဘွဲ့ရခဲ့သူတစ်ဦး ဖြစ်သည်။ Diploma in GIS ကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ Eco-Tourism Training ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ Diploma in Gem Identification ကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။ လက်ရှိတွင် Techinal Climbing Club of Myanmar တွင် တောင်တက်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ တောင်တက်အတွေ့အကြုံ အောင်မြင်မှုများအဖြစ် ကချင်ပြည်နယ်ရှိအမြင့် ၁၅၁၇၇ ပေရှိသော မဒွယ်တောင်ကို ၂၀၁၅ ခုနှစ်က တက်ရောက်ခဲ့ပြီး ချင်းပြည်နယ်ရှိ အမြင့်ပေ ၁၀၅၀၀ ရှိသော Khaw Nuu Soam တောင်ကို ၂၀၁၄ ခုနှစ်က တက်ရောက်ခဲ့သည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Haba Xue Shan တောင်အမြင့် ၁၇၇၀၃ ပေကို ၂၀၁၃ ခုနှစ်က တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ်ရှိ အမြင့် ပေ ၁၀၅၀၀ ရှိသော Lun-krumrdin တောင်ကို ၂၀၁၀ ပြည့်နှစ်က တက်ရောက်ခဲ့သူဖြစ်သည်။

နောက်တစ်ဦးဖြစ်သည့် ကိုညီညီအောင်မှာ ၂၀၀၉ ခုနှစ်က B.Sc ( Physics) ဖြင့် ဘွဲ့ရခဲ့သူဖြစ်ပြီး Diploma in GIS ကို ၂၀၁၀ ပြည့်တွင် ရရှိခဲ့သည်။ တောင်တက်အတွေ့အကြုံနှင့် အောင်မြင်မှုများအဖြစ် ကချင်ပြည်နယ်ရှိ Lun-krumrdin တောင်ကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဆာရာမေတီတောင်ကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ချင်းပြည်နယ်ရှိ Khaw Nuu Soam တောင်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ကချင်ပြည်နယ်ရှိ ဖုန်ဂန်ရာဇီတောင်ကို ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ ကချင်ပြည်နယ်ရှိ မဒွယ်တောင်ကို ၂၀၀၅ ခုနှစ်တွင် လည်းကောင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ဧဝရက်တောင်တက်မည့် မြန်မာလူငယ်သုံးဦးတို့သည် ပြည်ပနိုင်ငံမှ တောင်တက်သမားသုံးဦးနှင့် ပေါင်းစည်းကာ ခြောက်ဦးတစ်ဖွဲ့ဖြင့် ဧဝရက်တောင်သို့တက်ရောက်ရန် မတ် ၂၆ ရက်မှ စတင်ကာ ရန်ကုန်မြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ထွက်ခွာမည်ဖြစ်သည်။ ထို့နောက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီး မတ် ၂၉ ရက်တွင် ဧဝရက်တောင်တက်ခရီး စတင်မည်ဖြစ်သည်။

အခက်အခဲများ ကျော်ဖြတ်နိုင်ပါက ၂၀၁၆ ခုနှစ် မေ ၄ ရက်နှင့် ၃၀ ရက်အတွင်း ရာသီဥတုကောင်းမည့် ရက်ကို စောင့်ကာ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံတော်အလံ စိုက်ထူမည်ဖြစ်သည်။ မေ ၂၆ ရက်နှင့် ၃၀ ရက်အတွင်း အခြေစိုက်စခန်းသို့ ပြန်ဆင်းမည်ဖြစ်ပြီး မေ ၃၁ ရက်တွင် ခတ္တမန္ဒူမြို့သို့ လေယာဉ်ဖြင့်ပြန်လည်ရောက်ရှိကာ ဇွန် ၄ နှင့် ၆ ရက်အတွင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရန် အစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်ကသဘောတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ အမည်စာရင်းကို အဆိုပြုတင်ပြ

**နေပြည်တော် မတ် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံမှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်က သဘောတူပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း အဆိုပြုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူ ဦးထင်ကျော်က ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို မတ် ၂၂ ရက်တွင် ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ အသိပေးတင်ပြခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်အရည်အချင်းများဖြင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက မတ် ၂၃ ရက်နောက်ဆုံးထားတင်ပြရန် အသိပေးကြေညာခဲ့ပါကြောင်း။

သို့သော်လည်း ကန့်ကွက်သူမရှိသည့်အတွက် အဆိုပြုတင်ပြထားသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒေါက်တာသန်းမြင့်၊ နိုင်သက်လွင်၊ ဒေါက်တာဖေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၂၈ အရ သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၀ နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် ကိုးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ခုံရုံးအဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတမှ ရွေးချယ်ထားသူ သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသူ သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသူ သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များမှာ နိုင်ငံတော်သမ္မတမှ ရွေးချယ်သော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှရွေးချယ်သော ဦးမျိုးညွန့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်သော ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းတို့ကို ခုံရုံးအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်သော ဦးမျိုးညွန့်ကို ခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်ပြထားကြောင်း အသိပေးကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များက မတ် ၂၅ ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဆက်လက် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ အမည်စာရင်း**

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်အောင်ဆန်းစုကြည် |
| ၂။ | ဒေါက်တာအောင်သူ |
| ၃။ | ဦးသန့်စင်မောင် |
| ၄။ | သူရဦးအောင်ကို |
| ၅။ | ဦးအုန်းဝင်း |
| ၆။ | ဦးသိန်းဆွေ |
| ၇။ | ဦးကျော်ဝင်း |
| ၈။ | ဦးခင်မောင်ချို |
| ၉။ | ဒေါက်တာမြင့်ထွေး |
| ၁၀။ | ဦးဝင်းခိုင် |
| ၁၁။ | ဒေါက်တာဝင်းမြတ်အေး |
| ၁၂။ | ဦးအုန်းမောင် |
| ၁၃။ | ဒေါက်တာသန်းမြင့် |
| ၁၄။ | နိုင်သက်လွင် |
| ၁၅။ | ဒေါက်တာဖေမြင့် |
| ၁၆။ | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း |
| ၁၇။ | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ |
| ၁၈။ | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် |

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်း**

| စဉ် | ရွေးချယ်တင်ပြသူ | အဆိုပြုခံရသူ | မှတ်ချက် |
|---|---|---|---|
| ၁။ | သမ္မတ | (က) ဦးညီညီ<br>(ခ) ဦးမြင့်ဝင်း<br>(ဂ) ဦးမျိုးမြင့် | |
| ၂။ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ | (က) ဦးမျိုးညွန့် | နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ခုံရုံးဥက္ကဋ္ဌအဖြစ် အဆိုပြုသူ |
| | • | (ခ) ဦးခင်မောင်ချို<br>(ဂ) ဒေါ်ခင်ဌေးကြွယ် | |
| ၃။ | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ | (က)ဦးတွာလ်ကျင်ပေါင်<br>(ခ)ဒေါ်လှမျိုးနွယ်<br>(ဂ)ဦးကျော်ဆန်း | |

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများအဖြစ် အမည်စာရင်းတင်သွင်းထားသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူ ၁၄၂ ဦး၊ Myanmar Journalism Institute မှ သင်တန်းသား သင်တန်းသူ ၂၂ ဦး National Democratic Institute မှ ဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၁၈၃ ဦးသည် လေ့လာသူအဖြစ်တက်ရောက်၍လွှတ်တော်အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသူဦးရေမှာ ယနေ့အထိ ၁၈၃၄ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။ ဖြစ်နိုင်ဖွယ်အမြင့်ဆုံးအပူချိန်များမှာ ရန်ကုန်မြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်)၊ မန္တလေးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)၊ နေပြည်တော်တွင် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)တို့ ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

အမျိုးသား ပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

“သင်္ကြန်ကာလမှာ ဦးပိန်ကို လာရောက်လည်ပတ်သူ ဦးရေက နေ့စဉ်များပြားနေပါတယ်။ တံတားကြီးကလည်း နှစ်ကာလ ကြာမြင့်လာတာနဲ့အမျှ ဆွေးမြည့်ပျက်စီးလာတယ်။ အခု သင်္ကြန်ကာလအမီ ပြုပြင်သွားမယ်ဆိုတော့ ကောင်းပါတယ်။ တံတားခံနိုင်ရည် ပိုကောင်းလာမယ်” ဟု တောင်သမန် ဒေသခံတစ်ဦးက ပြောသည်။

ဦးပိန်တံတား ပြုပြင်မှုလုပ်ငန်းများအနက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ငါးကြိမ်တိုင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၄ သိန်း အကုန်အကျခံ၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြုပြင်မှုလုပ်ငန်းများကို Myanmar Teak Wood ကုမ္ပဏီက ဆောင်ရွက်ခြင်းဖြစ်ပြီး ဦးပိန်တံတား ပြုပြင်မှုအဖြစ် တံတား၏ ဆွေးမြည့်တိုင် ၁၀၀၊ အစားထိုးလဲလှယ်ခြင်း၊ အောက်ခြေ ဆွေးမြည့်နေသည့်တိုင်ပေါင်း ၁၇ တိုင်ဖြတ်ဆက်ခြင်း၊ တိုင်ခေါင်း ၄၆ ခုနှင့် ရက်မ ၃၅ ချောင်း အစားထိုးပြုပြင်ခြင်း၊ မူလပုံစံအတိုင်း သစ်သားလက်ရန်းများကို အရှည်ပေ ၂၀၀ ခန့်နှစ်ဖက် ထည့်သွင်းခြင်း၊ ကွန်ကရစ်လက်ရန်းများ အချောကိုင်ခြင်း၊ ကွဲအက်နေသည့် တိုင်ခေါင်းများကို နှစ်လက်မပြက်စတီးပြားများဖြင့် ခါးပတ်ပြုလုပ်ပေးခြင်း၊ ချပ်တန်းများထည့်သွင်းခြင်းနှင့် တံတားတောင်ဘက်ခြမ်းမှ ၁၅ မိုင်ခန့်အကွာတွင် လျှပ်စစ်မီး သွယ်တန်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဦးပိန်တံတား အရှည်သဖြင့် တည်တံ့ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေသည်ကို တွေ့ရစဉ်။

# ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အစိုးရသက်တမ်းတွင် ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍ တိုးတက်မှုအတိုင်းအတာတစ်ခုအထိ ရရှိခဲ့ကြောင်း၊ ဘဏ်များနှင့် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေရေးကြေးရေးအလုံးစုံပါဝင်မှုဖြစ်စေရန် ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များရှိသေးကြောင်း၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပြဋ္ဌာန်းပြီးသည့်အချိန်မှစ၍ သီးခြားလွတ်လပ်သည့် ဗဟိုဘဏ်တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒစသည့် အခြားသောမူဝါဒများကို အကောင်အထည်ဖော်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ၊ ဘဏ်လုပ်ငန်းများ တိုးတက်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုဘဏ်နှင့် ဘဏ်များပူးပေါင်း၍ မိမိ၏မူဝါဒနှင့်အညီ မှန်မှန်ကန်ကန်ရပ်တည်ဆောင်ရွက်ရန်အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အစိုးရငွေတိုက်လက်မှတ်လေလံနှင့်ပတ်သက်သည့်ကိစ္စများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရန်အတွက် ချေးငွေအခွင့် အလမ်းများရရှိစေရန်ကိစ္စကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပို့ကုန်ဝင်ငွေများ ပြန်လည်ဝင်ရောက်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးကို ဘဏ်စနစ်ဖြင့်ဆောင်ရွက်နိုင်ရန်ကိစ္စနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်မှ မေခရိုစီးပွားရေးတည်ငြိမ်စေရေးကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။




မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အာဆီယံစီးပွားရေးအသိုက်အမြုံ ၂၀၂၅ (AEC 2025) သို့ သွားကြရာတွင် ဘဏ်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုမို၍ ခဲ့ထွင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ လွှဲပြောင်းရရှိနိုင်ရန် နိုင်ငံခြားဘဏ်များကို ဘဏ်ခွဲလိုင်စင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဘဏ်နှင့် နိုင်ငံခြားဘဏ်များ ပူးပေါင်းဆောင်ရွက်မှသာလျှင် ၂၀၂၅ AEC သို့ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ငါးနှစ်အတွင်း ဘဏ်လုပ်ငန်းကဏ္ဍအပါအဝင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့သည် ဆိုသည့်အချက်ကို လက်ခံရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ တာဝန်ရှိသူများက ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စင်ကာပူ-မြန်မာ သံတမန်ဆက်ဆံရေး နှစ် ၅၀ပြည့် နှစ်နိုင်ငံအပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ရရှိရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၄**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား ရန်ကုန်မြို့ စင်ကာပူနိုင်ငံသံရုံးမှ သံမှူးကြီး Mr. KOH CHEE CHIAN က ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင် အမှတ် (၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ယခုနှစ်သည် စင်ကာပူ-မြန်မာ သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်သည့်နှစ်ဖြစ်၍ နှစ်နိုင်ငံအပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ရရှိရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူး ဒေါ်ထုမေ၊ ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၄**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၉ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် "၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပန်းဘဲတန်း၊ သန်လျင်၊ သုံးခွ၊ မင်္ဂလာတောင်ညွန့်၊ လှိုင်သာယာ၊ မရမ်းကုန်း၊ မှော်ဘီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မင်္ဂလာဒုံ၊ ဆိပ်ကြီးခနောင်တိုနှင့် ရွှေပြည်သာမြို့နယ်တို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# သူငယ်တန်းသင်ရိုးသစ် နည်းပြသင်တန်း ဒုတိယနေ့ ဆက်လက်ပို့ချ

**ရန်ကုန် မတ် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သူငယ်တန်းသင်ရိုးသစ် နည်းပြသင်တန်း ဒုတိယနေ့အဖြစ် သက်ဆိုင်ရာဒေသ ၁၈ နေရာတွင် ဆက်လက်ပို့ချလျက်ရှိရာ သင်တန်းသား ဆရာ ဆရာမဦးရေ ၆၆၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

သင်တန်းပထမနေ့တွင် မျှော်လင့်ချက်၊ မိတ်ဆက်ခြင်း၊ အခြေခံစည်းကမ်း၊ ဦးနှောက်ဖွံ့ဖြိုးမှု၊ ကလေးဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာများ၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုဆိုင်ရာစွမ်းရည် စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။

သူငယ်တန်းသင်ရိုးသစ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း စသည့် သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ရပ်ဖြင့် ဖွဲ့စည်းထားသည်။

ယနေ့တွင် ဆက်သွယ်မှုစွမ်းရည်၊ ပေါင်းသင်းဆက်ဆံမှုစွမ်းရည်၊ တီထွင်ဖန်တီးမှုစွမ်းရည်၊ အထူးလိုအပ်ချက်ရှိသော ကလေးများ၊ ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်၊ ကလေးအခွင့်အရေး စသည့် အကြောင်းအရာများကို ပေါင်းစပ်ချဉ်းကပ်ခြင်း၊ ကလေးဗဟိုပြုချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းတို့ကို ဆွေးနွေးသင်ယူကြကြောင်း သိရသည်။

မူကြိုအတွေ့အကြုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းသို့ရောက်ရှိလာသော ငါးနှစ်အရွယ် ကလေးအားလုံး သင်ယူမှုအခွင့်အလမ်းတစ်ပြေးညီရရှိပြီး မူလတန်းပညာရေးကို လွယ်ကူချောမွေ့စွာ ဆက်လက်သင်ယူနိုင်ရေးအတွက် သူငယ်တန်းသင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့လာနိုင်သည့် ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးမှုအပေါ် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များ ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ရေး သတိပေးနှိုးဆော်

**နေပြည်တော် မတ် ၂၄**

ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ်နွေရာသီတွင် မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံဒေသအချို့တွင် မိုးခေါင်မှုနှင့် ရေရှားပါးမှုပြဿနာများ ရင်ဆိုင်ရလျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုကြုံတွေ့နေရပြီး ခြောက်သွေ့ရာသီအတွင်း ရေကိုထိန်းသိမ်းထားရန်၊ နေ့စဉ် ရေသုံးစွဲမှုကို လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းမပြုရန်၊ မိုးရာသီရောက်သည့်တိုင် ရေများသိုလှောင်ထားရန်နှင့် ခြောက်သွေ့ရာသီအတွင်း ကျန်းမာရေးအတွက် ရေကိုလုံလောက်စွာ သောက်သုံးရန် ပြည်သူများသို့ သတိပေးညွှန်ကြားမှုများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် အချို့ဒေသများ၌ ရေရှားပါးပြတ်လပ်မှုများကို စတင်ရင်ဆိုင်နေကြရလျက်ရှိရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအရေးပါသည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ မထိခိုက်စေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဒေသအလိုက် ကြုံတွေ့ရသည့် ရာသီဥတုအခြေအနေများပေါ်မူတည်၍ အရန်ရိက္ခာအစီအစဉ်များ၊ အရန်မျိုးစေ့အစီအစဉ်များ၊ ရေရရှိရေးနှင့် ရေစုဆောင်းရေးနည်းလမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပူးပေါင်းလျက် ကြိုတင်စီမံဆောင်ရွက်ထားနိုင်ပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကမ္ဘာတွင် နှစ်စဉ် တီဘီရောဂါ ၉ ဒသမ ၆ သန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးလျက်ရှိ

**နေပြည်တော် မတ် ၂၄**

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြည်သူ့ကျန်းမာရေးပြဿနာ အဖြစ်တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ တီဘီပိုးကူးစက်ခံထားရကြောင်း၊ နှစ်စဉ် ကမ္ဘာပေါ်တွင် တီဘီလူနာ ၉ ဒသမ ၆ သန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးလျက်ရှိကြောင်း ပြောကြားသည်။ **(ယာပုံ)**




တီဘီရောဂါ ဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၅၄ နှစ်အရွယ်တွင် အဖြစ်များသဖြင့် တိုင်းပြည်၏ကုန်ထုတ်စွမ်းအားအပေးနိုင်ဆုံးအုပ်စုတွင် ဖြစ်ပွားနေသည်ကိုတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တီဘီ၊ တီဘီ/အိတ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါများသည် ပြည်သူ့ကျန်းမာရေးပြဿနာများအဖြစ် တည်ရှိနေဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် တီဘီလူနာများ တိုးချဲ့ရှာဖွေခြင်း၊ တီဘီ/အိတ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါရှာဖွေကုသရေး စီမံချက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းသုံးရပ်ကို အဓိကဦးစားပေးကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ တီဘီလူနာစုစုပေါင်း တစ်သိန်းလေးသောင်းကျော်ကို ရှာဖွေကုသပေးနိုင်ခဲ့ပါကြောင်း။

တီဘီရောဂါတိုက်ဖျက်ရေးနည်းဗျူဟာဖြစ်သော DOTS Strategy ကို ၂၀၀၃ ခုနှစ်ကစ၍ မြို့နယ်အားလုံးလွှမ်းခြုံခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်ကာ Stop TB Strategy ဖြင့် လွှမ်းခြုံဆောင်ရွက်ခဲ့ပါကြောင်း၊ တီဘီ/အိတ်ချ်အိုင်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးလွှမ်းခြုံနိုင်စေရန် အမျိုးသားခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်အတွင်း ကုသခဲ့သော ဆေးယဉ်ပါးတီဘီလူနာများအား ဆေးကုသမှုအောင်မြင်နှုန်းမှာ ၈၃ ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဆေးယဉ်ပါးတီဘီလူနာများအား မြို့နယ်အားလုံးတွင် ရောဂါရှာဖွေဆေးကုသမှုခံယူနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ PSI အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်ဝင်မြို့နယ်များတွင် ပြင်ပအထွေထွေရောဂါကုဆရာဝန် စုစုပေါင်း ၂၄၀၀ ခန့် ပါဝင်ဆောင်ရွက်လျက်ရှိရာ ယခုထက် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တီဘီရောဂါ တိုက်ဖျက်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါရှာဖွေကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ ၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြခြင်းအားဖြင့် ကမ္ဘာ့တီဘီရည်မှန်းချက်ဖြစ်သည့် ၂၀၃၅ ခုနှစ်တွင် တီဘီရောဂါကင်းဝေးရေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးကြသည်။

ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ချ်) က ခရစ်နှစ် ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်တွင် တီဘီရောဂါပိုးစတင်တွေ့ရှိသည်ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ကာ ၁၉၉၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၌ နှစ်စဉ်ကျင်းပခဲ့သည်။

ယခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ Unite to End TB (တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့) ဖြစ်ကာ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၊ ပြည်တွင်း ပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အလှူရှင်အဖွဲ့အစည်းများပူးပေါင်း၍ နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသအောက်ခြေအထိ ရောဂါရှာဖွေကုသပေးနိုင်ရန် တိုက်တွန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တီဘီရည်မှန်းချက် ၂၀၃၅ ပြည့်မီနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော End TB Strategy ကိုအခြေခံကာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း (National Strategic Plan 2016–2020) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မင်းတပ်မြို့နယ်၌ တိုက်နယ်ဆေးရုံသစ်ဖွင့်

**မင်းတပ် မတ် ၂၄** ဝမ္မသူးတိုက်နယ်ဆေးရုံဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာ၌ မတ် ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆေးရုံကို Winner Myanmar ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကာ ယင်းတိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများကျင်းပ

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ၂၀၁၆ ခုနှစ် မတ် ၂၄ ရက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို သံဃာဆောင်ပြည်သူ့ဆေးရုံကြီး၌ မတ် ၂၄ ရက် နံနက် ၉နာရီက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အဖွင့်အမှာစကားကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသက်အောင်က ဖတ်ကြားသည်။

ဆက်လက်၍ တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ခရိုင်တီဘီရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်ဝင်းက ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၄ ရက် နံနက်က မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖွင့်အမှာစကားကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ခင်ဇော်က ဖတ်ကြားသည်။ ဆက်လက်၍ ခရိုင်တီဘီအဖွဲ့ခေါင်းဆောင် ဦးထွန်းခင်က တီဘီရောဂါအကြောင်းသိကောင်းစရာများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

**မြစ်ကြီးနား**

ကချင်ပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနက ဦးစီးကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာအိအိချောက တီဘီရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

"ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ တနိုင်းမြို့တွေမှာ တီဘီရောဂါအများဆုံးဖြစ်ပြီး တောင်ပေါ်ဒေသတွေမှာ ဖြစ်ပွားမှုနည်းပါတယ်။ ၂၀၁၄ ခုနှစ်မှာ တီဘီရောဂါခံစားရသူ ၇၇၈၉ ဦးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာ ၁၄၇ ဦး လျော့ကျခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ၂၆ ကြိမ် ကွင်းဆင်းစစ်ဆေးပြီး ဓာတ်မှန်စက်နဲ့ ရှာဖွေကုသမှုတွေ ပြုလုပ်ပေးကာ တီဘီရောဂါခံစားနေရသူတွေကို သလိပ်စစ်၊ ဓာတ်မှန်ရိုက်၊ ဆေးဝါးတွေကို ဌာနအနေနဲ့ အခမဲ့ဆောင်ရွက်ပေးတဲ့အပြင် ခရီးစရိတ်အဖြစ် တစ်ဦးကို ငွေကျပ်သုံးသောင်းစီ ထောက်ပံ့ပေးပါတယ်။ ဒါ့အပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ကလည်း အစားအစာတွေကို ထောက်ပံ့ပေးပါတယ်"ဟု ပြည်နယ်တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာအိအိချောက ပြောပြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## သဲကုန်းမြို့နယ်၌ တီဘီရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှု သင်တန်းဖွင့်

**သဲကုန်း မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ခြင်းစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မတ် ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ကြည်ထွေးက တီဘီရောဂါအမျိုးအစားများနှင့် တီဘီရောဂါ ကူးစက်ပြန့်ပွားပုံများအကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဝင်းဝင်းမော်က တီဘီရောဂါလက္ခဏာများအကြောင်းနှင့် တီဘီရောဂါဝေဒနာရှင်များအားပြုစုရမည့် ကျန်းမာရေးစောင့်ရှောက်မှု အသိပညာများကို လည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါကြောင့် ကလေးငယ်ရှစ်ဦးသေဆုံး

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ကိုယ်ရေ မသန့်ရှင်းခြင်းနှင့် ဖုန်ထူထပ်မှုတို့ကြောင့် ဖြစ်ပွားသည့် ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါကြောင့် မတ်၂၃ ရက်အထိ စာရင်းများအရ ကလေးငယ် ၁၄ ဦးဖြစ်ပွားပြီး ရှစ်ဦးသေဆုံးခဲ့ကာ ကာကွယ်နှိမ်နင်းမှု အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအတွင်း မတ် ၅ ရက်က စတင်ဖြစ်ပွားကာ သေဆုံးသူများမှာ သာစည်မြို့နယ် ကျေးရွာခြောက်ရွာရှိ ကိုးနှစ်အောက် ကလေးငယ်များဖြစ်ပြီး ယင်းကျေးရွာများသည် အပူပိုင်းဒေသ၊ ဖုန်ထူထပ်သော ကျေးရွာများဖြစ်ကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ဒီရောဂါက အပူပိုင်းဇုန်မှာ ရှိနေတယ်။ တချို့ကျတော့ Carrier ပါ။ ရောဂါလက္ခဏာမပြဘူး။ ကိုယ်ခံအားနည်းတဲ့ ကလေးငယ်များ ဖြစ်တတ်တဲ့ ဦးနှောက်အမြှေးရောင်ရောဂါပါ။ တစ်ကိုယ်ရေသန့်ရှင်းဖို့နဲ့ ဖုန်ထူထပ်တဲ့နေရာတွေ မသွားဖို့လိုတယ်" ဟု ၄င်းက ပြောသည်။

ဖြစ်ပွားမှုမှာ သာစည်မြို့နယ်အတွင်းမှ အင်းကုန်းရွာတွင်တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ ပြွန်ကန်ရွာတွင် ငါးဦးဖြစ်ပွား၍ နှစ်ဦးသေဆုံး၊ ဘုရားလေးကုန်းရွာတွင် တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ သမန်းကန်ရွာတွင် သုံးဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ အောင်မြင်သာရွာတွင် သုံးဦးဖြစ်ပွား၍ နှစ်ဦးသေဆုံး၊ မောင်းတိုင်ရွာတွင် တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ရာ ကျေးရွာခြောက်ရွာတွင် ၁၄ ဦးဖြစ်ပွားပြီး ရှစ်ဦးသေဆုံးခဲ့သည်။

"ဖြစ်ခဲ့တဲ့ရွာတွေက နီးစပ်ကြတော့ တစ်ရွာနဲ့ တစ်ရွာသွားလာကြတယ်။ ကလေးချင်းဆော့ကစားကြရာကလည်း ကူးစက်တယ်။ ဦးနှောက်အမြှေးရောင်ရောဂါ Type ငါးမျိုးမှာ အခုဖြစ်နေတာက TypeB ဖြစ်လို့ ထိုးတဲ့ကာကွယ်ဆေးမရှိသေးဘူး။ ကာကွယ်မှုတွေ အရှိန်အဟုန်နဲ့ လုပ်နေပါတယ်။ အပူနဲ့ဆက်စပ်တာဖြစ်လို့ နေပူထဲကနေ ပြန်လာပြီး ရေချိုးတာမျိုး ရှောင်သင့်တယ်။ နှာခေါင်းစည်းတပ်ဖို့နဲ့ လက်ကိုစင်ကြယ် အောင် ဆေးဖို့လိုပါတယ်" ဟု ၄င်းဆက်လက်ပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းပြီး ဌာနမှကျန်းမာရေးဝန်ထမ်းများဖြင့် နံနက်နှင့်ည တစ်ရက်နှစ်ကြိမ်စစ်ဆေးမှုများပြုလုပ်၍ ဖျားနာလူနာရှိလျှင် ပိုးသတ်ဆေးနှင့် လိုအပ်သည့်ဆေးများထိုးနှံပေးကာ နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခြင်း၊ ကျန်းမာရေးအသိပေးဗီနိုင်းများဖြင့်အသိပေးခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းတို့ဖြင့် ကာကွယ်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အစိုးရနှင့်ပြည်သူကြားက ပေါင်းကူးတံတား (သို့မဟုတ်) ၂၄ နာရီ / ခုနစ်ရက် လည်ပတ်နေသော ရပ်ဝန်း

*ရောင်နီလာ၍ မိုးသောက်သည်နှင့် ကမ္ဘာလောကကြီးလည်း နိုးထလာကာ တစ်နေ့တာ၏ လုပ်ငန်းများ စတင်ကြရပေတော့မည်။ လူတစ်ဦးချင်း၊ အဖွဲ့အစည်း တစ်ခုချင်း၊ လုပ်ငန်းဌာနတစ်ခုချင်း စသည် စသည်ဖြင့် တစ်နေ့တာအတွက် လုပ်ငန်းကို နံနက်ခင်းမှ စတင်လည်ပတ်ကြသည်။ အခြားသောလုပ်ငန်းများထက် ကွဲပြားခြားနားက တစ်ရက်လျှင် ၂၄နာရီ၊ တစ်ပတ်လျှင် ခုနစ်ရက်၊ တစ်နှစ်လျှင် ရက်ပေါင်း ၃၆၅ ရက် စဉ်ဆက်မပြတ် လည်ပတ်နေသည့်လုပ်ငန်းကို ပြပါဟုဆိုလျှင် သတင်းစာလုပ်ငန်းကို ပြရမည်ဖြစ်သည်။*

ခင်ရတနာ

သတင်းစာလုပ်ငန်းသည် လူတစ်ဦးချင်း၏ ထူးချွန်ထက်မြက်မှုအပြင် အဖွဲ့လိုက်ပေါင်းစည်းလုပ်ဆောင်မှုများဖြင့် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းတာဝန်အလိုက် ဟန်ချက်ညီစွာ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် ရလဒ်ထွက်ပေါ်လာရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ စာတစ်လုံးချင်းမှသည် စာမျက်နှာတိုင်းကို လူသားအရင်းအမြစ်များ၏ စွမ်းအားများဖြင့် စုပေါင်းထုတ်လုပ်ထားသည်ဟု ဆိုရမည်ဖြစ်သည်။ သတင်းထောက်များက သတင်းများ ထောက်လှမ်း ရယူရေးသားခြင်း၊ အဆိုပါသတင်းများကို စာတည်းများက တည်းဖြတ်ခြင်း၊ စိတ်ဝင်စားဖွယ် အဆင်အပြင်များဖြင့် စာမျက်နှာများဖွဲ့စည်းခြင်း၊ စက်တင်ပုံနှိပ်ခြင်း၊ မြို့တွင်းနှင့် အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိခြင်း စသည်ဖြင့် သတင်းစာဖတ် ပရိသတ်တို့ထံသို့ သတင်းစာတစ်စောင် လက်ဝယ်ရောက်ရှိသည်အထိ အဆင့်ဆင့် လုပ်ဆောင်ကြရသည်။



အမြဲသက်ဝင်လှုပ်ရှားနေသည့် အယ်ဒီတာစားပွဲဝိုင်း၌ တိုက်ပိုင်သတင်းထောက်များပေးပို့သောသတင်းများ၊ အနယ်နယ်အရပ်ရပ်မှရရှိလာသောသတင်းများအား ပြင်ဆင်တည်းဖြတ်ဆောင်ရွက်လုပ်ကိုင်နေကြသည်ကို တွေ့ရစဉ်။

**သတင်းထောက်တစ်ဦး၏ နိစ္စဓူဝ လှုပ်ရှားမှုတစ်ခုကို ကြည့်ကြပါစို့။**

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် မိသားစုအရေးကိစ္စများကို အချိန်ရသမျှဆောင်ရွက်ကာ တစ်နေ့တာအတွက် အကောင်းဆုံးသတင်းတစ်ပုဒ်ကိုရရှိရန် သတင်းထောက်များ အစပျိုးဆောင်ရွက်ကြရပြီ ဖြစ်သည်။ သတင်းထောက်တစ်ဦး၏ လက်နက်ကိရိယာများဖြစ်သည့် ကင်မရာ၊ ရီကော်ဒါ၊ လက်ဆွဲကွန်ပျူတာ၊ မှတ်စုစာအုပ်တို့နှင့် ဘောပင်တို့ကို စစ်ဆေးအပြီး သတင်းထောက်များသည် မိမိတို့ကဏ္ဍအလိုက် သတင်းများကို ဖော်ထုတ်ကြရန် ပြင်ဆင်ကြရပြီ။ ရုံးရောက်သည်နှင့် တစ်နေ့တာအတွက် များပြားလှသော ဖိတ်စာများနှင့် ကဏ္ဍအလိုက် အယ်ဒီတာများ၏ စေခိုင်းချက်များသည် သတင်းထောက်တို့အတွက် တစ်နေ့တာ စိန်ခေါ်မှုများ စတင်သည်။ အချိန်နှင့် တစ်ပြေးညီ သတင်းထူးရရှိရေးအတွက် သတင်းဖြစ်ရာအရပ်သို့ အလျင်မြန်ဆုံး ရောက်



သတင်းစာဖတ်ပရိသတ်များ အချိန်မီဖတ်ရှုနိုင်ရန်အတွက် တာဝန်ရှိသူများကြိုးကြပ်မှုဖြင့် သတင်းစာပုံနှိပ်နေသောလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရှိသွားတတ်သူမှာလည်း သတင်းထောက်များပင်ဖြစ်သည်။ ရာသီအလိုက်၊ အခြေအနေအလိုက်၊ နေ့စွဲအလိုက် အလွှာပေါင်းစုံမှ လူတန်းစားအသီးသီးတို့နှင့် တွေ့ဆုံမေးမြန်းခြင်းအလုပ်ကို လုပ်ဆောင်ကြခြင်းဖြင့် တစ်နေ့တာသည် အချိန်ကုန်မြန်လှသည်။ နေ့စဉ်ထွက်ရှိနေသည့် သတင်းစာတိုက်ကြီးဖြစ်သဖြင့် စာဖတ်သူတို့ တစ်မနက်စာ သတင်းဖတ်ရှုနိုင်ရန်အတွက် နေ့ညမဟူ ပိတ်ရက်မရှိ လှုပ်ရှားကြရသည်။

သတင်းထောက်များက ယခုကဲ့သို့ သတင်းရယူရေးသားနိုင်ရန်အတွက် အယ်ဒီတာများ၏ ကဏ္ဍသည်လည်း အလွန်အရေးကြီးသည်။ နံနက်မိုးလင်းသည်နှင့် ယမန်နေ့ကရလဒ်ကို စောင့်ကြည်ကာ ဝမ်းသာလျှင်လည်း ထိပ်ဆုံးက၊ အဆင်မပြေလျှင်လည်း ထိပ်ဆုံးက ရင်ဆိုင်ရသူများဖြစ်သည်။ ပြည်သူများအတွက် သတင်းထူးများရရှိရေး၊ နောက်ဆက်တွဲသတင်းများ ပါရှိရေး၊ အမှားအယွင်းကင်းစင်ရေး၊ သတင်းများ ဘက်မလိုက်မျှတရေး၊ သတင်းစာကျင့်ဝတ်နှင့် ညီညွတ်မှုရှိစေရေး၊ လူအများစိတ်ဝင်စားသည့် အသွင်အပြင်ဖြင့် အရည်အသွေးပြည့်မီရေး၊ မိမိသတင်းစာ၏မူဝါဒနှင့် ကိုက်ညီရေးတို့အတွက် နေ့စဉ်နှင့်အမျှ အချိန်ပြည့်လုပ်ကိုင်ကြရသူများဖြစ်သည်။ သတင်းအချက်အလက်မှန်ကန်ရေးနှင့် ပိုမိုရုပ်လုံးပေါ်လာရေးအတွက် တည်းဖြတ်ပြင်ဆင်ပေးသည့် လုပ်ငန်းကိုလည်း လုပ်ဆောင်ကြရသဖြင့် သတင်းထောက်များ သတင်းမလိုက်မီကပင် ကြိုတင်ကာ အချက်အလက်စုဆောင်းရေးနှင့် ညွှန်ကြားမှုများကို ပြုလုပ်နေကြရသည်။ သတင်းထောက်များ အဆက်မပြတ်ပေးပို့သည့် သတင်းများကို တည်းဖြတ်ကာ ဒီဇိုင်းပညာရှင်များနှင့်ပေါင်းစပ်၍ စာမျက်နှာဖွဲ့စည်းမှုကို တစ်နေ့တာကာလပတ်လုံး ဆောင်ရွက်ကြရသည်။ ထွက်ပေါ်လာသည့် သတင်းစာမျက်နှာများကိုလည်း အမှားအယွင်းစိစစ်ခြင်း၊ မူဝါဒစိစစ်ခြင်း၊ အကြောင်းအရာ ဝေဖန်ပိုင်းခြားခြင်းနှင့် မရှင်းလင်းသည့်အချက်အလက်များကိုလည်း သတင်းထောက်များနှင့် ချိတ်ဆက် ဖြည့်ဆည်းကြရသကဲ့သို့ သတင်းလက်ဦးမှု ရရှိရေးအတွက် သတင်းထောက်များထံ ဆက်သွယ်မှုများဖြင့် သူတို့၏ တစ်နေ့တာသည် သတင်းစာမျက်နှာများကြားဝယ်သာ အချိန်ကုန်ကြရသည်။

အမြို့မြို့အနယ်နယ်မှ သတင်းထောက်များ ပေးပို့သည့် သတင်းများကို အယ်ဒီတာများက ရွေးချယ်တည်းဖြတ်မှုအပြီးတွင် ကွန်ပျူတာစာစီများ၏ တာဝန်ကဏ္ဍသို့ ရောက်လာသည်။ လက်ရေးဖြင့် လည်းကောင်း၊ ဓာတ်ပုံဖြင့် ရိုက်ကူး၍လည်းကောင်း၊ ကွန်ပျူတာစာလုံးဖောင့်အမျိုးမျိုးဖြင့်လည်းကောင်း ရေးသားပေးပို့လာသည့် သတင်းများကို မိမိတို့သတင်းစာက သုံးစွဲမည့် ကွန်ပျူတာစာလုံးများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် စာစီခြင်းများပြုလုပ်ပြီး စာပြင်များထံသို့ တင်ပြကြရသည်။ တစ်နေ့တာကာလပတ်လုံး သတင်းသမားများ ပေးပို့လာသည့်စာမူများကို အီးမေးလ်ဌာန၊ ဖက်စ်သတင်းဌာနတို့မှ လက်ခံစာရိုက်ကြရသည်။ စာစီများနည်းတူ ဓာတ်ပုံဒီဇိုင်နာများကလည်း အနယ်နယ်အရပ်ရပ်မှ ပေးပို့လာသည့် သတင်းဓာတ်ပုံများကို ပိုမိုသရုပ်ပေါ်လာစေရန် တည်းဖြတ်ပြုပြင်ပေးကြရသည်။ တစ်နေ့တာကာလပတ်လုံး သတင်းစာတိုက်တို့ရှိ ကွန်ပျူတာများသည် အစဉ်သဖြင့်သာ ဖွင့်လျက်သားပင်ဖြစ်သည်။

သတင်းများ၏ စာလုံးပေါင်းသတ်ပုံနှင့် မြန်မာသဒ္ဒါမှန်ကန်မှုရှိစေရေးတို့ကိုမူ စာပြင်ဆရာများက ဆောင်ရွက်ကြရသည်။ စာပြင်တို့သည် သတင်းစာတိုက်၏ အမာခံနောက်တန်း သမားများအဖြစ် အယ်ဒီတာများနည်းတူ တာဝန်ယူကြရသည်။ အယ်ဒီတာရွေးချယ်ထားသော စာမူများတွင် စာလုံးပေါင်းနှင့် သဒ္ဒါမှန်ကန်မှုရှိစေရန် ပြင်ဆင်ပေးကြရသည့်အပြင် စာမျက်နှာများ ထွက်ရှိလာပြီးပါကလည်း မှားယွင်းမှုမရှိစေရေး ပြန်လည်စိစစ်ကြရသည်။ သတင်းစာမျက်နှာအလိုက် အယ်ဒီတာများ၊ တာဝန်ခံအယ်ဒီတာနှင့် အယ်ဒီတာချုပ်၏ ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း ကွန်ပျူတာတွင် ပြင်ဆင်ပြီးစီးမှု ရှိ မရှိ စိစစ်ကြရသဖြင့် သတင်းရွေးချယ်ပြီးချိန်မှ သတင်းစာရိုက်နှိပ်ရန် အဆင်သင့်ဖြစ်သည်အထိ တာဝန်ယူစိစစ်ပေးကြသူများလည်းဖြစ်ရာ စာပြင်ဆရာတို့ စားပွဲများသည် နေ့ဆိုင်း၊ ညဆိုင်း တာဝန်ကျသူများဖြင့် အစဉ်စည်ကားနေရစမြဲပင်ဖြစ်သည်။

သတင်းမည်မျှပင် ကောင်းသော်လည်း လှပပြီး ဖတ်ချင့်စဖွယ်မရှိသည့် စာမျက်နှာအသွင်အပြင်သည် စာဖတ်ပရိသတ်များကို များစွာငြီးငွေ့စေခြင်းကြောင့် စာမျက်နှာဒီဇိုင်းသမားများသည်လည်း အလွန်တာဝန်ကြီးသူများ ဖြစ်သည်။ စာမျက်နှာအလိုက် ကဏ္ဍအလိုက် ဖတ်ရှုချင့်စဖွယ် ပြင်ဆင်ရုပ်လုံးဖော်မှုကို အယ်ဒီတာများနှင့်အတူ ဆောင်ရွက်ပေးကြရသူများဖြစ်ကြပြီး အယ်ဒီတာ သို့မဟုတ် တာဝန်ခံအယ်ဒီတာများ၊ အယ်ဒီတာချုပ်များက ပြင်ဆင်မှုအတွက် စာမျက်နှာအချော မပြီးစီးမီအထိ အချိန်ပြည့် တာဝန်ရှိသူများလည်း ဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသည့် သတင်းစာများမှာ အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးတံတားအနေဖြင့် ပြည်သူ့ဗဟိုပြုအနေဖြင့် တင်ဆက်ပေးနေသကဲ့သို့ နိုင်ငံပိုင်သတင်းစာအနေအထားဖြင့်လည်း တင်ဆက်နေကြရသည်။ နိုင်ငံတော်အစိုးရ၏ ပြည်သူအတွက် ဆောင်ရွက်ချက်များ၊ ရည်မှန်းချက်များ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်ချက်များနှင့် ပြည်သူလူထုအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် နည်းဥပဒေများ၊ ဥပဒေမူကြမ်းများ စသည်တို့ကိုလည်း အခါအားလျော်စွာအမှားအယွင်းမရှိ တင်ဆက်ပေးနေရသည့် တာဝန်ရှိခြင်းကြောင့် ညပိုင်းတာဝန်ခံများသည် နံနက်ထုတ်မည့်သတင်းစာအတွက် လိုအပ်သည့် အသိပေးချက်များပါဝင်မှု ရှိ မရှိ စိစစ်ခြင်းနှင့် အစိုးရ၏ သတင်းထုတ်ပြန်မှုအချက်အလက်နှင့် ဓာတ်ပုံများ မှန်ကန်မှုရှိသော်လည်း စိစစ်ကြရသည်။ အချိန်မရွေးပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် အရေးပေါ်စက်ရပ်သတင်းများအတွက် သတင်းစာပုံမနှိပ်မီကာလပတ်လုံး အသင့်အနေအထားဖြင့် ဆောင်ရွက်နေကြရသူများဖြစ်သည်။

စာမျက်နှာပေါင်း ၃၂ မျက်နှာနှင့် အချပ်ပို စာမျက်နှာများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပြီးချိန်တွင် အကြိုပုံနှိပ်လုပ်ငန်းမှ လုပ်သားများ၏ အခန်းကဏ္ဍစတင်လာပြီဖြစ်ပြီး ခန့်မှန်းခြေ သန်းခေါင်ကာလပင် ရောက်လုပြီဖြစ်သည်။ ကွန်ပျူတာမှထုတ်သည့် ပလိတ် (CTP) ကို ပုံနှိပ်စက်ကြီးပေါ်တွင်တင်ကာ ပုံနှိပ်စက်ကြီး၏ လည်ပတ်သံ စတင်ထွက်ပေါ်လာချိန်တွင် လှူတစ်ဖက်မကသည့် သတင်းစာစက္ကူလိပ်ကြီးများနှင့် ဆူညံစွာ လည်ပတ်နေသည့် ပုံနှိပ်စက်ကြီးကြားတွင် ပုံနှိပ်ဝန်ထမ်းများက ဝါယမစိုက်ကာ အများပြည်သူများ အချိန်မီ သတင်းစာဖတ်ရှုနိုင်ရန် သတင်းစာပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး စောင့်ကြည့်ခြင်းများကို ညလုံးပေါက် ပြုလုပ်နေကြရသည်။

*စာမျက်နှာ ၁၁ သို့*



ပုံနှိပ်စက်မှ ထွက်လာသော သတင်းစာများကို တွေ့ရစဉ်။

# သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**လှိုင်ကော် မတ် ၂၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော သီရိမင်္ဂလာတောင်တော် (တောင်ကွဲ) စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော် လောင်းလှူပွဲကို မတ် ၂၃ ရက် ညနေ ၃ နာရီက စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၄ ကျောင်းမှ ပင့်သံဃာအပါး ၁၄၀၀ နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်မှ ဆရာကြီး ဆရာလေး အပါး ၂၀၀ တို့အား ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဦးဆောင်၍ ဌာနဆိုင်ရာအသီးသီးမှ စေတနာရှင် အလှူရှင်များ၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ စေတနာရှင် အလှူရှင်များ လာရောက်လောင်းလှူခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**



# မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်များအား သွားရောက်စစ်ဆေး

**တောင်ပြိုလက်ဝဲ မတ် ၂၄**

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အတွင်းရှိ နယ်နိမိတ်နယ်ခြား မှတ်တိုင်များ လက်ရှိတည်ရှိမှု အခြေအနေများကို တောင်ပြိုလက်ဝဲမြို့အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအပါအဝင် ကော်မတီအဖွဲ့နှစ်ဖွဲ့ခွဲ၍ ကုန်းတွင်းနယ်နိမိတ် မှတ်တိုင် ၃၁ (၁)မှ ၃၉ (၂)အထိ တစ်ဖွဲ့နှင့် ရေနယ်နိမိတ်မှတ်တိုင် M-11 မှ M-16 အထိ တစ်ဖွဲ့ စုစုပေါင်း နှစ်ဖွဲ့ဖြင့် သွားရောက် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

၎င်းစိစစ်ရေးအဖွဲ့များအား လုံခြုံရေးအဖြစ် မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်အဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက လုံခြုံရေးနှင့် စိစစ်မှုများ အောင်မြင်စေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

**နောက်တန်း**- မျိုးကိုထွန်း၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ **အလယ်တန်း**- ရန်အောင်ကျော်၊ ရဲကိုဦး၊ ကြည်လင်း၊ မောင်မောင်လွင်၊ **ရှေ့တန်း**- အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ကာ လူငယ်ကစားသမားအများစု ပါဝင်လာသည်။ ပွဲအစတွင် မြန်မာအသင်း ကစားပုံကောင်းခဲ့ပြီး စင်ကာပူဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ကာ ကျော်ကိုကို၊ အောင်သူတို့ အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာ မြန်မာအသင်းအမှားကို စောင့်၍ ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၂၆ မိနစ်တွင် ဂိုးရရှိခဲ့သည်။ နိုင်ရှူနီဇမ်၏ ကန်သွင်းချက် ပြန်လျှံထွက်လာသည်ကို အသင်းခေါင်းဆောင် အစ္စဟတ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်း မြန်မာအသင်းကစားကွက်တည်မရဖြစ်ခဲ့ပြီး လက်ကျန်မိနစ်များတွင် စင်ကာပူအသင်း ပွဲကိုထိန်းချုပ်သွားသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက နန္ဒကျော် အစား ဟိန်းသီဟဇော်၊ မောင်မောင်လွင်အစား ဆောင်လမန်တို့ကို ထည့်သွင်းကစားခဲ့ရာ ကစားအား သိသိသာသာ တက်လာပြီး စင်ကာပူဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ၆၅ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး လူစားဝင်ကစားသမား ဆောင်လမန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် မြန်မာအသင်း တရစပ် ဖိအားပေးနိုင်ခဲ့ပြီး ၇၂ မိနစ်တွင် ကျော်ကိုကို အပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၈၆ မိနစ်တွင် မြန်မာအသင်း မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ဖာဇာရူလ်က စင်ကာပူအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ နည်းပြသစ် ဂဲတ်ဖရိုင်းဒရစ် လက်ထက်တွင် နိုင်ပွဲမရသေးဘဲ ရှုံးပွဲဆက်ခဲ့သည်။ ယခုပွဲကို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်အများအပြား လာရောက်အားပေးခဲ့သည်။

*စာမျက်နှာ ၁၀ မှ*

နံနက်လင်းအားကြီးချိန် အရည်အသွေးကောင်းမွန်သည့် သတင်းစာများ စက်မှကျသည်နှင့် ဖြန့်ချိရေးဝန်ထမ်းများ အဆင်သင့်ပြင်ကြပြီဖြစ်သည်။ အမြို့မြို့အနယ်နယ်သို့ သတင်းစာများ အချိန်မီဆောလျင်စွာရောက်ရှိနိုင်စေရေးနှင့် စာဖတ်ပရိသတ်များ နံနက်လင်းသည်နှင့် သတင်းစာဖတ်ရှုနိုင်ရေးအတွက်မူ ဖြန့်ချိရေးဝန်ထမ်းများက တာဝန်ယူကြရသည်။ သတင်းစာပို့ကားများသည် သတင်းစာတိုက်များမှ တရွေ့ရွေ့ထွက်ခွာကာ မြို့အသီးသီးမှသည် ကျေးလက်အထိ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်းတို့မှ လည်းကောင်း၊ ကုန်းလမ်းများနှင့် ရထားတို့ဖြင့်လည်းကောင်း သတင်းစာများ ပို့ဆောင်ကြချိန်တွင် နံနက်ခင်းနေရောင်သည် သတင်းစာလိပ်များထံသို့ ဖြာကျစပြုနေပြီဖြစ်သည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းတစ်ခုဖြစ်ပြီး နှစ်ပေါင်း ၁၀၂ နှစ်ကျော်သက်တမ်းရှိသည့် တစ်ခုတည်းသော သက်တော်ရှည်အထင်ကရ သတင်းစာကြီးဖြစ်သည့် မြန်မာ့အလင်းသတင်းစာကို လည်းကောင်း၊ မြို့ပြပြည်သူတို့ တစ်ခဲနက်အားပေးကြပြီး မြန်မာနိုင်ငံရှိ သတင်းစာများအားလုံးတွင် ကြော်ငြာအများဆုံးနှင့် စောင်ရေအများဆုံးဖြစ်သည့် ကြေးမုံသတင်းစာကိုလည်းကောင်း၊ Joint Venture အဖြစ် ဖက်စပ်ထုတ်ဝေနေသည့် Global New Light of Myanmar အင်္ဂလိပ်သတင်းစာကို လည်းကောင်း နေ့စဉ်ပိတ်ရက်မရှိ ထုတ်ဝေလျက်ရှိသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (News and Periodical Enterprise -NPE) အဖြစ် (၁၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီးသည့် မတိုင်ခင်နှစ်များဆီကလည်း သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းဟူ၍ အမည်များဖြင့် ပြည်သူများအတွက် သတင်းပြန်ကြားပေးနိုင်ရန် သတင်းစာထုတ်ဝေလာခဲ့သည်။

သတင်းစာလုပ်ငန်းသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံအတွင်း သမ္မတဦးသိန်းစိန် အစိုးရတာဝန်ယူခဲ့သည့် ကာလတစ်လျှောက် ပုဂ္ဂလိကသတင်းစာကဏ္ဍကို ထုတ်ဝေခွင့်ပြုပေးခဲ့ရာ နေ့စဉ်ထုတ်သတင်းစာများ ပေါ်ထွက်လာခဲ့သည်။ သတင်းစာပညာ ကျွမ်းကျင်သူများသည် ပုဂ္ဂလိကအခြေခံလစာငွေကျပ် နှစ်သိန်းမှ ငွေကျပ်သိန်း ဆယ်ဂဏန်းအထိ ရရှိနေချိန်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းသတင်းစာကျွမ်းကျင်သူများမှာ အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူသာ ရရှိခဲ့သော်လည်း မိမိတတ်ကျွမ်းသည့် သတင်းစာပညာနှင့် နိုင်ငံ့နှင့် ပြည်သူအပေါ် အကျိုးပြုနေကြသည်။ ပြောင်းလဲလာသည့် မူဝါဒနှင့်အညီ သတင်းစာ အရည်အသွေးမြင့်မားရေး၊ သတင်းအရည်အသွေးမြင့်မားရေး၊ သတင်းစာကျင့်ဝတ်များနှင့်အညီဖြစ်ရေး အပေါ် လေးစားလိုက်နာခြင်းတို့ဖြင့် ပြည်သူဗဟိုပြုသတင်းများ ပိုမိုတင်ဆက်နိုင်ရေးတို့ ကြိုးစားကာ ပြောင်းလဲလုပ်ဆောင်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အချက်အလက်များအရ တစ်စောင်လျှင် ငွေကျပ် ၅၀ ခန့်ဖြင့် ထုတ်လုပ်ဖြန့်ချိပေးနေသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်မှ သတင်းစာများသည် နိုင်ငံ့ဘဏ္ဍာအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်တင်းပေးနေသည်။

ယခုထက်ပိုမိုကာ အယ်ဒီတာမူဝါဒများနှင့် စာနယ်ဇင်း အတတ်ပညာအဆင့်အတန်းများ ထွန်းကားလာစေပြီး ယခုထက်ပိုမို၍ ကောင်းမွန်သည့် တင်ဆက်မှုများ ရရှိနိုင်ရန်အတွက် ပြည်တွင်း ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း နိုင်ငံတကာမီဒီယာများနှင့် ပြည်တွင်းသတင်းစာပညာ သင်တန်းကျောင်းအချို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် မီဒီယာဗဟုဝါဒ ထွန်းကားစေရေးအတွက် ကြိုးစားနေချိန်တွင် စီးပွားရေးအရ ထုတ်ဝေနေသည့် သတင်းစာများအလယ်တွင် အစိုးရနှင့်ပြည်သူအကြား ကြားခံပေါင်းကူးရပ်တည်ကာ ပြည်သူများ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကိုလည်း ကြိုးစားဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။



**ပုံနှိပ်ပြီးသော သတင်းစာများအား ဖြန့်ဝေရန်အတွက် ဖြန့်ချိရေးဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**

ထို့ပြင် နေ့စဉ်လည်ပတ်နေကြရသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကြီးတွင် ဝန်ထမ်းပေါင်း ၂၀၀၀ နီးပါး ခန့်အပ်ထားပြီး သတင်းထောက်များ၊ အယ်ဒီတာများ (စာတည်းများ)မှ အစပြုကာ ကွန်ပျူတာကျွမ်းကျင်သူများ၊ စာပြင်ဆရာများ၊ ပုံနှိပ်ကျွမ်းကျင်သူများ၊ ဖြန့်ချိသူများ စသည်ဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲကာ တာဝန်အသီးသီးရယူဆောင်ရွက်နေခြင်းဖြင့် နေ့စဉ်ထွက်ရှိနေသည့် သတင်းစာတို့ကို အားဖြည့်ထားသည်။ ထိုဝန်ထမ်းများအပြင် သတင်းစာလက်ပွေ့ရောင်းချသူများ၊ သတင်းစာကိုယ်စားလှယ်များနှင့် သတင်းစာပို့ဆောင်ရေးကိုယ်စားလှယ်များ အားလုံးသည် မိမိတို့သတင်းစာတိုက်ကိုပင် အမှီပြုကာ အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။

လက်ရှိအစိုးရလက်ထက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နှစ်အလိုက်အမြတ်ရရှိမှုကို လေ့လာကြည့်သည့်အခါ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမြတ်ငွေကျပ်သန်း ၆၃၀၀ ကျော် ရရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမြတ်ငွေကျပ်သန်း ၆၉၀၀ ကျော်ရရှိခဲ့ရာမှ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေများအပြင် အသားတင်အမြတ်ငွေကျပ်သန်း ၃၈၀၀ ကျော်ရရှိခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း အသားတင် အမြတ်ငွေကျပ်သန်း ၃၅၀၀ ကျော်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသားတင်အမြတ်ငွေကျပ်သန်း ၁၂၀၀ ကျော် ကျန်ရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ဝင်ငွေခွန်ကျပ်သန်း ၉၇၀ ကျော်နှင့် နိုင်ငံတော်ထည့်ဝင်ငွေ ကျပ်သန်း ၇၇၆ သန်းအပြင် အသားတင် အမြတ်ငွေကျပ်သန်း ၁၀၀၀ ကျော်ရရှိမည်ဟု ခန့်မှန်းထားသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ ကြေညာချက်များကို ယခုနှစ်တစ်နှစ်စာအတွက် လက်မပေါင်း ၂၈၇၃၈ လက်မကို အခမဲ့ ထည့်သွင်းဖော်ပြခဲ့ပြီး စီးပွားရေးနှုန်းထားဖြင့် တွက်ချက်ပါက ကျပ်သန်း ၅၀၀ နီးပါးကို အခမဲ့ဖော်ပြပေးနိုင်ခဲ့သည်။

နိုင်ငံ၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် နိုင်ငံရေးရာကိစ္စရပ်များ၊ ပြည်သူတို့၏ နေ့စဉ်လူမှုဘဝများ၊ စီးပွားရေး၊ ကျန်းမာရေးအစရှိသည့် သတင်းများနှင့် ဗဟုသုတများကို တစ်နိုင်ငံလုံးရှိ စာဖတ်သူများထံ အချိန်နှင့်တစ်ပြေးညီ အရောက်ထုတ်ဝေနေသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ပြည်သူကို ကိုယ်စားပြုသည့် သတင်းတင်ဆက်မှုများ၊ သတင်းစာ အပြင်အဆင်များကို နေ့စဉ်နှင့်အမျှ ပြောင်းလဲကာ အဆင့်အတန်းမီစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

မိုးချုန်းသံကဲ့သို့ ဆူညံလှသည့် သတင်းစာပုံနှိပ်စက်များမှ ရောင်စုံသတင်းစာများကို တဝုန်းဝုန်းမြည်ကာ ရိုက်နှိပ်ပြီးချိန်တွင် နံနက်ခင်းရောင်နီက အားကောင်းလာပြီဖြစ်သည်။ သတင်းစာထုပ်များကို အစီအရီတင်ဆောင်ထားသည့် မော်တော်ယာဉ်များက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သတင်းစာတိုက်များနှင့် မုံရွာ၊ မော်လမြိုင်၊ စစ်တွေ၊ ကလေး အစရှိသည့် ကိုယ်ပွားသတင်းစာတိုက်များဆီမှ ထွက်ခွာကာ အနယ်နယ်အရပ်ရပ်သို့ တစ်စောင်လျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ယနေ့အတွက် ဖြန့်ချိမှု စတင်လိုက်ပြီးသည်နှင့် မကြာမီမှာပင် နောက်တစ်နေ့အတွက် လုပ်ငန်းများ ပြန်လည်အစပြုရန် သတင်းနှင့်စာနယ်ဇင်း၏ ဝန်ထမ်းများလုပ်ငန်းစကြပေပြီ။ ။

**သတင်းစာလုပ်ငန်းသည် လူတစ်ဦးချင်း၏ ထူးချွန်ထက်မြက်မှုအပြင် အဖွဲ့လိုက်ပေါင်းစည်း လုပ်ဆောင်မှုများဖြင့် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းတာဝန်အလိုက် ဟန်ချက်ညီစွာ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် ရလဒ်ထွက်ပေါ်လာရသည့် လုပ်ငန်းတစ်ခုဖြစ်**

# ကျောက်သယ်သည့်ယာဉ် လမ်းလယ်ကွန်ကရစ်တုံးများနှင့် ရပ်ထားသည့်ယာဉ်ကို ဝင်တိုက်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် ကမ်းနားလမ်းပေါ်၌ မတ် ၂၃ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က လမ်းခင်းကျောက်သယ်သည့် ယာဉ်က လမ်းလယ်ရှိ ကွန်ကရစ်တုံးများကို တိုက်ပြီး လမ်းဘေး၌ ရပ်ထားသည့် အငှားယာဉ်ကို ထပ်မံဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကမ်းနားလမ်းအတိုင်း သီရိမင်္ဂလာဈေးဟောင်းဘက်မှ ဗားကရာလမ်းဘက်ဆီသို့ လမ်းခင်းကျောက်များ တင်ဆောင်လာပြီး ယာဉ်မောင်း သီဟကျော် (၃၈ နှစ်) မောင်းနှင်လာသည့် ဖောကား 6G/---- ယာဉ်သည် ထီးတန်းစက်မြေရပ်ကွက်ရှေ့ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တန်(၃၆၀) ဆန်ဖြူချောစက် စက်ရုံဝင်းရှေ့အရောက် စက်ချွတ်ယွင်းကာ လမ်းလယ်ရှိ ကွန်ကရစ်တုံးများကို တိုက်ပြီး လမ်း၏ ဘယ်ဘက်တွင် ရပ်ထားသော အငှားယာဉ် DD/---- ကို အရှိန်ပြင်းစွာဖြင့် ဆက်လက်ဝင်ရောက်တိုက်မိခဲ့သည်။



ယာဉ်တိုက်မှုကြောင့် အငှားယာဉ်မှာ နောက်ပိုင်းတစ်ခုလုံး ပျက်စီးသွားပြီး ကျောက်သယ်ယာဉ်မှာ ရှေ့ပိုင်းအနည်းငယ် ပျက်စီးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ရွှေတိုင်သား**

# အရှိန်မထိန်းနိုင်သည့်ယာဉ် တိမ်းမှောက်သဖြင့် နှစ်ဦးသေဆုံး

**တပ်ကုန်း မတ် ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ် တပ်ကုန်း - ကြီးအင်းကျေးရွာသွားမြေသားလမ်းပေါ်တွင် မတ် ၂၄ ရက် နံနက် ၈ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်သဖြင့် ခရီးသည်နှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြီးအင်းကျေးရွာမှ တပ်ကုန်းမြို့သို့ ယာဉ်မောင်း လှမျိုးဇော် မောင်းနှင်လာသည့် ဆ/---- ဂျီအမ်စီ ခြောက်ဘီးယာဉ်သည် အလယ်ကျွန်းကျေးရွာအနီး တောင်ပေါ်လမ်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ကမ်းပါးယံကို တိုက်မိပြီး တိမ်းမှောက်သွားသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ဒေါ်ကြည်ကြည်မာ (၃၈ နှစ်)နှင့် ဒေါ်နု(၅၀ နှစ်) ကြီးအင်းကျေးရွာနေသူတို့ သေဆုံးသွားပြီး ကြီးအင်းကျေးရွာမှ အမျိုးသား ငါးဦး၊ အမျိုးသမီးငါးဦးတို့ ဒဏ်ရာများရရှိကြသည်။ ဒဏ်ရာရရှိသူများကို မေတ္တာရိပ် လူမှုကူညီရေးအသင်းမှ ယာဉ်များဖြင့် ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင် ကုသလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်း လှမျိုးဇော်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**တင်ထွန်းတာ**

# မြို့သစ်မြို့၌ တရားမဝင် ပိုင်ရှင်မဲ့ သစ်များ သိမ်းဆည်းရမိ

**တမူး မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် သစ်တောဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်မင်းနှင့် သစ်တောဝန်ထမ်းများ၊ မြို့သစ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်း၊ မြို့သစ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မြတ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက မြို့သစ်မြို့၏ အရှေ့မြောက်ဘက်တွင် တရားမဝင်သစ်များ ခုတ်လှဲနေကြောင်း သတင်းအရ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ အရှေ့ဘက်တောအတွင်း၌ တရားမဝင်စုပုံထားသည့် ကျွန်းသစ် ၅၇ လုံး ၁၂ ဒသမ ၃၉၄ တန်၊ တိုင်ခြောက်လုံး ၀ ဒသမ ၈၂၈ တန် တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး မြို့သစ်မြို့ သစ်တောဘိနယ်ရုံး၌ အပ်နှံထားကြောင်း သိရသည်။

**ချင်းတွင်းသား**



# ငါးထောင်တန်ငွေစက္ကူအတုနှင့် ဆက်စပ်ပစ္စည်းများ မြစ်ကြီးနား၌ သိမ်းဆည်းရမိ

**မြစ်ကြီးနား မတ် ၂၄**

မြစ်ကြီးနားမြို့ သစ္စာတည်းခိုခန်း၌ ညအိပ်တည်းခိုပြီး ငါးထောင်တန် ငွေစက္ကူအတုပြုလုပ်သူတစ်ဦးကို မတ် ၂၂ ရက်က ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မိုးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ငါးထောင်တန် ငွေစက္ကူအတုများ ပြုလုပ်နေကြောင်း သတင်းအရ မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် အသိသက်သေများ သစ္စာတည်းခိုခန်းသို့ ဝင်ရောက်ပြီး ဦးရဲမင်းအား စစ်ဆေးရာ ၄င်းဝတ်ဆင်ထားသည့် မိုးကာအင်္ကျီအတွင်းမှ ကည-၄၃၂၃၃၂၆ နံပါတ်တူသည့် ငါးထောင်တန် ငွေစက္ကူအတု သုံးရွက်၊ ရှပ်အင်္ကျီအိတ်ကပ်အတွင်းမှ ငါးထောင်တန် ငွေစက္ကူအတု လေးရွက်၊ တည်းခိုခန်းခ ပေးချေထားသည့် ငါးထောင်တန် ငွေစက္ကူအတု နှစ်ရွက် စုစုပေါင်း ကိုးရွက်ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဦးရဲမင်း၏ ထွက်ဆိုချက်အရ မြစ်ကြီးနားမြို့ အနော်ရထာလမ်းမကြီးနှင့် စည်ပင်သာယာလမ်းထောင့်ရှိ မနောဖြူ အထည်နှင့် ဖိနပ်ဆိုင်ဖွင့်လှစ်ထားသည့် အငှားနေအိမ် ဆိုင်ခန်းသို့ သွားရောက်ရှာဖွေရာ ငွေစက္ကူအတုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ငွေစက္ကူအတုများ ပြုလုပ်သုံးစွဲခဲ့သူ ဦးရဲမင်း(၂၄ နှစ်) မြစ်ကြီးနားမြို့ ဧရာရပ်ကွက်နေသူကို မြစ်ကြီးနားမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**


# Fashion Euphoria ၏ အထူးဈေးရောင်းပွဲ
# 20% to 80%

Fashion Euphoria ၏ အထူးဈေးရောင်းပွဲကို ၂၆-၃-၂၀၁၆ ရက်မှ ၂၈-၃-၂၀၁၆ ရက်အထိ အမှန်အကန်အံ့ဩဖွယ် ရောင်းချပေးမည်ဖြစ်ပါသည်။ စိတ်ကြိုက်ဝယ်ယူအားပေးနိုင်ပါကြောင်းနှင့် ဝယ်ယူအားပေးကြသော ဧည့်ပရိသတ်အပေါင်း ကျေနပ်နှစ်သက်နိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အချိန်** - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၄၂**

## CLAIMS DAY NOTIC
## M.V TRANS FUTURE 5 VOY:NO(423)

Consignees of cargo carried by M.V TRANS FUTURE 5 VOY:NO(423) are here by notified that the vessel will arrive on about 28-3-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ဝန်ထမ်းအမြန်အလိုရှိသည်
(မြန်မာကျပ်ငွေဖြင့်ခန့်ရန်)

Project Manager (၂) ဦး (ကျား/မ)

B.E(Chem)ဘွဲ့ရ၊ Environmental လုပ်ငန်းအတွေ့အကြုံရှိသူ၊ English 4 Skill ကျွမ်းကျင်၊ ဓာတ်ခွဲခန်းအတွေ့အကြုံရှိသူ၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

**ဆက်သွယ်ရန်** - **Ph,No-01-571694, 01-564547**

**Myanmar Water Engineering & Products Co.,Ltd.**

## မြေကွက်အမြန်ရောင်းမည်

ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ ရာဇဓိရာဇ်(၂)လမ်း၊ ကိုယ်ပိုင်ဂရန်အမည်ပေါက် ပေ(၄၀×၆၀) သင့်တင့်သောဈေးဖြင့် ရောင်းမည်။

**ဖုန်း-၀၉-၅၀၈၁၆၆၀**

## အမည်ပြောင်း

ပခုက္ကူမြို့၊ (၁၃)ရပ်ကွက်၊ ပြည်တော်သာလမ်းသွယ်နေ ဦးဘိုဘိုဝမ်း၏သား အလက(၃)၊ အဋ္ဌမတန်း(A)မှ မောင်ကိုးကိုးအား မောင်ကောင်းမြတ်သာဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်သာ**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၂၅-၃-၂၀၁၆(သောကြာနေ့)

**နံနက်ပိုင်း**

၆ း ၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
၈ း ၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၉ း ၃၅ - အနုပညာသတင်း အစီအစဉ်
၁၀ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၄ း ၁၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂)
၁၄ း ၄၅ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရန်နိုင်အောင်နှင့်ဖျံသွေး)

**ညပိုင်း**

၁၅ း ၃၅ - **၂၀၁၆ ခုနှစ် မတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ** (ဦးလှထွန်း၊ အိတ္တာမင်းမင်း)
၁၇ း ၃၅ - Hyper Sport
၁၈ း ၃၅ - The Farmer
၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၃၀)
၂၀ း ၀၀ - ပြည်တွင်းသတင်း
၂၀ း ၃၅ - Climate Change in Myanmar
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၁၆)
- ချစ်သောဤကမ္ဘာမြေ
- သမိုင်းကိုဖော်ပြသော ဝါကျများ(လူ့ရှင်တော်ကြီး ဦးတိမ်ညိုနှင့်တွေ့ဆုံခြင်း)

**မှတ်ချက်။ ။ နာရီစဉ် တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ အောင်ကျော်နိုင်နှင့် နီလာဝင်း တံခွန်စိုက်ဆုဆွတ်ခူး

**ရန်ကုန် မတ် ၂၄**

မြန်မာ့တင်းနစ် အားကစား အဆင့်အတန်း တိုးတက်အောင်မြင်လာစေရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကျင်းပသည့် ၂၀၁၆ ခုနှစ် အမျိုးသားတံခွန်စိုက် (National Championship) တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင်က တင်မျိုးဝေကို ၆-၄၊ ၆-၄ ဖြင့် အောင်ကျော်နိုင်က ပထမ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် နီလာဝင်းက သန္တာအောင်ကို ၆-၀၊ ၆-၃ ဖြင့် နီလာဝင်းက ပထမတံခွန်စိုက်ဆု ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသား၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်း၊ အလွတ်တန်း နှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲ၊ အမျိုးသား ၃၅၊ ၄၅၊ ၅၅ နှစ်နှင့်အထက် တစ်ဦးချင်း၊ အမျိုးသား ၆၀ နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ပူးတွဲရရှိကြသူများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**



**အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် နီလာဝင်း ယှဉ်ပြိုင်နေစဉ်။**

# မန္တလေး မင်္ဂလာဈေးရှိ မီးဘေးသင့်ဆိုင်ခန်းများအတွက် ယာယီဈေးအမြန်ဆုံးဖွင့်ရန် စီစဉ်

မန္တလေး မတ် ၂၄

**မန္တလေးမြို့၌ မတ် ၂၂ ရက်က မီးလောင်ခဲ့သည့် မင်္ဂလာဈေးရှိ ဆိုင်ခန်းများအတွက် ယာယီဈေးဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။**




**မန္တလေးမြို့ မင်္ဂလာဈေး မီးလောင်မှုဖြစ်ပွားပြီးနောက် ဆိုင်ခန်းပိုင်ရှင်အချို့ ကျန်ရှိပစ္စည်းများ ရွှေ့ပြောင်းသယ်ယူနေစဉ်။**

"မီးလောင်ပြီး နောက်တစ်နေ့ မတ် ၂၃ ရက်ကစပြီး ၂၈ ရက်အထိ အထည်ဆိုင်ခန်းတွေက ပစ္စည်းတွေကို သယ်ယူနိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ ဒါ့အပြင် ယာယီဈေးဖွင့်ဖို့အတွက် နေရာ နှစ်နေရာကို ရွေးချယ်တင်ပြထားပါတယ်။ မကြာမီရက်ပိုင်းမှာ သင့်တော်တဲ့ နေရာတစ်ခုကို သတ်မှတ်ဖွင့်လှစ်ဖို့ ခွင့်ပြုသွားမှာဖြစ်ပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းနှင့် လမ်း ၃၀ ရှိ မင်္ဂလာဈေးတွင် မတ် ၂၂ ရက် ညနေ ၅ နာရီခွဲခန့် ဈေးပိတ်ပြီးချိန်မှစ၍ လေးနာရီကြာ မီးလောင်ခဲ့မှုကြောင့် ဆိုင်ခန်း စုစုပေါင်း ၅၅၀ အနက် အထည်တကျ ဆိုင်ခန်းပေါင်း ၃၂၁ ခန်းနှင့် ပံ့ကျဆိုင် ၄၃ ဆိုင် မီးလောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၀၅၄၆ ဒသမ ၆၀ ခန့်ဖြစ်ကြောင်း မြို့တော်စည်ပင်မှ မတ် ၂၃ ရက် မွန်းလွဲပိုင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဆုံးရှုံးမှုများမှာ မြေညီထပ် ငွေကျပ်သိန်း ၂၉ ဒသမ ၈၀၊ ပထမထပ် ငွေကျပ်သိန်း ၅၃၃၄ ဒသမ ၀၀၊ ဒုတိယထပ် ငွေကျပ်သိန်း ၂၇ ဒသမ ၇၅၊ တတိယထပ် ငွေကျပ်သိန်း ၁၄၈ ဒသမ ၀၀ အပြင် လျှပ်စစ်နှင့် ပတ်သက်သည့် ဆုံးရှုံးမှုတန်ဖိုးမှာ ၇ ဒသမ ၈၅ သိန်းတို့တွင် စုစုပေါင်း ငွေကျပ်သိန်း ၅၅၄၇ ဒသမ ၆၀ နှင့် မီးလောင်ပျက်စီးသည့် ပစ္စည်းဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၅၀၀၀ ခန့်ဖြစ်ရာ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၀၅၄၆ ဒသမ ၆၀ ခန့်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်အား စုံစမ်းနေဆဲဖြစ်ပြီး အမှတ်(၃)နယ်မြေ ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## မြိုင်ဆရာတော် နှစ်ဦးအကြိုတရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် မတ် ၂၅ ရက်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သူရလမ်း၊ ဓမ္မသဘင်၊ ၂၆ ရက်တွင် တောင်ကြီးမြို့၊ အေးမြကရဏာအသင်းဓမ္မသဘင်၊ ၂၈ ရက်တွင် ကျောက်တန်းမြို့၊ ကမာကလုပ်စံပြရွာအလှူဓမ္မသဘင်၊ ၂၉ ရက်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ခနသိဒ္ဓိလမ်းဓမ္မသဘင်၊ ဧပြီ ၁ ရက်တွင် ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မသဘင်၊ ၂ ရက်တွင် ရှမ်းပြည်နယ်၊ လွိုင်လင်မြို့ ဓမ္မသဘင်၊ ၄ ရက်တွင် မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ကျောင်းလမ်းဓမ္မသဘင် ၅ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူလမ်းဓမ္မသဘင်၊ ၆ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ခနောင်ရွာ ဓမ္မသဘင်၊ ၇ရက်တွင် သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ဇမ္ဗူသီရိ၇လမ်း ဓမ္မသဘင်နှင့် ၉ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စလင်းကြီးမြို့ ရွှေကွန်းရွာ အလှူဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပါမည်။ **အကျိုးတော်ဆောင်အဖွဲ့**

**မြိုင်မဟာစည်ရိပ်သာ**
**တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀**

**GOLDEN STAR ခရီးသွားလုပ်ငန်း**
- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်

တိုတယ် စီစဉ်ပေးသည်။

Ph: 209200, 544383, 430480, 705968, 703448

### အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ကေသွယ်ခိုင်(ဘ)ဦးခင်မြ ၁၂/ဒလန(နိုင်)၀၃၄၅၄၉နှင့်ဦးကိုကိုမောင် (ဘ) ဦးစိုးမြင့်၁၂/ဥကမ(နိုင်)၀၇၀၅၁၉တို့သည် ပေါင်းသင်းနေထိုင်ခဲ့စဉ် ကာလအတွင်း ဦးကိုကိုမောင်သည် ကျွန်မနှင့်တကွမိသားစုအပေါ်၌ အိမ်ထောင်တာဝန် မကျေပွန်ခဲ့သည့်အပြင် မည်သို့မျှ ခွင့်မလွှတ်နိုင်သော လူမှုရေးဖောက်ပြန်မှုကို အကြိမ်ကြိမ် ကျူးလွန်ခဲ့သောကြောင့် ကျွန်မနှင့်ဦးကိုကိုမောင်တို့သည် နှစ်ဦးသဘောတူ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ၂၅-၉-၂၀၁၅ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါ၍ နောက်နောင်တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းကိစ္စနှင့်မျှ ပတ်သက်ဆက်စပ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်ခိုင် ၁၂/ဒလန(နိုင်)၀၃၄၅၄၉**

### (ပွဲစားမလို)

တောင်ဒဂုံစက်မှုဇုန် ၁ စက်ရုံဂိုဒေါင် ငှားမည်။

**ဖုန်း-၀၉-၅၁၇၉၀၈၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရန်လင်းထွန်းမင်း(ဘ) ဦးတင်မောင် ၁၂/မဘန(နိုင်)၀၈၆၁၀၂၏ နိုင်ငံကူးလက်မှတ်စာအုပ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၄၀၇၄၁**

"DOOSAN"
ရောင်းရန် ရှိသည်
အသစ်နီးပါးကဲ့သို့ကောင်းသော
"DOOSAN Excavator-DX225LCA"
(၁၀) စီး ရောင်းရန်ရှိသည်။
စုံစမ်းရန် - ၀၉ ၂၆၁၉၀၁၂၀၂

### အမြန်ပြန်လာပါ



ကျွန်တော် ဦးမောင်ဇော် ၁၄/ပတန(နိုင်)၂၃၇၆၄၄၏သား မောင်ခန့်မျိုးအောင်သည် ၂၅-၂-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ အမှတ် ၅၅-၅၇ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဖုန်း-၀၉-၄၅၀၀၁၉၉၀၇**



## အယ်နီညိုရာသီဥတုတွင် အပူချိန်မြင့်မားမှု ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**အောင်လံ မတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်း အယ်နီညို အပူချိန်မြင့်မားမှု ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့် ဦးဆောင်သော ဌာနဆိုင်ရာကော်မတီဝင် ၂၅ ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းပြီး ပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိရာ မြို့နယ်အတွင်းရှိ လက်မြောင်၊ ပြကြီး၊ သံဘိုကြီး၊ စီရွာနှင့် ဆင်တုတ်ကျေးရွာအုပ်စုများ၌ ဟောပြောပွဲများကို မတ် ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတိုးကြည်တို့က သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်မှုမရှိစေရေး၊ တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အပူဒဏ်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြပြီး အပူဒဏ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

ပူးပေါင်းအဖွဲ့အနေဖြင့် အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကို ကွင်းဆင်းပြုလုပ်လျက်ရှိရာ မတ် ၂၁ ရက်အထိ မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာပေါင်း ၂၄၂ ရွာအထိ ကွင်းဆင်းဟောပြောခဲ့ပြီးဖြစ်ကြောင်း၊ လက်ကမ်းစာစောင်ရွက်ရေ ၅၅၀၀၀ ကိုလည်း ဝေငှပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

## ရေနံလုပ်ငန်း အဆောက်အအုံများတည်ဆောက်ရာတွင် ပါဝင်သော မြေယာနှင့်သီးနှံများအတွက် တောင်သူများအား နစ်နာကြေးပေး

**ပေါက် မတ် ၂၄**

မကွေးကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် လက်ပံတိုရေနံမြေ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများ၊ အဆောက်အအုံများနှင့် လမ်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပါဝင်သွားသည့် စိုက်ပျိုးမြေများ၏ ပိုင်ရှင်တောင်သူများအား မြေယာနှင့်သီးနှံ နစ်နာကြေးပေးအပ်ပွဲကို ပေါက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ မတ် ၂၂ ရက်က ပြုလုပ်ခဲ့သည်။

နစ်နာကြေးပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ လက်ပံတိုရေနံမြေမှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး တောင်သူ ၂၆ ဦးအား မြေ ၁၁ ဒသမ ၁၁ ဧကအတွက် လျော်ကြေးငွေ ၄၆၄၃၀၂၂၀ ကျပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

## အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပွားနိုင်သော သဘာဝဘေးကာကွယ်ရေး ပညာပေးဟောပြော

**ကော့သောင်း မတ် ၂၄**

အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးရွာနေ ပြည်သူများအား အယ်နီညိုရာသီဥတုအကြောင်းနှင့် သဘာဝဘေးများ ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးဌာန၏ အသိပေးနှိုးဆော်ချက်များကို ဂရုပြုကာ လိုက်နာကျင့်သုံးနေထိုင်ကြရေး စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အယ်နီညိုရာသီဥတုနှင့် ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များနှင့် ဆက်စပ်၍ အသိပညာပေး နံရံကပ်စာစောင်များကို ဆက်လက်ပြသခဲ့ပြီး ဒေသခံပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

**ကျော်စိုး(ကော့သောင်း)**

## ပအိုဝ်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဘားအံ မတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမည ကျေးရွာရှိ သာမညသာယာဝတီကွင်း၌ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ကျင်းပသည့် ပအိုဝ်း အမျိုးသားနေ့ (၃၆)ကြိမ်မြောက် အခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပခဲ့သည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် သဘာပတိအဖြစ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်က ဆောင်ရွက်ပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် သဘာပတိတို့က အမှာစကားပြောကြားကာ ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်ဖတ်ကြားသည်။

ထို့နောက် ဂုဏ်ပြုခံ အထင်ကရ သက်ကြီး ပအိုဝ်းခေါင်းဆောင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ကြီး ပအိုဝ်းခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ပအိုဝ်းစာပေ ထူးချွန်ဆုရရှိသူများနှင့် ပအိုဝ်းတိုင်းရင်းသား စွမ်းဆောင်ရည်ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ပအိုဝ်းတိုင်းရင်းသားတာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ **စောမျိုးမင်းသိန်း(မြန်/ဆက်)**



## မြစ်အတွင်း သဲကျောက်တူးဖော်မှုကြောင့် ကမ်းပြိုကျမှုများဖြစ်နေသဖြင့် တာဝန်ရှိသူများမှ ကာကွယ်ပေးရန် ဒေသခံများလိုလားနေ

**ရေး မတ် ၂၄**

မွန်ပြည်နယ် ရေးမြို့ ရေးချောင်းတောင်ကျေးရွာဘေး မြစ်အတွင်း၌ စက်လှေကြီးများဖြင့် နေ့စဉ်နှင့်အမျှ သဲကျောက်စုပ်ယူသည့် လုပ်ငန်းလုပ်နေခြင်းများကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ လယ်မြေဧကအချို့မှာ မြစ်ကမ်းပါးပြိုကျမှုများနှင့် တွေ့ကြုံနေကြကြောင်း ဒေသခံလယ်သမားအချို့၏ ပြောကြားချက်များအရ သိရသည်။

မြစ်အတွင်း၌ စက်လှေများဖြင့် သဲကျောက်များ လာရောက်စုပ်ယူနေခြင်းကြောင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားလာသည့်အပြင် မြစ်ကမ်းဘေး တစ်လျှောက်ရှိ လယ်မြေများမှာ စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို မြစ်အတွင်းမှ ရေတင်ပေးနိုင်မှုမရှိသည့် အခက်အခဲဖြင့်လည်း ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ လိုအပ်သလို ဆောင်ရွက်ပေးရန် ဒေသခံလယ်ပိုင်ရှင်များက လိုလားနေကြကြောင်း လယ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးဆန်းအောင်က ပြောသည်။



အဆိုပါကွင်းကြီးတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် ရှေးဘိုးဘွားလက်ထက်ကတည်းကပင် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ကာ လက်ရှိအချိန်တွင် လယ်ဧကပေါင်း ၅၀ ကျော်ခန့်၊ လယ်ယာမြေပိုင်ရှင် ၁၀ ဦးခန့်ရှိနေပြီး အဆိုပါလယ်ပိုင်ရှင်များမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရသူများဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ရေရှားပါးနေသည့်ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ဗန်းမောက် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျွဲကောကုန်းကျေးရွာ၌ ရေရှားပါးပြတ်လပ်လာသဖြင့် ဗန်းမောက်မြို့နယ် မီးသတ်ဦးစီးဌာနက ဂါလန် ၈၀၀ ဆံ့ မီးသတ်ကားနှစ်စီးဖြင့် သောက်သုံးရေများကို မတ် ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျွဲကောကုန်းကျေးရွာသည် ဗန်းမောက်မြို့နှင့် တစ်မိုင်ခွဲခန့်ကွာဝေးကာ မဲဇာချောင်းနံဘေးတွင် တည်ရှိသောရွာဖြစ်သည်။ ယခင်က မဲဇာချောင်းရေကို စိုက်ပျိုးရန်နှင့် သောက်သုံးရန် အသုံးပြုနိုင်ခဲ့သော်လည်း ယခုအခါ မဲဇာချောင်းအတွင်း ရွှေတူးဖော်မှုများနှင့် စိမ့်စမ်းရေထွက်များရှိရာ တောတောင်များတွင် သစ်ပင်ကြီးများကို တရားမဝင် ခုတ်ယူခဲ့ခြင်းများကြောင့် ချောင်းရေနည်းလာပြီး သောက်သုံးရေအတွက် ကျေးရွာပိုင် လက်တူးတွင်းများကိုသာ အားထားနေရတော့ကြောင်း၊ လက်တူးတွင်းမှာ ခုနစ်တွင်းရှိရာမှ သုံးတွင်းကိုသာ အသုံးပြုနိုင်တော့သဖြင့် သောက်သုံးရေ ပြတ်လပ်ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ငွေအိုး(ကသာ)**



# အင်းလေးကန် စိမ်းလန်းစိုပြည်ရေး ရေဝေရေလဲဒေသများ ထိန်းသိမ်းပေး

ဆောင်းပါး-မြင့်မြတ်သစ္စာ
ဓာတ်ပုံ-ငွေမာန်

**မြန်မာပြည်၏ အဓိက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ လောပိတရေအားလျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်ဖြစ်သော အင်းလေးကန်သည် မြန်မာနိုင်ငံအတွက် အဓိကရေဒေသတစ်ခုဖြစ်သည်။ လွန်ခဲ့သောနှစ်များ၏ အပူချိန်ထက် မြန်မာပြည်တစ်ဝန်းတိုး၍ မြန်မာပြည်တွင်အကြီးဆုံးအိုင်ဖြစ်သော အင်းတော်ကြီးကန်နှင့် ဒုတိယအကြီးဆုံးဖြစ်သည့် အင်းလေးကန်တို့၏ သဘာဝဝန်းကျင် ဂေဟစနစ်မပျက်စီးစေရန်အတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိသည်။**

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင်အတွင်း နမ့်လတ်ချိုင့်ဝှမ်း(ညောင်ရွှေချိုင့်ဝှမ်း)၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး ထုံးကျောက်များအရည်ပျော်ရာမှ ဖြစ်ပေါ်လာသော ကျောက်ပျော်ကန် (Solution Lake)အမျိုးအစားဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်သန်းပေါင်း များစွာက ဖြစ်ပေါ်လာခဲ့သည်ဟု ဘူမိဗေဒပညာရှင်များက ခန့်မှန်းသုံးသပ်ထားသည့် သဘာဝရေကန်တစ်ခုလည်းဖြစ်သည်။ အင်းလေးကန်သည် တောင်၊ မြောက်သွယ်တန်းထားသော တောင်တန်းကြီးနှစ်ခု၏ အလယ်တွင်တည်ရှိပြီး အဆိုပါတောင်တန်းကြီးများသည်လည်း ထုံးကျောက်လွှာ(Lime Stone)ဧရိယာအတွင်း တည်ရှိသောတောင်တန်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ရေတိမ်ဒေသ (Wetland) များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေဝေရေလဲဧရိယာသည် ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဖယ်ခုံမြို့နယ်တို့နှင့် ထိစပ်လျက်ရှိနေသည်။ အင်းလေးကန်အတွင်း နေထိုင်သော တိုင်းရင်းသားတို့၏ ထူးခြားသည့် ရိုးရာဓလေ့များ၊ သာယာလှပသောသဘာဝအလှနှင့် ထူးခြားသော ပထဝီအသွင်အပြင်များ၊ ရှားပါးငှက်သတ္တဝါတို့နှင့် ဇီဝမျိုးစိတ်များက နှစ်စဉ် ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိနေပါသည်။

ကမ္ဘာကြီးပူနွေးလာမှုသည် လူသားတို့၏ ဘဝရပ်တည်ရှင်သန်မှုကို ခြိမ်းခြောက်နေပြီဖြစ်ရာ သဘာဝဝန်းကျင် တစ်စထက်တစ်စ ပျက်စီးလာမှုကိုဟန့်တားနိုင်ရန် ဝိုင်းဝန်းပူပေါင်း၍ အဖြေရှာ ဆောင်ရွက်မှုသည် ဟန်ချက်ညီမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ မြန်မာပြည်၏ အလှတစ်ပါးဖြစ်သည့် အင်းလေးကန်မှာ ရေဝင်ရောက်မှု နည်းပါးလာသည်။ ညောင်ရွှေမြို့မှ အင်းလေးကန်အထိ အသုံးပြုလျက်ရှိသော နမ့်လတ်ချောင်းရေလမ်းကြောင်းမှာ သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာပြီး ရေလမ်းကြောင်းသွားလာမှုကို အခက်အခဲကြုံခဲ့ရသည်။ အင်းလေးကန်သည် စံကားကန်၊ မိုးဗြဲကန်တို့နှင့် တောင်၊ မြောက်တစ်ဆက်တည်းရှိသည့်အတွက် ညောင်ရွှေမြို့မှ ဖယ်ခုံမြို့သို့ ရေကြောင်းမှလည်း သွားလာနိုင်သည်။ တောင်၊ မြောက် သွယ်တန်းနေသော ပေ ၅၀၀၀ မြင့်သည့်တောင်တန်းများတွင် သစ်တောများရှားပါးလာခြင်း၊ လူနေထိုင်မှုချဲ့ထွင်ခြင်းနှင့် တောင်ယာချဲ့ထွင်မှုများလာခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် နွေရာသီတွင် ရေလျော့နည်းလာလျက်ရှိသည်။ ရေဝေရေလဲဧရိယာတွင် နှစ်စဉ်မိုးရေချိန် လက်မ ၄၀ ဝန်းကျင်သာရှိပြီး ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၉ နှစ်အတွင်း အင်းလေးကန်တည်ရှိရာ ညောင်ရွှေမြို့နယ်တွင် မိုးရေချိန် လက်မ အနည်းဆုံး ၂၃ လက်မမှ အများဆုံး ၄၇ လက်မထိသာ ရွာသွန်း ခဲ့ကာ အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ဖြစ်၍ အနိမ့်ဆုံး အပူချိန်မှာ ၅ ဒီဂရီစင်တီဂရိတ်ခန့်သာ ရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် တွင် တောင်ကြီးမြို့၌ မိုးရေချိန် ၄၄ ဒသမ ၃၂ လက်မ ရရှိချိန်တွင် အင်းလေးကန်တည်ရှိရာ ညောင်ရွှေမြို့နယ်၌ ၃၅ ဒသမ ၂၅ လက်မသာ ရရှိသည့်အတွက် တောင်၊ မြောက်သွယ်တန်းနေသော တောင်တန်းများ စိမ်းလန်းစိုပြည်နေပါက တောင်ကြီးမြို့ထက် မိုးရေချိန်များမည်မှာ အမှန်ပင် ဖြစ်သည်။

အင်းလေးကန်ဝန်းကျင်ရှိ ရေဝေရေလဲဧရိယာများသည် လွင်ပြင်နည်းပါးပြီး တောင်ကုန်းတောင်စောင်းများသာဖြစ်၍ မြေအမျိုးအစားသည် ရေတိုက်စားလွယ်သော မြေနီ၊ မြေခေါင်းပွနှင့် ထုံးကျောက်၊ ယှေလကျောက်၊ ရွှံ့စေးမြေများ ပါဝင်လျက်ရှိနေပါသည်။ ယခင်က သစ်တောဖုံးလွှမ်းခဲ့သည့် တောင်များသည် တောင်ယာခုတ်ထွင်၍ ထွန်ယက်စိုက်ပျိုးခြင်းတို့ကြောင့် အပေါ်ယံမြေလွှာများ အချပ်လိုက်တိုက်စားခြင်း (Rill Erosion)နှင့် ကမ်းပါးပြိုတိုက်စားခြင်း(Gully Erosion)တို့ ဖြစ်ပေါ်လာကာ အချို့နေရာတို့တွင် ကျောက်တောင်၊ သဲတောင်မြေများ ဖြစ်ပေါ်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အင်းလေးကန်အတွင်းသို့ ချောင်းငယ်များအပါအဝင် အရှေ့ဘက်တောင်တန်းများမှချောင်း ၁၇ ချောင်း(ရေဆင်းဧရိယာ ၁၄၆ စတုရန်း မိုင်)၊ အနောက်ဘက်တောင်တန်းများမှ ချောင်း ၁၁ ချောင်း(ရေဆင်း ဧရိယာ ၇၄၈ စတုရန်းမိုင်)၊ မြောက်ဘက်မှ စီးဝင်သောချောင်း တစ်ချောင်း (ရေဆင်းဧရိယာ ၅၂၈ စတုရန်းမိုင်)စသည့် ချောင်း ၂၉ ချောင်းမှ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်တို့ စီးဝင်လျက်ရှိပြီး အရှေ့ဘက်တောင်ကြောမှာ ကန်နှင့်ကပ်လျက် တောင်၊ မြောက်အလျား လိုက် တည်ရှိသဖြင့် ရေဝေရေလဲဧရိယာကျဉ်းမြောင်းပြီး ချောင်းများ တိုတောင်းသည့်အတွက် ရေစီးဝင်အားနည်းပါးလာလျက်ရှိပါသည်။ မြောက်ဘက်မှ စီးဝင်သော နမ့်လတ်ချောင်း၊ အနောက်ဘက်မှစီးဝင်သော နယ်ခြားချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့သာ ရာသီမရွေး စီးဝင် ပြီး ကျန်သောချောင်းများမှာ မိုးရာသီကာလရောက်မှသာ ရေစီးဝင်လေ့ရှိ ပါသည်။ ဂြိုဟ်တုဓာတ်ပုံအရ ရေပယ်ချောင်း (နယ်ခြားချောင်း)၊ သန်းတောင် ချောင်း(ကလောချောင်း)နှင့် အင်းတိန် ချောင်း(အထက် ဘီလူးချောင်း)တို့စီးဝင်ရာ ဒေသများမှာ အင်းလေးကန်ရေပြင်ကို နုန်းအနည်အများဆုံး တိုးဝင်ဖုံးလွှမ်းနေကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

အင်းလေးကန်အတွင်းသို့ စီးဝင်သောချောင်း ၂၉ ချောင်းမှ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်သည် တစ်နှစ်လျှင် ပျမ်းမျှသဲနုန်းကျင်း သုံးသိန်း



မှ ငါးသိန်းအထိ ပို့ချလျက်ရှိကြောင်း ပညာရှင်အချို့က လေ့လာသုတေသနပြုခဲ့ပြီးဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ပျမ်းမျှ ကျင်း တစ်သိန်းခန့်သာ တူးဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အင်းလေးကန်သည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်တစ်ခုဖြစ်သည်နှင့်အညီ ၂၀၁၀ ပြည့်နှစ် မေလအတွင်း ထူးကဲစွာအပူချိန်မြင့်တက်လာခြင်းကြောင့် ကုန်းတွင်းရေကန်များ ရေခန်းခြောက်လာခြင်း၊ ရေလျော့နည်းလာခြင်းတို့ဖြစ်ပေါ်ခဲ့ရာ အင်းလေးကန်တွင်လည်း ရေပမာဏအနည်းဆုံးအနေအထားသို့ ရောက်ရှိခဲ့ပါသည်။ ကန်၏ရေပြင်အနေအထားသည် အနိမ့်ဆုံးသို့ဆိုးရွားစွာ ကျဆင်းခဲ့မှုကြောင့် နေရာဒေသအများစုမှာ အောက်ခံမြေသားများ ပေါ်လာသည်အထိ ကျဆင်းခဲ့သည့်နည်းတူ နေရာအချို့တွင် ဆက်သွယ်သွားလာရေးခက်ခဲမှုတို့နှင့် ကြုံတွေ့ခဲ့ရပါသည်။

အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်းရှိ သဘာဝတောတောင်များသည် ဒေသနှင့် အမြင့်ပေအလိုက် အမျိုးအစားကွဲပြားလျက်ရှိပြီး အမြင့်ပေ ၄၀၀၀ ပတ်ဝန်းကျင်တွင် ထင်းရှူးတောများ၊ အသင့်အတင့် မြင့်သော တောင်ကုန်းများတွင် တောင်ပေါ်ရွက်ပြတ်တောများနှင့် မြေနိမ့်ပိုင်းများတွင် အင်တိုင်းတောခြောက်များကို တွေ့မြင်ရသည်။

အဆိုပါဝန်းကျင်ရှိ သဘာဝတောများသည် ဓမ္မတာမျိုးဆက်မှု အခြေအနေ ကောင်းမွန်သော အကျိုးရလဒ်များရှိနေသည့်အတွက်ကြောင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းခြင်းဖြင့် သဘာဝတောတောင်များအဖြစ် ပြန်လည်စိမ်းလန်းစိုပြည်လာနိုင်မည်ဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနမှ အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ အင်းလေးကန်အား စူးစမ်းတိုင်းတာလေ့လာခြင်းလုပ်ငန်းအပါအဝင် နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များတည်ဆောက်ခြင်း၊ တည်ဆောက်ပြီး နုန်းထိန်းတမံများနှင့် နုန်းဖမ်းဆည်များကို ထိန်းသိမ်းခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ အဓိကရေလမ်းကြောင်းတစ်လျှောက် ရေလမ်းအမှတ်အသားနှင့် နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း၊ ရှင်းလင်းပြီး ကျွန်းမျောရိုင်းများကို စုစည်းထိန်းချုပ်ခြင်း၊ ကျွန်းမျော၊ ရေမှော်၊ ဗေဒါများရှင်းလင်းခြင်းနှင့် အင်းလေးကန် သာယာလှပစေရန် ဒေသခံတို့အား အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ နယ်ထိန်းတမံခြောက်ခုနှင့် နုန်းဖမ်း ဆည် ၁၅၅ ခုအထိ ဆောင်ရွက်ခဲ့ကာ သဲနုန်းကျင်းပေါင်း ၂၄၉၃ သိန်း ကျင်းတူးဖော်ခဲ့သည့်အတွက် ယခုလို အပူချိန်များသောနှစ်တွင် အင်းလေးကန်၏ ရေအနက်ဆုံးနေရာတွင် ခုနစ်ပေခန့်ထိ ရေကိုထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိအင်းလေးကန်၏ နယ်နိမိတ်ဧရိယာသည် ၆၃ စတုရန်းမိုင်ရှိပြီး အင်းရေပြင်၏ဧရိယာသည် ၂၄ စတုရန်းမိုင်၊ ကျွန်းမျောရိုင်းဧရိယာသည် ၁၃ စတုရန်းမိုင်၊ ကျွန်းမျောစိုက်ခင်းဧရိယာသည် ၁၅ စတုရန်းမိုင်၊ စိုက်ပျိုးမြေဧရိယာသည် ၅ စတုရန်းမိုင်နှင့် လူနေထိုင်သော ဧရိယာသည် ၃ စတုရန်းမိုင်ရှိပါသည်။ ပြန်လည်ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်းလေးကန်အတွက် လွန်ခဲ့သောနှစ် ၁၀၀ ခန့်က တူးဖော်ခဲ့ပြီး နုန်းများဖြင့်ပြည့်နေသော ကန်ထောင့်ကန်၊ နဒီကန်၊ သာစည်ကန်၊ ကန်တော်ကန်၊ ကန်နီကန်(လွယ်တန့်ကန်)၊ လွယ်မောကန်စသည့် နုန်းစစ်ကန်များအဖြစ် အသုံးပြုနိုင်ရန် အဆိုပါကန်များမှ သဲနုန်းများအား တူးဖော်ဖယ်ရှားခြင်း၊ အင်းလေးကန် အနောက်ဘက်ခြမ်းတွင် တည်ရှိသော ရေပယ်နုန်းထိန်းတမံနှင့် သနပ်ခါးနုန်းထိန်းတမံတို့မှ သဲနုန်းတို့အား တူးဖော်ဖယ်ရှားခြင်း၊ အင်းလေးကန်အတွင်းသို့ အဓိကစီးဝင်သော ချောင်းများအား စနစ်တကျပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ကန်အတွင်းသို့စီးဝင်သည့်ချောင်းများနှင့် ချောင်းလက်တက်တို့တွင် နုန်းဖမ်းဆည်များ အစဉ်လိုက်တည်ဆောက်ပေးခြင်းတို့ဖြင့် အင်းလေးကန် ရေရှည်တည်တံ့လှပလာကာ အာဆီယံ၏ အမွေအနှစ်ဉယျာဉ်(ASEAN Heritage Park)ကြီးမှ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သဘာဝအင်းလေးကန်သည်လည်း ပြန်လည်စိမ်းလန်းစိုပြည်လာပြီး သဘာဝအလှတို့ဖြင့် ပြည့်နှက်ကာ သာယာရှုမောဖွယ်ကောင်းသော အင်းလေးကန်အဖြစ် မြင်တွေ့နိုင်မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

**◆ အင်းလေးကန်သည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်တစ်ခု ဖြစ်သည်နှင့်အညီ ၂၀၁၀ ပြည့်နှစ် မေလအတွင်း ထူးကဲစွာ အပူချိန်မြင့်တက်လာခြင်းကြောင့် ကုန်းတွင်းရေကန်များ ရေခန်းခြောက်လာခြင်း၊ ရေလျော့နည်းလာခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အင်းလေးကန်တွင်လည်း ရေပမာဏ အနည်းဆုံးအနေအထားသို့ ရောက်ရှိခဲ့**

---

## ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေး

ပြည်ကြီးမဏ္ဍိုင် မတ် ၂၄- တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကူးစက်ရောဂါများကင်းဝေးရေးရည်ရွယ်ကာ ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲတစ်ရပ်ကို မတ် ၁၈ ရက်က နန်းတောင်ကျေးရွာနှင့် ထင်းမယ်ကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာနေပြည်သူများအား အယ်နီညိုရာသီဥတုသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်သတိပြုနေထိုင်ရမည့်နည်းလမ်းများ၊ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများနှင့် သတိပြုဆင်ခြင်နေထိုင်ရမည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးကြပြီး ပညာပေးလက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

# နိုင်ငံတကာဓာတ်ပုံပညာရှင်များပါဝင်သော Yangon Photo Night ပွဲတော်ပြပွဲ ပြိုင်ပွဲဆုပေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သစ်အနုပညာယဉ်ကျေးမှု ပန်းဥယျာဉ်ဝင်းတွင် Yangon Photo Night ပွဲတော်ကို ပြင်သစ်နိုင်ငံမှ ကမ္ဘာ့အဆင့်မီ ဓာတ်ပုံပညာရှင်ကြီးများ ကိုယ်တိုင်ပါဝင်၍ မြန်မာနိုင်ငံ ပရော်ဖက်ရှင်နယ်အဆင့်နှင့် မျိုးဆက်သစ်ဓာတ်ပုံ သတင်းထောက်များ၏ ရိုက်ကူးပုံဖော်ထားသော Photo Story များပါဝင်သည့် ပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲများအား မတ် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ဓာတ်ပုံပြခန်းများတွင် ကြည့်ရှုလေ့လာနေကြသူများ။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၁ ဦးတို့ ရိုက်ကူးထားသောမှတ်တမ်းတင်ဓာတ်ပုံများကို အလှဆင်ခင်းကျင်းပြသ၍လည်းကောင်း၊ ပရိုဂျက်တာပြစက်ဖြင့်လည်းကောင်း နိုင်ငံတကာဓာတ်ပုံပညာရှင်များက အကဲဖြတ်အမှတ်ပေး ရွေးချယ်ခဲ့ကြသည်ဟု (YPF)ကြီးကြပ်ကျင်းပရေး ကော်မတီမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပေါက်အင်းအတွင်း ငါးဝင်ရောက်မှုကောင်းသဖြင့် ရေလုပ်သားများအဆင်ပြေ

**မုံရွာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ပေါက်အင်းတွင် ယမန်နှစ်က ချင်းတွင်းမြစ်ရေ နှစ် ၅၀ အတွင်း စံချိန်တင် အမြင့်ဆုံးရေမြင့်တက်ခဲ့သဖြင့် အင်းအတွင်းသို့ ရေဝင်ရောက်မှုများပြားကာ သဘာဝငါးများလည်း ဝင်ရောက်မှုများခဲ့ကာ အင်းပိုင်ရှင်များသာမက ရေလုပ်သားများနှင့်တစ်ဆင့်ခံ ပြန်လည်ရောင်းချသောသူများလည်း အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အရင်နှစ်တွေက ထက်စာရင် ဒီနှစ်က မြစ်ရေဝင်ရောက်မှုကောင်းသလို ငါးဝင်ရောက်မှုလည်းကောင်းတဲ့အတွက် ငါးဖမ်းတဲ့ ရေလုပ်သားတွေ တစ်ဆင့်ခံပြန်ရောင်းတဲ့သူတွေလည်း အလုပ်အကိုင်ပိုပြီး အဆင်ပြေကြတယ်။ အင်းရာသီအစပိုင်းက ထွက်အားကောင်းတဲ့ အချိန်ကဆို တစ်ရက်ကို လိုက်ထရက်ကားသုံးစီးလောက်နဲ့ မန္တလေး၊ မုံရွာ၊ ပခုက္ကူဈေးကွက်ကို ငါးတွေတင်ပို့ပေးရတယ်။ ကျွန်တော်တို့အနေနဲ့ ငါးဖမ်းလုပ်ငန်းတင် မဟုတ်ဘဲ အင်းရာသီကုန်ရင် ငါးဖမ်းရာသီကုန်သွားပြီဆိုရင် ဒီအင်းထဲကို ငါးကြင်းရွှေဝါ၊ မြက်စား၊ ငါးကြင်းမျက်ဆန်နီ၊ ငါးသလောက်ယောက်ဖစတဲ့ ငါးမျိုးငါးသားပေါက်တွေ ပြန်ပြီးစိုက်ထည့်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေ ဆက်လက်လုပ်ကြရတော့ ငါးဖမ်းရာသီကုန်ပေမယ့်လည်း ရေလုပ်သားတွေအတွက် အလုပ်အကိုင် အဆင်ပြေစေပါတယ်"ဟု ပေါက်အင်းမှ အင်းသူကြီးက ပြောသည်။

အဆိုပါ ပေါက်အင်းအတွင်းမှ သဘာဝ ရေချိုမြစ်ငါးများဖြစ်သည့် ငါးဘတ်၊ ငါးဟင်းငံ၊ ငါးရံ့၊ ငါးဗျက်၊ ငါးခုံးမ၊ ငါးဖယ် စသည့်ငါးများ အများဆုံးထွက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**



# ကြုတ်-လှတ္တိ-ရိုးဖောင် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

**မင်းတပ် မတ် ၂၄**

မင်းတပ်မြို့နယ် တိုက်နယ်အမှတ်(၁၄)ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် ရွှေချင်းညီနောင်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်သည့် ကြုတ်-လှတ္တိ-ရိုးဖောင်ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက်က ကြုတ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ စည်ပင်ဝန်ကြီး ဦးနိန်နိုင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတမ်အွမ်နှင့် ဒေသခံဦးခွဲရိုင်တို့က အဆိုပါမြေသားလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၆ ခုနှစ်မတ်လ ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှစပြီး ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကော ကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်များကို ည ၂၃ နာရီအထိထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ်နံနက် ၆း၀၀ နာရီမှ ၈း၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀း၀၀ မှ မွန်းတည့် ၁၂း၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂း၀၀ နာရီမှ မွန်းလွဲ ၁၄း၀၀ နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄း၀၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၁၆း၀၀ နာရီမှ ည ၁၈း၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၁၈း၀၀ နာရီမှ ည ၁၉း၀၀ နာရီအထိ စကောကရင် ဘာသာအစီအစဉ်၊ ည ၁၉း၀၀ နာရီမှ ည ၂၀း၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၂၀း၀၀ နာရီမှ ည ၂၁း၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၂၁း၀၀ နာရီမှ ည ၂၂ း၀၀နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၂၂း ၀၀နာရီမှည ၂၃ း၀၀ နာရီအထိချင်း(ချိုး) ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သတင်းတိုများ

### ကဗျာသင်တန်းနှင့် ပန်းချီသင်တန်းများဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နွေရာသီတွင် ကဗျာသင်တန်းနှင့် ပန်းချီသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး ကျင်းပမည်ဖြစ်ပြီး နွေရာသီအားလပ်ချိန်တွင် ကျောင်းသားကျောင်းသူများအချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ ကဗျာပညာ၊ ပန်းချီပညာရပ်များနှင့် အခြေခံရရှိနိုင်ရေးတို့ကိုရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြတ်မွန်ထံမှ သိရသည်။ အဆိုပါသင်တန်းကို မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

### ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းလမ်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ထန်းတောကျေးရွာ ရွာအဝင်မြောက်ဘက်လမ်းအား မတ် ၂၁ ရက်က မြေသားလမ်းမှ ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှည်ပေ ၄၀၀၀ကျော်ကို မြေသားလမ်းမှ ကျောက်ခင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ထန်းတောကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးပညာသာရမှ ငွေကျပ် ၄၅၀၀၀၀ မတည်လှူဒါန်းမှုဖြင့် အခြားအလှူရှင်များက လှူဒါန်းငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၃၁၈၀၀၀၀ အကုန်အကျခံကာဆောင်ရွက်နေခြင်းဖြစ်ပြီး ကျေးရွာပြည်သူများ သွားလာရေးပိုမိုလွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအားစစ်ဆေး

**နမ့်ခမ်း မတ် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လျက် မီးဘေးလုံခြုံရေးအတွက် ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်လက်တွေ့သရုပ်ပြသခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁၄) ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်ကြီး ခြောက်ဆိုင်ကို ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးခဲ့ကြသည်။

ထိုကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိမှု ရှိမရှိ၊ ရေလုံလောက်စွာရရှိမှု ရှိ မရှိ၊ စက်သုံးဆီရောင်းချခွင့်နှင့် သိုလှောင်ခွင့် လိုင်စင်ပြည့်စုံမှု ရှိ မရှိတို့ကိုစစ်ဆေးပြီး စက်သုံးဆီလှယ်ရာတွင် လည်းကောင်း၊ ယာဉ်များဆီထည့်ရာတွင်လည်းကောင်း စနစ်တကျဆောင်ရွက်ရန်၊ ဆီအရောင်းဆိုင်တွင် နေ့ည အချိန်ပြည့် လုံခြုံရေးထားရှိရန် မီးလောင်မှုဖြစ်ပွားစေနိုင်သည့် လုပ်ဆောင်မှုများကို ရှောင်ရှားကြရန်နှင့် ဆောင်ရန် ရှောင်ရန်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)၊ ဓာတ်ပုံ-မီးသတ်တပ်ဖွဲ့**



# စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးပညာရှင်များအတွက် စိန်ခေါ်မှုများ

**ဒေါက်တာမျိုးကြွယ်**
**(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**

စိုက်ပျိုးရေးသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် စီးပွားရေးအရ အရေးပါသောကဏ္ဍမှ ပါဝင်နေပြီး နောင်အနာဂတ်တွင်လည်း လက်လွှတ်၍မရသေးဘဲ ဆက်လက်လုပ်ဆောင်ရဦးမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ နိုင်ငံတော်၏ ကွဲပြားလျက်ရှိသော ရေ၊ မြေ၊ ရာသီဥတု သဘာဝအရ အပူပိုင်း၊ သမပိုင်းသီးနှံ အမျိုးပေါင်း ၆၀ လောက် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး စပါးသီးနှံမှာ စုစုပေါင်း စိုက်ပျိုးမြေဧရိယာ၏ ၅၀ ရာခိုင်နှုန်း ကျော်ကျော်တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက် ရှိနေပါသည်။

(MOAI, Myanmar Agriculture in Brief, ၂၀၁၅) အရ စိုက်ပျိုးရေးကဏ္ဍကြီးမှ နိုင်ငံတော်စုစုပေါင်း အသားတင်ထုတ်ကုန် (GDP) ၏ ၂၂ ဒသမ ၁ ရာခိုင်နှုန်း၊ နိုင်ငံခြားဝင်ငွေစုစုပေါင်း (Export Earnings) ၏ ၂၀ ရာခိုင်နှုန်း၊ အလုပ်လုပ်ကိုင်သူစုစုပေါင်း၏ (Labor Force) ၆၁ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ပတ်သက်နေပါသည်။

အဆင့်မြင့်စိုက်ပျိုးရေးပညာများ သင်ကြားပေး၍ သုတေသနပြုလုပ်နေသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဘာသာရပ် (Subject) အလိုက်၊ ဘာသာခွဲ (Specialization)အလိုက် ခွဲခြမ်းစိတ်ဖြာ ကြည့်ရအောင်ပါ။ နိုင်ငံအများစုမှာ ဘက်စုံလွှမ်းခြုံမှုကို သင်ပေးသော တက္ကသိုလ်များ (Comprehensive Universities) ဖြစ်ပြီး တက္ကသိုလ်တိုင်းတွင် မဟာဌာန(Faculty) သို့မဟုတ် ကောလိပ်(College)များဖြင့် ဖွဲ့စည်းပါသည်။ နိုင်ငံတကာတွင် စိုက်ပျိုးရေးပညာ သင်ကြားပေးလျက်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ မဟာဌာနများကို အောက်ပါအတိုင်းတွေ့ရပါမည်။

**နိုင်ငံတကာနှင့် အာရှတိုက်ဒေသတွင်း စိုက်ပျိုးရေးတက္ကသိုလ်များအရေအတွက်**

| စဉ် | နိုင်ငံ | စိုက်ပျိုးရေးမဟာဌာန/ စိုက်ပျိုးရေးကောလိပ်(အရေအတွက်) | မှတ်ချက် |
|---|---|---|---|
| ၁ | အီဂျစ် | ၁၅ | |
| ၂ | နိုင်ဂျီးရီးယား | ၁၉ | |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၉ | အစိုးရ |
| | ဘင်္ဂလားဒေ့ရှ် | ၆ | ပုဂ္ဂလိက |
| ၄ | တရုတ် | ၂၃ | |
| ၅ | အိန္ဒိယ | ၇၄ | |
| ၆ | အင်ဒိုနီးရှား | ၃ | |
| ၇ | ဂျပန် | ၄၃ | အစိုးရ |
| | ဂျပန် | ၀၄ | ပုဂ္ဂလိက |
| ၈ | မလေးရှား | ၈ | |
| ၉ | ဖိလစ်ပိုင် | ၁၉ | |
| ၁၀ | ထိုင်း | ၁၃ | အစိုးရ |
| | ထိုင်း | ၂ | ပုဂ္ဂလိက |
| ၁၁ | ဗီယက်နမ် | ၉ | |
| ၁၂ | မြန်မာ | ၂ | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် *မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် |

*** မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဘာသာကို သင်ကြားပါသည်။ (ရင်းမြစ်-Wikipedia)**

အရှေ့တောင်အာရှနိုင်ငံများမှ ဖိလစ်ပိုင်နိုင်ငံရှိ စိုက်ပျိုးရေးဆိုင်ရာ သင်ကြားပေးသော တက္ကသိုလ် ၁၉ ခု၌ (College of Agriculture) စိုက်ပျိုးရေးကောလိပ်အောက် လယ်ယာသီးနှံစိုက်ပျိုးရေးဌာန (Department of Agronomy)တွင် ပါမောက္ခတစ်ဦးရှိသည်ထားဦးတော့။ ဖိလစ်ပိုင်တစ်နိုင်ငံလုံးတွင် ၁၉ ဦးရှိပါလိမ့်မည်။ လယ်ယာသီးနှံ ဘာသာရပ်၏ ဘာသာခွဲများအလိုက် Sustainable Agriculture, Farming System, Crop Planning and Management, Agricultural Extension and Rural Sociology, Seed Technology, Postharvest Technology, Weed Science, Pasture Science, Agro-meteorology စသည်ဖြင့် သူ၏ အထူးပြုဘာသာရပ်များအလိုက် သင်ကြားရေးနှင့် သုတေသနများကို ပြုလုပ်ပါလိမ့်မည်။ သူ၏ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်၊ မဟာဌာနများတွင် မဟာသိပ္ပံ၊ ပါရဂူကျောင်းသား ကျောင်းသူများကို လေ့ကျင့်မွေးထုတ်သုတေသနပြုနေပါလိမ့်မည်။

ကျွန်တော်တို့နိုင်ငံတွင်မူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဥပမာ-လယ်ယာသီးနှံဌာန ပါမောက္ခမှာ တစ်နိုင်ငံလုံးတွင် တစ်ဦးတည်းသာရှိပြီး ဘွဲ့ကြို၊ ဘွဲ့လွန် ကြီးကြပ်သင်ကြားမှုကို တွဲဖက်ပါမောက္ခ၊ ဝါရင့်ကထိက လေးယောက်၊ ငါးယောက်လောက်နှင့် ကြီးကြပ်ကွပ်ကဲ နေရပါသည်။ စုစုပေါင်း ဆရာ ဆရာမ အရေအတွက်၊ ဘွဲ့ကြိုကျောင်းသားကျောင်းသူ၊ တက်ရောက်လို၍ လျှောက်ထားသူများ ဦးရေ ၃၀၀၀ ခန့်ရှိသော်လည်း သင်ကြားပေးနိုင်သော ဆရာ ဆရာမ၊ စာသင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ကျောင်းဆောင်အရေအတွက် မလုံလောက်၍ တက္ကသိုလ်တစ်ခုလုံးတွင် တစ်နှစ်လျှင် ၅၀၀ ဦးထက်ပို၍ လက်မခံနိုင်ပါ။ ထို့အတူ ဘွဲ့လွန်၊ မဟာသိပ္ပံ၊ ပါရဂူတက်ရောက်လိုသူ ကျောင်းသား ကျောင်းသူများပြားသော်လည်း ဌာနတစ်ခုတွင် နှစ်စဉ် ငါးဦးမှ ၁၀ဦးထက် ပို၍လက်မခံနိုင်ပါ။

စိုက်ပျိုးရေးနိုင်ငံဖြစ်သော ကျွန်တော်တို့မြန်မာနိုင်ငံတွင် အခြားနိုင်ငံများကဲ့သို့ (သို့မဟုတ်) မြန်မာနိုင်ငံရှိ အခြား တက္ကသိုလ်များကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်များစွာရှိပြီး တက္ကသိုလ်အလိုက် ပါမောက္ခများစွာက ကျွမ်းကျင်သူများစွာ မွေးထုတ်ပေးနိုင်ပါက တိုင်းပြည်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် များစွာအထောက်အကူပြုလိမ့်မည် ဖြစ်ပါသည်။ ။

# ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ပုလဲ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အုန်းမွှန်းတောကျေးရွာနေ အိမ်ထောင်စုများအတွက် သောက်သုံးရေများကို မတ် ၂၀ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အုန်းမွှန်းတောကျေးရွာ ယာယီရေသိုလှောင်ကန်သို့ သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်က "အုန်းမွှန်းတောကျေးရွာမှာ သောက်သုံးရေ ပြတ်လပ်နေကြောင်း သိရှိရတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးတို့နဲ့အတူသွားရောက်ခဲ့ပြီး ကျေးရွာနေ အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၃၃၈ ဦးအတွက် ရေဂါလန် ၄၅၀၀ ကို ကားသုံးစီးနဲ့ ဖြန့်ဝေပေးခဲ့ပါတယ်။ အဲဒီကျေးရွာမှာ လက်တူးတွင်း သုံးတွင်းရှိပါတယ်။ ရေတွင်းတစ်တွင်းရဲ့ တစ်ရက် ရေထွက်နှုန်းက ရေဂါလန် ၂၅၀၀ ထွက်ရှိပါတယ်။

သုံးတွင်းဆိုတော့ တစ်ရက်ရေဂါလန် ၇၅၀၀ ထွက်ရှိပါတယ်။ ကျေးရွာအတွက် သောက်သုံးရေလိုအပ်ချက်က ရေဂါလန် ၆၇၆၀ ဖြစ်ပါတယ်။ ကျေးရွာမှာရှိတဲ့ ရေတွင်းသုံးတွင်းရဲ့ တစ်ရက်ရေထွက်နှုန်းက ရေဂါလန် ၇၅၀၀ ဖြစ်တဲ့အတွက် ယခုနှစ် နွေရာသီမှာတော့ ရေပြတ်လပ်မှု မဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိခဲ့ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း ကျေးရွာများ၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်ကလည်း ရေပြတ်လပ်နိုင်ချေရှိသော ပြင်လှိုင်းကျေးရွာသို့ ကွင်းဆင်း၍ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နွေရာသီတွင် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ သယ်ယူဖြန့်ဝေပေးနိုင်ရေး စီစဉ်ထားကာ ကျေးရွာနေပြည်သူများအနေဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# သူငယ်တန်းပြ ဆရာ ဆရာမများ နည်းပြသင်တန်း ကျိုင်းတုံမြို့၌ ဖွင့်လှစ်

**ကျိုင်းတုံ မတ် ၂၄**

သူငယ်တန်းပညာရေး(KG)အတွက် သူငယ်တန်းပြ ဆရာ ဆရာမများကို လေ့ကျင့်သင်တန်းပေးရေး ပြည်နယ်အဆင့် နည်းပြသင်တန်းကို ကျိုင်းတုံမြို့ အထက(၂)ကျောင်း သံလွင်ခန်းမ၌ မတ် ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနုက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

သူငယ်တန်းပညာရေးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းနေစကလေးများ ကျောင်းမှာပျော်အောင်၊ အများနှင့် ချစ်ခင်စွာနေထိုင်တတ်အောင် လေ့ကျင့်ပေးမည့်အတန်းဖြစ်ကြောင်း၊ အလွတ်ကျက်မှတ်ခိုင်းခြင်းမျိုးမဟုတ်ဘဲ ကလေးများ၏ စဉ်းစားတွေးခေါ်မှု ရှင်သန်အောင် အစပျိုးပေးမည့်ပုံစံဖြစ်ကြောင်း၊ မြန်မာ၊ အင်္ဂလိပ် အက္ခရာများ၊ သင်္ချာအခြေခံနှင့် ပုံဆွဲခြင်း စသည်တို့ကို သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများဖြင့်သင်ကြားရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများတွင် သူငယ်တန်းပညာရေးစနစ် ကျင့်သုံးလျက်ရှိကြောင်း သင်တန်းနည်းပြဆရာမတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ စုစုပေါင်း ၂၀၄ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကို ဧပြီ ၇ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# အယ်နီညိုရာသီဥတုနှင့် အပူရှိန်မြင့်မားမှု ကြိုတင်ကာကွယ်ရေး ဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့မရဲစခန်းရဲရိပ်သာ၌ အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်မားမှု အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မတ် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးမြင့်ထွန်းနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အယ်နီညိုရာသီဥတုအကြောင်း၊ အပူလှိုင်းများကို ခန္ဓာကိုယ်မှ တုံ့ပြန်နိုင်မှုအခြေအနေနှင့် အပူလှိုင်းကျရောက်စဉ် ဖြစ်ပေါ်နိုင်သည့် လက္ခဏာများ၊ အပူလှိုင်းဒဏ် ကြိုတင်ကာကွယ်နည်းများ၊ သတိပြုရမည့်အချက်များကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(၀၈၅)

# နိုင်ငံတကာခြေစမ်းပွဲမှာ ဂျာမနီနှင့်အင်္ဂလန်၊ နယ်သာလန်နှင့်ပြင်သစ်တို့ တွေ့မည်

မိုးမြင့်လင်းလက်

**ယူရိုအကြို နိုင်ငံတကာအသင်းတွေရဲ့ ခြေစမ်းပွဲတွေကို မတ် ၂၆ ရက်မှာ ဆက်တိုက်ဆင်နွှဲဖို့ ရှိနေပါတယ်။ ကမ္ဘာ့ဘောလုံးအင်အားကြီးအသင်းတွေ ပါဝင်ကစားနေတဲ့ နိုင်ငံတကာခြေစမ်းပွဲတွေမှာ အသင်းလိုက်ကစားအား၊ ကစားသမားကောင်းတွေ ပါဝင်မှု၊ လူငယ်ကစားသမား ထည့်သွင်းဖွဲ့စည်းမှုနဲ့ နည်းစနစ်တွေအပါအဝင် ဗျူဟာအခင်းအကျင်းတွေ အားပြိုင်ကြမယ့်ပွဲဖြစ်တာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက်တော့ တစ်သင်းချင်းစီ အကဲဖြတ်ခွင့်ရကြဦးမှာ ဖြစ်ပါတယ်။**



### နယ်သာလန်နှင့်ပြင်သစ်

နှစ်သင်းစလုံး ကစားသမားလူငယ် လူသစ်တွေနဲ့ ဝါရင့်ကစားသမားတွေ ပေါင်းစပ်ဖွဲ့စည်းထားပါတယ်။ နယ်သာလန်အသင်းရဲ့ လောလောဆယ် နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ကာဇက်စတန်နဲ့ ဝေလအသင်းကိုသာ နိုင်ပွဲရထားပြီး ကျန်အသင်းတွေဖြစ်တဲ့ ချက်၊ တူရကီ၊ အိုက်စလန်တို့ကို ရှုံးထားပါတယ်။ ပြင်သစ်တို့ကတော့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်က အင်္ဂလန်ကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဂျာမနီ၊ ဒိန်းမတ်၊ အာမေးနီးယားနဲ့ ဆားဘီးယားတို့ နိုင်ပွဲရခဲ့တာမို့ ခြေစွမ်းကောင်းမွန်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှု သုံးပွဲကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ အသင်းလိုက်ကစားအားကောင်းမွန်ပြီး စုဖွဲ့မှုပဟန်ချက်ညီနေတဲ့ပြင်သစ်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ဂျာမနီနှင့်အင်္ဂလန်

အစဉ်အလာအရ ပြိုင်ဘက်ကောင်းနှစ်သင်းတွေ့ဆုံတဲ့ ပွဲပါပဲ။ ဂျာမနီတို့က ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားပေမယ့် ပွဲရလဒ်တွေကတော့ အားရစရာ မရှိသေးပါဘူး။ ဂျာမနီရဲ့လောလောဆယ် နောက်ဆုံးငါးပွဲကစားခဲ့မှုကို ကြည့်ရင် ပြင်သစ်၊ ဂျော်ဂျီယာ၊ အိုင်ယာလန် အသင်းတွေကို ရှုံးခဲ့ပြီး စကော့တလန်နဲ့ ပိုလန်အသင်းတွေကိုတော့ နိုင်ပွဲရအောင် ကစားထားနိုင်ပါတယ်။ အင်္ဂလန်တို့ကတော့ လူငယ်ကစားသမားအချို့ကို ပွဲထုတ်ဖို့ ရှိနေပြီး နေရာစုံမှာ အတောင့်တင်းဆုံးကစားသမားတွေနဲ့ ဖွဲ့စည်းပြီး ဂျာမနီကို ရင်ဆိုင်ပါလိမ့်မယ်။ အင်္ဂလန်နဲ့ နောက်ဆုံးငါးပွဲကစားခဲ့မှုအနေအထားကိုကြည့်ရင် ပြင်သစ်၊ လစ်သူရေးနီးယား၊ အက်စတိုးနီးယား၊ ဆွစ်ဇာလန်အသင်းတွေကို ဆက်တိုက်နိုင်ခဲ့ပြီး စပိန်တို့ကတော့ နှစ်ဂိုးပြတ် ရှုံးထားပါတယ်။ နှစ်သင်းစလုံး စုစုပေါင်းတွေ့ဆုံခဲ့မှု ၂၉ ကြိမ်မှာ ဂျာမနီ ၁၂ ကြိမ်နိုင်ပြီး အင်္ဂလန်ကလည်း ၁၂ ကြိမ်နိုင်ကာ သရေငါးပွဲဖြစ်ခဲ့တာမို့ အခုပွဲဟာ ဂျာမနီမြေမှာဖြစ်လို့ ဂျာမနီတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### ပိုလန်နှင့်ဖင်လန်

ခြေစမ်းပွဲဆက်တိုက်ကစားနေတဲ့ ပိုလန်ဟာ ဖင်လန်ကိုတော့ သက်တောင့်သက်သာကစားပြီး နိုင်ပွဲရယူပါလိမ့်မယ်။ ဒီပွဲမှာ စိတ်ကြိုက်ဗျူဟာခင်းကျင်းပြီး လူစုံထုတ်သုံးဖို့ ပြင်ဆင်နေတဲ့ ပိုလန်ဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် ရှုံးပွဲတစ်ပွဲမှ မရှိခဲ့ပါဘူး။ ဒါ့အပြင် ဒီလိုနိုင်ခဲ့တဲ့ ပွဲတွေမှာ ချက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ အိုက်စလန်ကို လေးဂိုး-နှစ်ဂိုး၊ ဂျီဘရော်တာကို ရှစ်ဂိုး-တစ်ဂိုး တွေသွင်းပြီး နိုင်ပွဲရယူခဲ့တာမို့ ပိုလန်ရဲ့တိုက်စစ်ကအကောင်းဆုံး အခြေအနေ ရှိပါတယ်။ ဖင်လန်တို့က ခံစစ်အခြေပြုပြီး ဂိုးမပြတ်ရေးကို အာရုံစိုက်ရမှာဖြစ်ပြီး ထက်မြက်တဲ့ တိုက်စစ်မှူးကောင်းတွေလည်း နည်းတာမို့ ပိုလန်တို့ရဲ့ ဖိအားပေးမှုကိုပဲ ရင်စည်းခံရမှာ ဖြစ်ပါတယ်။

### ပေါ်တူဂီနှင့်ဘူလ်ဂေးရီးယား

စီရော်နယ်ဒိုပါဝင်ဖို့ရှိနေတဲ့ ပေါ်တူဂီအသင်းဟာ အစဉ်အလာအရ ပြိုင်ဘက်ကောင်းဖြစ်တဲ့ ဘူလ်ဂေးရီးယားကို လွယ်လွယ်ကူကူ ဖိအားပေးလို့ မရနိုင်ပါဘူး။ ပေါ်တူဂီအသင်းဟာ လောလောဆယ် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ရုရှားကိုတစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး ကျန်အသင်းတွေဖြစ်တဲ့ လူဇင်ဘတ်၊ ဆားဘီးယား၊ ဒိန်းမတ်၊ အယ်လ်ဘေးနီးယားတို့ကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ဘူလ်ဂေးရီးယားတို့ကတော့ နောက်ဆုံးငါးပွဲ ကစားခဲ့ရာမှာ အဇာဘိုင်ဂျန်အသင်းကိုပဲ နိုင်ပွဲရခဲ့ပြီး ကျန်လေးပွဲ ရှုံးခဲ့ပါတယ်။ ဘူလ်ဂေးရီးယားတို့က ၁၉၈၁ ခုနှစ် ဒီဇင်ဘာက ပေါ်တူဂီကို ငါးဂိုးအထိသွင်းပြီး နိုင်ပွဲရခဲ့တဲ့ မှတ်တမ်းရှိခဲ့ဖူးပေမယ့် လက်ရှိပေါ်တူဂီရဲ့ ခြေစွမ်းက ဘူလ်ဂေးရီးယားကို ဂိုးပြတ်သွင်းနိုင်တဲ့ အနေအထားမို့ ပေါ်တူဂီတို့ အသာစီးရသွားနိုင်တဲ့ပွဲပါပဲ။ ။



## မန်စီးတီးကို မက်ဆီရောက်လာဖွယ်ရှိနေ

လာမယ့်ရာသီမှာ မန်စီးတီးအသင်းကို ကိုင်တွယ်မယ့် ဂွာဒီယိုလာအနေနဲ့ အသင်းကို ပြန်လည်တည်ဆောက်ရာမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ငါးကြိမ်ဆွတ်ခူးခဲ့တဲ့ မက်ဆီကို အဓိက ပစ်မှတ်ထားလာနိုင်ပါတယ်။ ဘာစီလိုနာမှာ အဓိက အပြောင်းအလဲတစ်ရပ်ကို မက်ဆီနဲ့လုပ်ဆောင်နိုင်ခဲ့သလို မန်စီးတီးအသင်းမှာလည်း မက်ဆီကို ခေါ်ယူပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မန်စီးတီးတာဝန်ရှိသူတွေက ယုံကြည်ထားပါတယ်။ မက်ဆီဟာ ဂွာဒီယိုလာရဲ့ အရင်းအနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်ပါတယ်။ စိန်ခေါ်မှုအသစ်တွေလိုလားနေတဲ့ မက်ဆီအနေနဲ့ ရွေးချယ်စရာလမ်းတစ်ခုအဖြစ် မန်စီးတီးကို ရောက်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့ အတူ အကောင်းဆုံးဆုတွေ ရယူထားသလို နောက်ဆုံး သူ့ရဲ့ပန်းတိုင်ဟာ မန်စီးတီး ဖြစ်လာဖို့ ရှိနေတယ်လို့ ဆိုပါတယ်။

## မန်ယူနဲ့ ဝက်စ်ဟမ်း အက်ဖ်အေပြန်ကန်ပွဲ ကစားမည်

မန်ယူနဲ့ ဝက်စ်ဟမ်းတို့ရဲ့ အက်ဖ်အေဖလားပြန်ကန်ပွဲကို တစ်လပြည့်မြောက်မယ့် ဧပြီ ၁၃ ရက်မှာ ကစားကြမှာ ဖြစ်ပါတယ်။ မန်ယူနဲ့ဝက်စ်ဟမ်းတို့ဟာ မတ် ၁၃ ရက်က အက်ဖ်အေဖလား ကွာတားပွဲအဖြစ် အပြန်အလှန် တစ်ဖက်တစ်ဂိုးစီသွင်းယူခဲ့တာကြောင့် အနိုင်အရှုံး အဖြေမထုတ်နိုင်ခဲ့ကြလို့ ပြန်ကန်ပွဲအဖြစ် ကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့ အသင်းအနေနဲ့ ဧပြီ ၂၃ ရက်မှာ ဝင်ဘလေကွင်းကြီးမှာ အကြိုဗိုလ်လုပွဲအဖြစ် အဲဗာတန်နဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီအတောအတွင်းမှာပဲ မန်ယူက ဧပြီ ၃ ရက်မှာ အဲဗာတန်၊ ဧပြီ ၁၀ ရက်မှာ စပါးအသင်းတွေနဲ့ ပရီမီယာလိဂ်ကစားဖို့ ရှိနေပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ ဧပြီ ၂ ရက်မှာ ခရစ္စတယ်ပဲလေ့စ်၊ ဧပြီ ၉ ရက်မှာ အာဆင်နယ်နဲ့ ကစားဖို့ ရှိနေပါတယ်။ မန်ယူရော ဝက်စ်ဟမ်းပါ ပရီမီယာလိဂ်ပွဲကြပ်တွေကြားထဲက အက်ဖ်အေပွဲ ကစားရမှာဖြစ်ပါတယ်။






## တရုတ်မှာ ရာသီအကြို သွားရောက်ကစားမယ့် မန်ယူ

မန်ယူအသင်းအနေနဲ့ ၂၀၁၆-၂၀၁၇ ရာသီအကြိုမှာ တရုတ်နိုင်ငံကို သွားပြီး ရာသီအကြိုပွဲနှစ်ပွဲ ကစားဖို့ရှိနေပါတယ်။ မန်ယူအသင်းအနေနဲ့ တရားဝင်ကြေညာခြင်းတော့ မရှိသေးပါဘူး။ မန်ယူအသင်းဟာ ၂၀၁၆ ခုနှစ်ထဲမှာ အရှေ့ဖျားဒေသမှာလည်း နှစ်ပွဲကစားဖို့ ရှိတယ်လို့ ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ ၁၉၇၅ ခုနှစ်က တရုတ်နိုင်ငံကို ပထမဆုံးသွားရောက်ကစားခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ရှစ်ရက်ကြာ ခရီးအဖြစ် ရာသီကြိုပွဲအဖြစ် ကစားသွားမယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ကစားမယ့်အသင်း၊ ကစားမယ့်ကွင်း၊ လက်မှတ်ဈေးနှုန်းတွေကိုတော့ ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိသေးပါဘူး။ မန်ယူအသင်းဟာ တရုတ်နိုင်ငံက အဓိကထောက်ခံတဲ့ အသင်းတစ်သင်းဖြစ်တယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## ပင်လုံမြို့၌ ပအိုဝ်းတိုင်းရင်းသားများစုပေါင်းရှင်ပြု

**ပင်လုံ မတ် ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့ ဝေဠုဝန် (ဝါးတော) ကျောင်းပရိယတ္တိစာသင်တိုက်၌ ပအိုဝ်းတိုင်းရင်းသားများ စုပေါင်းရှင်ပြုပွဲကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မတ် ၂၁ ရက်က အဆိုပါကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်အား ပူဇော်ကန်တော့ပြီး ကျောင်းတိုက်မှတစ်ဆင့် မြို့တွင်းသို့ ရှင်လောင်းလှည့်လည်ကြကာ မတ် ၂၂ ရက်တွင် ရပ်နီးရပ်ဝေးမှ ဧည့်သည်များအား ဧည့်ခံကျွေးမွေးကြခဲ့ကြောင်း သိရသည်။ အဆိုပါ စုပေါင်းရှင်ပြုပွဲတွင် ရှင်သာမဏေ ၉၃ ပါးကို စုပေါင်းရှင်ပြုခဲ့ပြီး ရဟန်းခံသူ သုံးဦးပါဝင်ကာ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ကြီး ကံထပ်မင်္ဂလာကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## နန့်ထိန်ကွင်းတံတား တည်ဆောက်ပြီးစီး

**ဟုမ္မလင်း မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ နန့်ထိန်ကွင်းချောင်းကူးတံတား တည်ဆောက်ပြီးစီးနောက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေးသွားလာနိုင်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နန့်ထိန်ကွင်းချောင်းကူးတံတားသည် အရှည် ၂၈၀ ပေ၊ အကျယ် ၂၇ ပေရှိ နှစ်လမ်းသွားတံတားဖြစ်ကာ တံတားခံနိုင်ဝန် ၃၆ တန်ဖြစ်သည်။ ဘိုးပိုင်စနစ် သံကူကွန်ကရစ်အုတ်မြစ် အမျိုးအစားဖြစ်ပြီး သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံကူကွန်ကရစ် ရေလယ်တိုင်နှင့် အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ ကြမ်းခင်းဖြစ်ကာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၇၅၀ သန်းဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရေပြတ်လပ်မှုမရှိစေရန်အတွက် စက်ရေတွင်း တူးဖော်လှူဒါန်း

**တောင်တွင်းကြီး မတ် ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းတစ်တွင်းကို တရုပ်ကောမူကြိုကျောင်းဝင်းအတွင်း၌ Sky Deck ကုမ္ပဏီက တူးဖော်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများနှင့် မူကြိုကျောင်းမှ ကလေးငယ်များအတွက် သောက်သုံးရေလုံလောက်စွာ ရရှိစေရန် အနက် ၁၀၄၄ ပေရှိ လေးလက်မစက်ရေတွင်းတစ်တွင်းကို ကျပ်သိန်းတစ်ရာကျော် အကုန်အကျခံ၍ တူးဖော်လှူဒါန်းခြင်းဖြစ်ရာ မတ် ၂၂ ရက်တွင် ရေများစတင်ထွက်ရှိ၍ မကြာမီ ရေတွင်းတူးဖော်မှုလုပ်ငန်းများ ပြီးစီးမည်ဖြစ်ရာ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(ဝ၈၅)

## ဓာတ်အား ၁၈၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စီမံကိန်းနှစ်ခုကို ကျောက်ဖြူနှင့် မြင်းခြံ၌ စတင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသော မြင်းခြံဒေသတို့အတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးမည့် စီမံကိန်းနှစ်ခုကို VPower ကုမ္ပဏီမှ တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းနှစ်ခုမှ မြန်မာနိုင်ငံအတွက် ဓာတ်အား မဂ္ဂါဝပ် ၁၈၀ ထပ်မံထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

VPower အနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတိုးချဲ့ရေး စီမံကိန်းနှစ်ခုကို ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် မြင်းခြံဒေသတို့တွင် ဆောင်ရွက်ရန် ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်းက တင်ဒါအောင်မြင်၍ လုပ်ဆောင်ခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါတွင် ကျောက်ဖြူ၌ ပထမအဆင့်စီမံကိန်းကို ဆောင်ရွက်ပြီးဖြစ်ကာ ဓာတ်အားဖြန့်ဖြူးနေပြီဖြစ်ပြီး ကျောက်ဖြူ အဆင့်(၂) စီမံကိန်းကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါ အဆင့်(၂) စီမံကိန်းအရ ၂၀၁၆ နွေရာသီအမီ ဓာတ်အားထုတ်လုပ်မှုနှစ်ဆတိုးမြှင့်ကာ မဂ္ဂါဝပ် ၉၀ အထိ တိုးမြှင့် ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်းနှင့် တိုးချဲ့စက်ရုံ၏ ထုတ်လုပ်မှုမှရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ပထမအဆင့်စက်ရုံမှ ထုတ်လွှတ်မှုများကဲ့သို့ပင် လက်ရှိတည်ရှိနေသည့် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကွန်ရက်အတွင်း ထည့်သွင်း ပို့လွှတ်သွားမည်ဖြစ်ကြောင်း VPower မှ ဒေသဆိုင်ရာ ဒါရိုက်တာ၏ ပြောကြားချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် ဆောင်ရွက်မည့် မြန်မာနိုင်ငံအလယ်ပိုင်း ဓာတ်အားပေးစက်ရုံစီမံကိန်းမှာ အစိုးရပိုင် သံမဏိစက်ရုံကို တိုက်ရိုက်ဓာတ်အားပေးမည်ဖြစ်ကာ ပိုလျှံသောဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ မြင်းခြံစီမံကိန်း ပြီးစီးပါက မြန်မာနိုင်ငံတွင် အကြီးဆုံးသော Containerized Gas Plant တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှစ်ခု တိုးချဲ့လုပ်ကိုင်ရန်အတွက် သဘောတူစာချုပ်နှစ်ခုကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် စီမံကိန်းလုပ်ကိုင်ခွင့်ရရှိခဲ့သော VPower တို့ မတ် ၁၁ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ဓာတ်အားပေးစက်ရုံနှစ်ရုံသည် VPower မှ မြန်မာနိုင်ငံတွင် တစ်ပြိုင်နက် ထပ်မံဆောက်လုပ်နေသည့် Invest-Build-Operation (IBO) power plants များဖြစ်ကာ သမားရိုးကျလောင်စာများ အစား သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုသက်သာပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျော့ကျစေမည်ဖြစ်ကြောင်း VPower ၏ ဒေသဆိုင်ရာ ဒါရိုက်တာက ပြောကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပမာဏမှာ နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်၍ VPower အနေဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဆက်လက်ပံ့ပိုးကာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူ ပြုနိုင်ရန် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ VPower သည် အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖရိကရှိ နိုင်ငံများတွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ၊ စွမ်းအင်ပံ့ပိုးမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကာ ဒေသတွင်း လျှပ်စစ်ဓာတ်အားဖြည့်တင်းရေးကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သွန်းဝဿန်**



ကျောက်ဖြူ ဓာတ်အားထုတ်လုပ်မှုတိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



## မုန်တိုင်းဒဏ်ခံအဆောက်အအုံ မကြာမီပြီးစီးမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း ပင်လယ်ကမ်းခြေအနီး ကျေးရွာတစ်ခုဖြစ်သော ဇောတိကကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ(Cyclone Shelter) တည်ဆောက်မှုများ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ဇောတိကကျေးရွာသည် ပင်လယ်ကမ်းခြေအနီးတွင် တည်ရှိသော ကျေးရွာဖြစ်၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများ၏ အသက်များ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အဆိုပါ မုန်တိုင်းဒဏ်ခံအဆောက်အအုံကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တည်ဆောက်မှုများ အချောသတ် ပြီးစီးနေပြီဖြစ်ပြီး ဆေးသုတ်ရန်သာ ကျန်ရှိတော့ရာ မကြာမီ လုပ်ငန်းအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းဒဏ်ခံအဆောက်အအုံသည် အလျားပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၃၁ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ကာ ဟန်သီရိ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ပြည်သူများမှလှူဒါန်းသော ဂါလန် ၆၀၀ ဆံ့ရေသယ်ယာဉ်များ လွှဲပြောင်းပေးအပ်

**တွံတေး မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ အသုံးပြုရန်အတွက် ပြည်သူများမှလှူဒါန်းထားသော ရေသယ်ယာဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပွဲကို တွံတေးမြို့နယ် ဘုရားငုတ္တို(တောင်)ကျေးရွာ၌ မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

ရေသယ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြည်သူများမှလှူဒါန်းထားသည့် တစ်စီးလျှင် ကျပ် ၇၅ သိန်းခန့် တန်ဖိုးရှိ ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ် ၂၇ စီးကို သက်ဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်ကူပြုကော်မတီဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

တွံတေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလှခိုင်က“အခုလိုဘက်စုံသုံးရေသယ်ယာဉ်တွေ လှူဒါန်းတဲ့အတွက် ဝမ်းသာပါတယ်။ ရေပြတ်လပ်တဲ့နေရာပဲဖြစ်စေ၊ မီးဘေးကြုံတင်ကာကွယ်ရေးပဲဖြစ်စေ အသုံးဝင်ပါတယ်။ ရေစုပ်စက်၊ ပန့်နဲ့ ပိုက်ပါတဲ့အတွက် အတော်ကို အဆင်ပြေပါတယ်”ဟု ပြောသည်။

ရေသယ်ယာဉ်များ လွှဲပြောင်းပေးအပ်ရာတွင် တွံတေး၊ ကော့မှူး၊ ဒလနှင့် ကွမ်းခြံကုန်း မြို့နယ်များအတွက် တစ်မြို့နယ်လျှင် ငါးစီးစီ၊ ကြည်မြင့်တိုင်မြို့နယ်အတွက် လေးစီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွက် သုံးစီးလွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မျိုးလှိုင်(တွံတေး)**



## နှစ်ထပ်ဓာတ်အားလိုင်း သွယ်တန်းရာလမ်းရှိ ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

**မော်လူး မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင်းရှိ ၄၀၀ ဗို့နှင့် ၁၁ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း သွယ်တန်းရာလမ်းတစ်လျှောက်မှ ဓာတ်တိုင်များနေရာတွင် အမြင့် ၁၀ မီတာရှိသော စံချိန်မီကွန်ကရစ်တိုင်များကို မော်လူးမြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့် လျှပ်စစ်ဝန်ထမ်းများက မတ် ၂၂ ရက်မှ စတင်လဲလှယ်လျက်ရှိကြောင်း သိရသည်။

ဓာတ်တိုင်များ လဲလှယ်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားပို့လွှတ်မှုကို ခေတ္တရပ်နားပြီး ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် အစားထိုးလဲလှယ်လျက်ရှိကြောင်း၊ ဓာတ်တိုင်များ အသစ်လဲလှယ်လိုက်ခြင်းဖြင့် မော်လူးမြို့တွင်း ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမကြီးပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာကြသော မော်တော်ယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကွန်ကရစ်ဓာတ်တိုင်သစ်များကို မြို့တွင်းတစ်မိုင်ခန့်ကိုလမ်းတစ်လျှောက်တွင် အစားထိုးလဲလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျတ်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
lotayamm.com
MORE
35
ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Forward
Home
Bookmarks
Tabs
ဂိုးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နှက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၅-၃-၂၀၁၆ ရက်မှ ၂၈-၃-၂၀၁၆ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၃-၂၀၁၆ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

---

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ဂျီတီစီပုံနှိပ်စက်ရုံ(ရန်ကုန်)ရှိ စက္ကူ (၁)ပုံ၊ စက်အရန်ပစ္စည်းနှင့် အထွေထွေ(၁)ပုံ၊ စာပေပုံနှိပ်စက်ရုံ(ရန်ကုန်)ရှိ စက္ကူ (၁)ပုံ၊ စက်အရန်ပစ္စည်းနှင့် အထွေထွေ (၁)ပုံကို အိတ်ဖွင့်တင်ဒါပုံတိုက်ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။
၂။ ဂျီတီစီပုံနှိပ်စက်ရုံ(ရန်ကုန်)ရှိ စက္ကူ (၁)ပုံ၊ စက်အရန်ပစ္စည်းနှင့်အထွေထွေ (၁)ပုံ၊ စာပေပုံနှိပ်စက်ရုံ(ရန်ကုန်)ရှိ စက္ကူ (၁)ပုံ၊ စက်အရန်ပစ္စည်းနှင့် အထွေထွေ (၁)ပုံတို့၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၅-၃-၂၀၁၆ရက်မှ ၂၈-၃-၂၀၁၆ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၈-၃-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ ဖြစ်ပါသည်။
၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

---

**ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**
**အနုပညာအထက်တန်းကျောင်းများအတွက်**

## သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်းချီနှင့် ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက်လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။
၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း) အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီပန်းပုပညာရပ်များဖြင့် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။
၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၉-၄-၂၀၁၆ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာများ-**

| | | |
|---|---|---|
| ၁။ | အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ရုံးအမှတ် ၃၅၊ နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၀၃၇ |
| ၂။ | အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ ရုံးအမှတ် ၃၅၊ နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။ | အနုပညာအထက်တန်းကျောင်း (ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့ | ဖုန်း-၀၁-၅၅၅၆၄၂၊၀၁-၅၅၄၆၉၅ |
| ၄။ | အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀×၂၁လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့ | ဖုန်း-၀၂-၆၁၁၆၉ |

---

# မော်တော်ယာဉ်ဝယ်ယူခြင်းအပေါ် အခွန်ထမ်းဆောင်နိုင်ရေးအတွက် မော်တော်ယာဉ်ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်း အစီအစဉ်နှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

မော်တော်ယာဉ်များအား ဝယ်ယူပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူခြင်းနှင့် အခွန်ထမ်းဆောင်ခြင်း ကိစ္စရပ်များကို ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများရှိ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် မော်တော်ယာဉ်ဝယ်ယူခြင်းအတွက် အခွန်ထမ်းဆောင်နိုင်ရန်နှင့် ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူနိုင်ရန် နေထိုင်ရာမြို့နယ်မှ ကာလတန်ဖိုး၊ စိစစ်သတ်မှတ်ရေးအဖွဲ့ရုံးရှိရာသို့ လာရောက်ရခြင်းကြောင့် အဆင်မပြေမှုများရှိနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ကာလတန်ဖိုးစိစစ်သတ်မှတ်မှု ခံယူနိုင်ရေးအတွက် လက်ရှိဆောင်ရွက်ပေးနေသော ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ရုံးများတွင်သာမက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း အောက်ဖော်ပြပါယာဉ်ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တင်ပြ၍ ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးနိုင်ရေးဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(၁) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း/မိတ္တူ
(၂) ယာဉ်မှတ်ပုံတင်သက်သေခံကတ်ပြားမူရင်း/မိတ္တူ
(၃) ယာဉ်ပိုင်ရှင်၏မှတ်ပုံတင်မိတ္တူ
(၄) ယာဉ်ပိုင်ရှင်၏သန်းခေါင်စာရင်းမိတ္တူ
(၅) အရောင်းအဝယ်စာချုပ်မိတ္တူ
(၆) မော်တော်ယာဉ်၏ရှေ့/ဘေး/နောက် ဓာတ်ပုံသုံးပုံ

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝင်ပေါက်ရာထူးဖြေဆိုမည့်နေ့ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဝင်ပေါက်ရာထူးများဖြစ်သည့် အငယ်တန်းစာရေး (၄၃၀)နေရာနှင့် ရုံးအကူ/စာပို့ (၇၀)နေရာတို့အတွက် လျှောက်လွှာခေါ်ယူခြင်းအား ၂၁-၂-၂၀၁၆ ရက်နှင့် ၂၃-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။
၂။ အဆိုပါသတင်းစာများတွင် ဖော်ပြထားသည့် ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်အား ၂၉-၃-၂၀၁၆ ရက်အစား ၂၉-၄-၂၀၁၆ ရက်သို့လည်းကောင်း၊ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူမည့်ရက်အား ၂၈-၃-၂၀၁၆ရက်အစား ၂၈-၄-၂၀၁၆ရက်သို့လည်းကောင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၀၂၁ နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁၃/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ်(၁၀/က)၊ မြေဧရိယာ ၀ဒသမ ၃၈၅၈ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၇၆၂-၅/ ၁၉၉၂-၉၃(အေ)ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အမည်ပေါက်မြေကွက်၏ ၁၀ နှစ်မြေငှားဂရန်မူရင်းမှာ သက်တမ်းတိုးဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဓာတ်ခွဲခန်း၊ လားရှိုးမြို့**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုစုမော် ၁၀/မလမ(နိုင်) ၁၃၂၆၃၉ ၏ Passport (No.839379) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၅၁၄၀**

---

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်ဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါအမှတ်-၀၇/မမ/ (CE)(2016-2017)**

တိုင်းအမှတ်(၁၀)ပခုက္ကူ နယ်မြေရှိ ပခုက္ကူ-ဂန့်ဂေါ-ကလေးလမ်းပိုင်း၊ ဂန့်ဂေါ-ကလေးကြား၊ တံတားအမှတ်(၁၁၁၇) မြောင်းချောင်းတံတား(၄/၁၀၀'-၀")**RC Post Tensioned Concrete Box Girder** တံတား အသစ် တည်ဆောက်ခြင်း

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၉.၄.၂၀၁၆ (၁၂း၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၅.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

---

## CLAIMS DAY NOTICE
## M.V GOLDEN FAN VOY:NO (169)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(169) are here by notified that the vessel will arrive on about 26-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၀ယ/၂၅၃၀၂၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးလှဖေ ၉/မလန(နိုင်)၀၁၁၃၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ရွှေမင်းကံဆရာတော်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်၊ တံတားလေးလမ်း၀ရှိ သာသနာရေး၀န်ကြီးဌာန၊ ဓမ္မာ့သီရိဗိမာန်တော်၌ ၃၀-၃-၂၀၁၆ ရက်မှ ၃-၄-၂၀၁၆ ရက်အထိ ငါးရက် မီးငြိမ်းအထူးစခန်းပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို နာကြားအားထုတ်နိုင်ပြီး၊ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ သြဇာလမ်းရှိ ရွှေမင်းကံမိုးကုတ် ဓမ္မရိပ်သာတွင် ၁၁-၄-၂၀၁၆ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ်၊ ဒိဋ္ဌိဖြုတ်အလုပ်စဉ်၊ သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ တရားခစန်း၀င်လိုသောယောဂီများသည် ကြိုတင်ဆက်သွယ်၍ ၁၀-၄-၂၀၁၆ ရက် ညနေအရောက် လာရမည်ဖြစ်ပါသည်။

**ဖုန်း-၀၉-၄၂၀၀၅၃၆၈၈၊ ၀၉-၇၉၅၅၈၂၃၀၁**

## သင်္ကြန် သဲအင်းဂူ (၉)ရက်
## အထူးအစီဋ္ဌာန်တရားစခန်းပွဲဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၅)ရပ်ကွက်၊ အမှတ် ၆ ဝိုင်း ဆေးရိုးပင် သဲအင်းဂူရိပ်သာ၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေဥက္ကလာဆရာတော် ဒေါက်တာအရှင်စိန္တာမယ ကိုယ်တိုင် (၁၃၇၇ခုနှစ် တန်ခူး လဆန်း ၃ရက်မှ ၁၁ရက်) ၁၀-၄-၂၀၁၆ရက်မှ ၁၈-၄-၂၀၁၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်း၀င်လိုသော ဒုလ္လဘသံဃာ၊ ယောဂီများသည် တန်ခူး လဆန်း ၂ရက်၊ ဧပြီ ၉ရက် မိမိအသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ ညနေ ၅နာရီအရောက် လာရောက်ကြရမည်ဖြစ်ပါသည်။

**မှတ်ချက်**။ ။လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၅၀၉၆၃၃၄၊ ၀၉-၄၄၂၁၃၂၃၉၆၊ ၀၉-၇၈၀၅၅၂၃၂၀**

## ဓမ္မရဝေတောရ
## သင်္ကြန်(၇)ရက် တရားစခန်း ဖွင့်မည်

**ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် -အင်းမ)** ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ အောင်စည်းခုံစေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သဃ်န်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသခဲ့သော နည်းစနစ်အတိုင်း...

**၂၀၁၆ –ဧပြီလ(၁၁)ရက် တနင်္လာနေ့မှ ဧပြီလ(၁၇)ရက် တနင်္ဂနွေနေ့ထိ**

သင်္ကြန်(၇)ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်း၀င်လိုသူများ ဓမ္မရဝေတောရသို့ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။

လမ်းညွှန်။ သဃ်န်းကျွန်းကြီးမှတ်တိုင်၊ အောင်စည်းခုံစေတီလမ်းမှ ၀င်၍ရသလို(သို့မဟုတ်) ကာယ(၁၂)လမ်းမှလည်း ၀င်၍ရပါသည်။

စုံစမ်းရန်ဖုန်းနံပါတ်-၀၉-၇၃၁၀၃၆၃၃၊၀၉-၄၂၀၀၆၂၄၂၆

မှတ်ချက်။ ၂၀၁၆-ဧပြီလ(၁)ရက်နေ့၊ နံနက်(၈း၀၀)နာရီမှသာ စာရင်း စတင်လက်ခံပါမည်။

## သူ့ရ(၁၃) ရဲ့အရာရှိသင်တန်းဆင်းမိတ်ဆုံစားပွဲ
## ဖိတ်ကြားခြင်း

သင်တန်းဆင်းပြီးသည်ကစ၍ ခွဲခွာနေခဲ့ကြရသော သင်တန်းဆင်းအရာရှိမိတ်ဆွေများကို အောက်ပါအစီအစဉ်အတိုင်း မိတ်ဆုံစားပွဲကို ကြွရောက်ပေးရန် ဖိတ်ကြားပါသည်။

**အခမ်းအနားအစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - စ·စ·စ ဓမ္မာရုံ၊ ရွှေတိဂုံစေတီတော်မြောက်ဘက်၊ သွေးဆေးကန်၊ မူလကမ္ဘာအေးလေးစေတီအနီး
(နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။) **ကျင်းပရေးအဖွဲ့**

## ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇ္ဈောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်အား လှူဒါန်းပူဇော်ခြင်း၊ (၇၅)နှစ်နှင့်အထက် အသက်ကြီးသူများအား ပူဇော်ကန်တော့ခြင်း၊ အလယ်တန်းပြထူးချွန်ဆရာ ပထမဆုရှင်အား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ၂၀၁၄-၂၀၁၅ အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ အသင်း၀င်ပြီးဖြစ်စေ၊ မ၀င်ရသေးသည်ဖြစ်စေ ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် အသက်(၇၅)နှစ်နှင့်အထက် အသက်ကြီးသူများ ဆက်သွယ်ပါရန်။)

**အစီအစဉ်**

**နေ့ရက်** - ၃-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့)၊ (နံနက်စာထမင်းဖြင့် ဧည့်ခံပါမည်။)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - မင်္ဂလာဈေးဓမ္မာရုံ၊ ကြားတောရလမ်း၊ ကြေးသွန်းဘုရားရှေ့၊ ရွှေတိဂုံဘုရား၊ အရှေ့ဘက်မုခ်၊ ဗဟန်း
**ဆက်သွယ်ရန်-** သူရဦးအောင်ကြည် ဖုန်း-၀၉-၇၉၉၇၃၃၁၀၀၊ ဦးမောင်မောင် ဖုန်း-၀၉-၇၃၀၀၆၂၉၀၊ ဦးအေး၀င်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးရဲညွှန့် ဖုန်း-၀၉-၃၁၅၄၈၂၁၆၊ ဦးဇော်၀င်း ဖုန်း-၀၉-၇၃၂၃၇၇၉၂၊ ဦးမောင်မောင်သက် ဖုန်း-၀၉-၇၃၀၀၅၀၃၇

## အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ
## ကျိုက်ခေါက်ဘုရားအနီး၊ သန်လျင်မြို့
## သင်္ကြန်အထူး(၁၀)ရက်တရားစခန်းပွဲ

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားအနောက်ဘက်မုခ်ဦးအနီး၊ သီလ၀ါလမ်းမပေါ်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရရိပ်သာခွဲ (သန်လျင်မြို့)တွင် နှစ်စဉ်မပျက်သင်္ကြန် (၁၀)ရက် အထူးတရာစခန်းပွဲကို ၁၁-၄-၂၀၁၆ ရက်မှ ၂၀-၄-၂၀၁၆ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

ယောဂီသူတော်စင်အပေါင်းတို့မှ ၉-၄-၂၀၁၆ ရက်တွင် (အမျိုးသားမှတ်ပုံတင်၊ ယောဂီ၀တ်စုံ၊ ပန်းကန်၊ မတ်ခွက်၊ ဇွန်း၊ လက်သုတ်ပ၀ါ၊ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး)ယူဆောင်ပြီး စာရင်းပေးသွင်းရန် ၁၀-၄-၂၀၁၆ ရက် ည ၇ နာရီ နောက်ဆုံးထား၍ တရားစခန်းသို့ ၀င်ရောက်ကြပါရန် နိဗ္ဗာန်ကိုအကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဖုန်း-၀၉-၇၉၅၃၀၅၇၁၈၊ ၀၉-၇၈၄၄၁၁၈၉၁၊ ၀၉-၇၃၂၅၀၄၈၀**

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

## မွေးနေ့ဆုမွန်

အမေကြီး ဒေါ်ခင်ခင်သန်း၏ ၂၅-၃-၂၀၁၆ရက်၌ ကျရောက်သည့် (၅၉)နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားတို့ကို ကြီးမားကျယ်ပြန့် အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ပါစေ။

**အဖေကြီး** - ဗိုလ်မှူးကံထွန်း(ငြိမ်း) $19^{th}$ D.S.A
စာရေးဆရာအောင်ရန်နိုင် (B.Sc)
**သားကြီး** - မောင်ထွန်းလင်းအောင်
**သမီးကြီး** - မယဉ်ငြိမ်းခင်ဝါအောင် B.E (M.C)
တောင်ကြီးမြို့၊ ပင်းပက်ဘိလပ်မြေစက်ရုံ
**သမီးငယ်** - မမေဇွန်ဇာခြည်ဖြိုး Third Year, B.E (I.T)၊ မိတ္ထီလာ G.T.C

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)
## ဗဟိုအလုပ်အမှုဆောင်ကော်မတီအသစ် ရွေးကောက်တင်မြှောက်ပွဲ
## အခမ်းအနားဖိတ်ကြားခြင်း

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၀င်များ ရွေးကောက်တင်မြှောက်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားအပ်ပါသည်-

| ကျင်းပမည့်နေ့ရက် | ကျင်းပမည့်အချိန် | ကျင်းပမည့်နေရာ |
| --- | --- | --- |
| ၂၆-၃-၂၀၁၆ ရက် (စနေနေ့) | နံနက် ၀၉း၀၀ နာရီ | စီးပွားရေးတက္ကသိုလ် (Main Campus) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |

**မှတ်ချက်** - ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအသစ် ရွေးကောက်တင်မြှောက်ခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် Member အသင်း၀င်များသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၀င်အသစ်များ ရွေးချယ်ရာတွင် ဆန္ဒမဲပေးရမည်ဖြစ်ပါ၍ ဆန္ဒမဲထုတ်ယူရန်အတွက် အသင်း၀င်ကတ်ကို တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- အသင်း၀င်မဖြစ်သေးသူများသည် ထိုနေ့တွင် တစ်ပါတည်းအသင်း၀င်၍ ဆန္ဒမဲပေးနိုင်ပါသည်။
- အသင်းသားများအနေဖြင့် ဖိတ်စာသီးခြားမရရှိပါကလည်း ဤဖိတ်ကြားချက်ဖြင့် အခမ်းအနားသို့ တက်ရောက်ပေးပါရန်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း**

## အထက ဘုရားပျို(ခရမ်း)
## တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဘုရားပျိုစံပြကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် တာ၀န်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ(တွဲဖက်အပါအ၀င်) တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် သက်ငယ်ဆရာ ဆရာမများနှင့် ကျောင်းသား/သူများ ပြန်လည်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား/သူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၉-၃-၂၀၁၆ ရက် (အင်္ဂါနေ့)
**နေရာ** - အထက ဘုရားပျို၊ ခရမ်းမြို့နယ်

၂၉-၃-၂၀၁၆ ရက် နံနက် ၇း၀၀ နာရီအရောက် A.P.C ဂိတ်သို့ လာရောက်ပါရန် ဆက်သွယ်ရန်-

**ဦးဇော်မင်းအောင် ဖုန်း-၀၉-၄၅၀၀၄၈၈၁၄၊ ဦးသန်းဇော် ဖုန်း-၀၉-၇၉၉၃၇၃၇၁၀၊ ဦးကြည်ထူး ဖုန်း-၀၉-၇၉၉၃၇၃၇၃၆**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/6330 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အိမ်နှင့်ခြံရောင်းမည်

အိမ်အမှတ် ၁၈၇၊ မြို့ပတ်လမ်း၊ ရွာမ အနောက်၊ နယ်မြေ(၉)၊ အင်းစိန်။
(ဆရာတော်ကြီးမှတ်တိုင်)၊

**စုံစမ်းရန်ဖုန်း-၀၉-၃၁၀၇၃၆၄၃**

## အိမ်နှင့်ခြံရောင်းမည်

အိမ်အမှတ် ၁၀၇၇၊ နွယ်နီ(၄)လမ်း၊ (၁၅)ရပ်ကွက်၊ ၅ ထိပ်၊ လှိုင်သာယာ။

**စုံစမ်းရန်ဖုန်း-၀၉-၂၅၀၂၀၈၆၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၈)၊ ဦးပိုင်အမှတ်(၇၅)၊ ၄၁×၄၂ကြား၊ ၅၈×၅၉ လမ်းကြားရှိ ဦးအေးမောင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသိန်းနိုင် ၁၂/ဗဟန(နိုင်)၀၀၇၆၅၇ မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၃၊ ၂၅၊ ၂၆)၊ လမ်း ၅၀ နှင့် ၅၁ လမ်းကြား၊ ဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းထံမှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ် ၂၆၇၅/၂၀၁၁ ဖြင့်၀ယ်ယူခဲ့သူ ဒေါ်စန်းပို EMDY-၃၁၄၁၅၆က တောဂရန်တင်ပြ၍ တောမှ မြို့ပြောင်း၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ်(၃၅-က)၊ ၅၄×၅၅လမ်း၊ မြတ်လေး×ပိတောက်လမ်းကြားရှိ ဒေါ်မေ၀င့်ဝါ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်မေ၀င့်ဝါ ၉/မရမ(နိုင်)၀၆၀၇၀၀ မှ မြေစလစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သစ်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်အတွက် မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီးကုန်းရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၇၄)၊ ၇၃လမ်း၊ လောကမဏိစူဠာဘုရားအနောက်ဘက်ရှိ ဦးငွေး၀င်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်စန်းစန်းမြင့်(ခ)ယဉ်ယဉ်မြင့် ၁၃/နခတ(နိုင်)၀၀၁၀၆၂မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ပလောက်မြို့နယ်နေ ဦးညွှန့်မောင်၏သား ဦးညွှန့်ဦး ၆/ပလတ(နိုင်)၀၀၂၅၅၀၏ ဇနီး ဒေါ်အေးအေးခိုင်(ခ)ဒေါ်ဝင်းအေး ၆/ပလတ(နိုင်)၀၀၂၅၄၉သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအ၀၀ကို လုံး၀(လုံး၀)တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **ဦးညွှန့်ဦး၊ ပလောက်မြို့နယ်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ခုနှစ် မတ် ၁၈ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူလုပ်ငန်းရှင် ၁၀၀၀ဦးအနက် ကမ္ဘောဇဘဏ်လီမိတက်သည် ဝင်ငွေခွန် ၂၂ဘီလီယံကျော်ပေးသွင်းပြီး ပထမနေရာမှ ဝင်ငွေခွန်အများဆုံး (၄)နှစ်ဆက်ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း**အား အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးစိုးသန်းနိုင်နှင့် ဇနီးဒေါ်ဝင်းဥမ္မာညွန့်**
**Excellent Myanmar Co.,Ltd.**

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## တိုက်နှင့် ခြံမြေ အမြန်ရောင်းမည်

**စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် အကောင်းဆုံး**

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)၊ ချမ်းမြေ့ရိပ်သာလမ်းပေါ်ရှိ အဆင့်မြင့်ပြင်ဆင်ပြီး ပင်မတိုက်(၁)လုံးအပါအဝင် သီးသန့်ဘန်ဂလို(၂)လုံး၊ အုတ်တံတိုင်းကာရံပြီး၊ ရှေ့မျက်နှာ(၁၅၀)ပေ၊ နောက်(၂၀၀)ပေ၊ (၀ ·၇၅)ဧက၊ မြေနှင့်အဆောက်အဦ အမြန်ရောင်းမည်။ သီးပင်၊ စားပင်နှင့် ပန်းအလှပင်မျိုးစုံပါဝင်သည်။ ချိုသာသောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။ **ညှိနှိုင်းဈေး**

စုံစမ်းရန် - ၀၉-၅၀-၀၀၆၇၃၊ ၀၉-၅၁-၅၁၅၇၆၊ ၀၉-၅၁-၅၄၁၆၄




ဆီးဝမ်းလေမှန် အကြောပြေရန် သောက်ပါမနေး
**ကေသီပန်** ဝမ်းပျော့အကြောပြေဆေး
အမြဲတမ်းဝမ်းချုပ်တတ်သူများအတွက်
အထူးအားထားရသည့် ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။
မှတ်ချက် ၊ ဝမ်းနုတ်ဆေးမဟုတ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားလွန်ခြင်း မရှိပါ။
ခြံအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ဖုန်း - ၀၁ - ၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

## ကောင်းဆက် ဆေးဒိန်ချဉ်နှင့် ပေါင်းတင်ခြင်း

သကြန်အတွက် အကောင်းဆုံးမမေ့နဲ့နော်။ နေပူထဲ သွားသွား ရေငံဘဲချိုးချိုး၊ ကောင်းဆက်အသားဖြူ မိတ်ကပ် လိမ်းထားရင် အသားမမဲတော့ပါ။ ၁.၃.၂၀၁၆ မှ ၁.၅.၂၀၁၆ ထိ တစ်ဦးပေါင်းတင်ရင် တစ်ဦးအခမဲ့ ပေါင်းတင်ပေးပါမည်။
ပင်ရင်း – အမှတ် (202 ၊3-A ၊ ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-73050119

## SANCHAUNG GARDEN RESIDENCE အထူးအခွင့်အရေး

(၁)ခန်းလျှင် သိန်း ( **500** ) လျှော့မည်
၂၆/၂၇ -မတ်လ ၂၀၁၆ တွင်ရောင်းချမည်
( ၅ )ခန်းသာရောင်းမည်
(၁၀၄) စမ်းချောင်းလမ်းတွင် ကြိုတင်လေ့လာ စာရင်းသွင်းမှ အခန်းရဖို့သေချာမည်

## အမြန်ပြန်လာပါ

ကျွန်မ ဒေါ်အေးသန်း ၁၂/ရကန(နိုင်)၀၅၄၁၄၀၏ခင်ပွန်းဖြစ်သူ ဦးကျော်ဝင်း အသက် (၅၆)နှစ်သည် ၇-၃-၂၀၁၆ရက် ည ၉း၃၀နာရီတွင် အမှတ် ၆၂၁(က) ဖွဲကပင် (၂)လမ်း နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၅၇၆၉၈၆၊ ၀၉-၂၅၀၆၄၄၁၆၄၊ ၀၉-၉၇၉၇၅၂၀၈၂**

## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ သမီး မခင်ရတနာမြင့် ၁၂/တမန(နိုင်)၁၂၂၄၈၁ အသက်(၂၁) နှစ်သည် ၁၀-၃-၂၀၁၆ ရက်တွင် နေအိမ်မှ ပျောက်ဆုံး လျက်ရှိပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ ကျေးဇူးဆပ်ပါမည်။ မခင်ရတနာမြင့်အား တိုက်တွန်း ဖြားယောင်းသွေးဆောင်ခြိမ်းခြောက် ခေါ်ဆောင် ထိန်းသိမ်း ထားပါက ထိန်းသိမ်းထားသူများ မည်သူ့ကိုမဆို ဥပဒေနှင့် အညီ တရားစွဲဆိုမည်ဖြစ်ပါကြောင်း။

**မိခင်-ဒေါ်သီတာထွေး**
**ဖုန်း-၀၉-၉၇၈၆၆၀၈၅၉၊ ၀၉-၅၄၀၅၁၁၀**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မွန်ပြည်နယ်တရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမ ပြင်ဆင်မှုအမှတ်-၁၆**

| | | |
|---|---|---|
| ဒေါ်လချမီး-ပါ(၇၀) | **နှင့်** | ဦးခင်မောင်မြင့်-ပါ(၄) |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

နိုင်ဇော်လင်း၊ အမှတ်(၈၃/၈၄)၊ ရွှေမြို့သီရိရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ မော်လမြိုင်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဒေါ်လချမီး-ပါ(၇၀)က ဤရုံးသို့ မော်လမြိုင် ခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၃၄/၂၀၁၂၏ ၁၁-၁၂-၂၀၁၅ရက်က ချမှတ်သည့် အမိန့်အပေါ် ပြင်ဆင်မှုလျှောက်ထားလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၆ခုနှစ် ဧပြီ ၂၁ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(ချိုချိုရီ)**
**ဒုတိယညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

## ကျေးဇူးဆပ်ပါမည်

| | |
|---|---|
| UE 1 ၁၅၂-၁၄၆ | မြေချပါမစ် ၂ စောင် |
| ၁၅၇ ရပ်ကွက်-၁၆၅/၁၂၂၅ | မြေချပါမစ် ၂ စောင် |
| UE 1 ၆၈၆ | မြေချပါမစ် ၁ စောင် |
| ၁၄၀/ရပ်ကွက် ၄၃၃ | မြေချပါမစ် ၁ စောင် |
| ၁၆၀ ရပ်ကွက် ၁၀၄၉ | မြေချပါမစ် ၁ စောင် |

ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၀၉၄၃၇၀၊ ၀၉-၄၂၁၁၀၂၆၄၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့၊ အမှတ်(၄)နယ်မြေ၊အမှတ် ၆၆၊ ဥမ္မာဒန္တီလမ်းနေ ဒေါ်အေးအေးသန်း ၁၄/ပသန(နိုင်)၀၅၅၉၀၇၏သားဖြစ်သူ မောင်အေးကိုကို ၁၄/ပသန(နိုင်)၁၈၃၃၈၃သည် မိဘတို့ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၄င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက် သောကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အေးအေးသန်း ၁၄/ပသန(နိုင်)၀၅၅၉၀၇**







# နိုင်ငံတော်အစိုးရ၏ ကုန်သွယ်လုပ်ငန်းခွန်

**မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲသူများသည်**
**ကုန်သွယ်လုပ်ငန်းခွန်**
**၅% ပေးဆောင်ရမည်ဖြစ်ပါသည်။**

၂၀၁၆ ဧပြီလ (၁)ရက်နေ့မှစတင်၍ မိုဘိုင်းဖုန်းဝန်ဆောင်မှု သုံးစွဲသူများအားလုံးသည်
၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်ဥပဒေနှင့်အညီကုန်သွယ်လုပ်ငန်းခွန်
၅ ရာခိုင်နှုန်း ပေးဆောင်ရမည် ဖြစ်ပါသည်။

MPT ooredoo telenor

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မုံရွာခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

ဒေါ်ကျင်(၎င်း၏အခွင့်ရကိုယ်စား လုယ်လွှဲစာရသူ ဒေါ်သီတာသွင်) နှင့် ၁။ ဒေါ်မာမာဌေး ၂။ ဦးဖြိုးဖြိုး

**တရားလို** **တရားပြိုင်များ**

(၁)ဒေါ်မာမာဌေး (ဘ)ဦးလွန်းပိုင် အရောင်းအဝယ်၊ သုခရတနာဖိနပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း၊ ကွေ့ကြီးရပ်ကွက်၊ မုံရွာမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

(၂)ဦးဖြိုးဖြိုး (ဘ)ဦးဉာဏ်သောင်း အရောင်းအဝယ်၊ သုခရတနာဖိနပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း၊ ကွေ့ကြီးရပ်ကွက်၊မုံရွာမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ၇-၈-၂၀၁၅ ရက်စွဲပါ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း စာချုပ်အမှတ် ၂၁/၂၀၁၆၏ ဦးပိုင်အမှတ်(၁၅·ခ)နှင့် ၁၆(ဈ)ပါ မြေကွက်များအနက်မှ ဦးပိုင်အမှတ် ၁၆(ဈ)၊ ဧရိယာ၀ဒသမ၀၂၈ကေအား ပေးကမ်းခြင်းသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဧပြီ၇ရက် (၁၃၇၇ခုနှစ် တပေါင်းလကွယ်နေ့) နံနက် ၁၀နာရီတွင် အထက်က အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမြင့်အုန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်/ဦးပိုင်အမှတ် ၄၀၅၊ မြေကွက်တည်နေရာအမှတ် ၄၀၅၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ မြေကွက်တစ်ကွက်အား ဦးအောင်ဇော်မြင့်၊ ဒေါ်ထက်ထက်လင်း (ဘ) ဦးလွန်း၊ ဦးအောင်စိုး ၉/ပမန(နိုင်)၁၉၂၃၇၆၊ ၁၂/သခန(နိုင်)၀၇၄၇၄၅မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် ဝါဆို၊ မြေကွက်အမှတ် ၄၆၆၊ အလျား ၂၅ပေ×အနံပေ ၅၀အကျယ်အဝန်းရှိသော ဒေါ်ထွေးစိန်အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ လူနေရပ်ကွက်အမှတ် ဝါဆို၊ မြေကွက်အမှတ် ၄၆၇၊ အလျား ၂၅ပေ× အနံပေ ၅၀ အကျယ်အဝန်းရှိသော ဦးငွေဝင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးအောင်ဝင်းထွန်း(ခ)ဦးအောင်ကျော်ဦး ၁၂/ပဘတ(နိုင်) ၀၀၅၉၉၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နွယ်နီအောင် (LL.B, LL.M, D.I.R)**
**(စဉ်-၈၀၄၈)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၇၃၁၄၆၇၅၈**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ တပ်ပြင်ရပ်၊ ပိတောက်လမ်းသွယ်၊ အိမ်အမှတ် ၉နေ ဦးထင်လင်း(ဘ)ဦးကျော်အေး ၆/မမန(နိုင်)၁၁၅၄၃၁၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးထင်လင်းသည် လွန်ခဲ့သော ၂၁-၉-၂၀၀၄ရက်က တစ်ရပ်တည်းနေ ဒေါ်နီလာလင်း(ဘ)ဦးကြည်လင်း ၆/မမန(နိုင်)၁၃၅၅၇၉ကိုင်နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ (၁၀)နှစ်အရွယ်သမီးတစ်ဦးနှင့် (၉)နှစ်အရွယ်သားတစ်ဦးတို့ထွန်းကားခဲ့ပါသည်။ ထိုကဲ့သို့ ပေါင်းသင်းနေစဉ် ၉-၂-၂၀၁၆ရက်က နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းဖြစ်သော ယိုးဒယားရွှေ(၃)ကျပ်သားအလေးချိန်ရှိ လက်ဝတ်လက်စားများနှင့် ငွေသား(၃၅)သိန်းကျော်ကို ခင်ပွန်းဖြစ်သူအား အသိမပေးဘဲ တိတ်တဆိတ်ရယူ၍ နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ နေအိမ်သို့ပြန်မလာနိုင်၍ လိုက်လံစုံစမ်းခေါ်ယူရာ ယိုးဒယားနိုင်ငံအတွင်း အခြားယောကျ်ားတစ်ဦးနှင့် လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း၊ ကာယကံရှင်ကိုယ်တိုင်၏ ဖုန်းဖြင့် အကြောင်းကြားချက်အရ သိရပါသည်။ သို့ဖြစ်ရာ ဒေါ်နီလာလင်းသည် လက်ရှိခင်ပွန်းနှင့်ကွာရှင်းပြတ်စဲခြင်းမရှိသေးဘဲ အခြားသူတစ်ဦးနှင့် ပေါင်းသင်းနေထိုင်လျက်ရှိသဖြင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေအရ ပြစ်မှုကျူးလွန်သူ ဒေါ်နီလာလင်းသည် ယနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေ ဦးထင်လင်းနှင့် လင်ခန်းမယားခန်း ပြတ်စဲပြီဖြစ်၍ မည်သို့မျှပတ်သက်မှုမရှိတော့ကြောင်း၊ နောက်နောင် ဒေါ်နီလာလင်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စမဆို တာဝန်ယူမည်မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မြင့်မြင့်ငြိမ်း LL.B,Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၁၃)**
**မြဝတ်ရည်(၃)လမ်း၊ မြို့သစ်တံတားဦးရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၄၅၀၉၉၀၂၁၈**

## သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (Support Group for Elderly Doctors) သို့ ဖေဖော်ဝါရီလ (၁)ရက်နေ့ မှ (၂၉)ရက်နေ့အတွင်း လှူဒါန်းသော အလှူငွေစာရင်း

| | | |
|---|---|---|
| ၁။ | Dr. ဒေါ်ခင်ခင်ရီ (Shine Hope) | ၆၀၀,၀၀၀ ကျပ် |
| ၂။ | Dr. ဦးအောင်ကျော်ဝင်း + Dr. ဒေါ်သက်သက်ခိုင် (ရွှေနန်းတော်) | ၅၀၀,၀၀၀ ကျပ် |
| ၃။ | Dr. ဒေါ်ခင်သီ (မေ့ဆေးဆရာဝန်ကြီး USA) | ၃၆၉,၆၀၀ ကျပ် |
| ၄။ | Prof. ဒေါ်မိုးမိုးတင် | ၁၀၀,၀၀၀ ကျပ် |
| ၅။ | Dr. ဦးလှဘူး (UK) | ၁၀၀,၀၀၀ ကျပ် |
| ၆။ | (1974 - 1976) နှင့် 1982 batch မှဆရာဝန်အဖွဲ့ | ၁၀၀,၀၀၀ ကျပ် |
| ၇။ | Dr. ဒေါ်တင်တင်လှမိသားစု | ၁၀၀,၀၀၀ ကျပ် |
| ၈။ | Dr. ဒေါ်သီတာ (Mandalay) | ၅၀,၀၀၀ ကျပ် |
| ၉။ | Dr. ဒေါ်ငြိမ်းငြိမ်း | ၅၀,၀၀၀ ကျပ် |
| ၁၀။ | Prof. ဦးနေဝင်း + ဒေါ်မေမေသွဲ့ | ၃၆,၀၀၀ ကျပ် |
| ၁၁။ | Dr. ဒေါ်စန်းစန်းသွင် | ၃၀,၀၀၀ ကျပ် |
| ၁၂။ | Donor Club အဖွဲ့ဝင်ကြေး လှူဒါန်းသူ (၄) ဦး စုစုပေါင်း | ၁၆၀,၀၀၀ ကျပ် |
| ၁၃။ | Dr. ဦးခင်မောင်လွင်+ Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals မိသားစု) | ၁,၀၀၀,၀၀၀ ကျပ် |
| | စုစုပေါင်းတန်ဖိုးငွေကျပ် | ၃,၁၉၅,၆၀၀ ကျပ် |

❊ အလှူရှင်များအားလုံးကို SGED အလုပ်အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။ ❊

အလှူငွေများကို SGED office (MMA) အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (သို့) Day Care Centre - အမှတ်(၁၄ အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တွင် လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ▶ ၀၁-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆၊ ၀၁-၈၆၀၃၅၁၃



## သုံးထပ်တိုက်၊နှစ်ထပ်တိုက်နှင့်ရေကူးကန်တွဲရက်ပါဝင်သော(ပေ၁၀၀×ပေ၁၀၀)မြေကွက်ကိုမြေဈေးသာသာနဲ့ရောင်းမည်

စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ(၁၁၀၀၀)ခန့်ရှိသောတိုက်သစ်နှစ်လုံးနှင့် ရေကူးကန်ပါသော နှစ်(၆၀) ဂရမ်မြေကွက်ကို ဈေးလျှော့၍ရောင်းပါမည်။(၃၅ပေ×ပေ၇၀)နှစ်ထပ် RC တိုက်သစ်တွင် MB (၅)ခန်း၊ ရိုးရိုးအိပ်ခန်း(၃)ခန်း၊ စုစုပေါင်းအိပ်ခန်း(၈)ခန်း၊ အောက်ထပ်ဧည့်ခန်း၊ ပေါ်ထပ်ဧည့်ခန်း၊ ဘုရားခန်းကျယ်၊ မီးဖိုချောင်၊ ထမင်းစားခန်း၊ အိမ်ဖော်အိပ်ခန်းတို့ပါရှိသည်။အခန်းတိုင်းတွင် Aircon၊ ရေပူရေအေး၊ ပါကေးခင်း၊ ကြွေပြားကပ်၊ အလှမီးဆိုင်းနှင့် လိုက်ကာခန်းဆီးများတပ်ဆင်ထားသည်။(၂၅ပေ×ပေ၈၀) (၃)ထပ်တိုက်သစ်တွင်ကုမ္ပဏီရုံးခန်းဖွင့်ရန်အတွက် Hall Type ဖွဲ့စည်းထားသည်။အထပ်တိုင်းတွင်ရေချိုးခန်းအိမ်သာပါသည်။Reception ကောင်တာပါသည်။အပေါ်ဆုံး Roof Top တွင်Open Space ဝရန်တာနှင့် ဧည့်ခံပွဲပြုလုပ်နိုင်ရန် တည်ဆောက်ထားသည်။(၂)ထပ်တိုက်အနောက်ဘက်တွင် ခေတ်မီအဆင့်မြင့်ရေကူးကန်တစ်ကန်ပါသည်။ပါဝါမီတာ၊ ရိုးရိုးမီတာနှင့် 25KVA မီးစက်ပါသည်။အဝီစိရေ၊ ဂျိုးဖြူရေ၊ ရေ(၂)မျိုးပါသည်။ခေတ်မီအဆင့်မြင့်လုံးချင်းအိမ်ယာဝင်းဖြစ်၍ ပတ်ဝန်းကျင်အလွန်သန့်သည်။ ရတနာလမ်းနှင့် မေတ္တာလမ်းနှစ်ဖက်ပေါက်သော တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအဆင့်မြင့်အိမ်ယာ၊ သီဟသူလမ်းတွင် ပိတ်ရက်မရှိလာရောက်ကြည့်ရှုနိုင်ပါသည်။ဆိုဈေး သိန်း(၁၅၀၀၀) ငွေမြန်ပါကဈေးလျှော့ပေးမည်။ နှစ်ရှည်ငှားမည်ဆိုပါကအငှားတစ်လ သိန်း(၉၀) (ညှိနှိုင်း) အနဲဆုံး(၂)နှစ်စာငွေချေရမည်။❋ ပွဲစားလိုသည်❋

09-73179994, 09-254046498, 09-5372370, 09-261447029, 09-254331647, 09-31656754



WSBS TAUNGGYI

Partnered By: AYAtrust Securities Company Secure for Future

MYANMAR INSTITUTE OF FINANCE

တောင်ကြီးမြို့

## အရင်းအနှီးဈေးကွက်ဆိုင်ရာ ပညာသင်တန်း




စုံစမ်း/စာရင်းပေးသွင်းရန် - 09 262755955
09 254044547

MYANMAR INSTITUTE OF FINANCE-MIF

မြို့တော်ခန်းမ (တောင်ကြီးမြို့)
ဧပြီလ (၂) ရက် + (၃) ရက်


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/8152, Toyota Alphard MNH 15, M/B (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မမန(နိုင်)၀၂၈၇၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၂)၊ ဦးပိုင်အမှတ် (၈၆)၊ ၆၅×၆၆လမ်းကြား၊ ကနောင်×မက္ခရာလမ်းကြားရှိ ဗိုလ်မှူးအောင်ကျော်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ရီရီမြင့် ၉/မရတ(နိုင်)၀၇၂၅၄၉မှ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများ အထားအသို မှားယွင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှတ်တွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**အမရပူရမြို့နယ်တရားရုံးတော်၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇**

| | | |
|---|---|---|
| ဒေါ်ကြည်ရွှေ | **နှင့်** | ၁။ မောင်မျိုးခိုင် |
| | | ၂။ မောင်မျိုးနိုင် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၅)နေ (၁)တရားပြိုင် မောင်မျိုးခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၁)နေ တရားလို ဒေါ်ကြည်ရွှေက ချေးငွေကျပ်(၂၇)သိန်းတိတိ ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၈ ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**အမရပူရမြို့နယ်တရားရုံး**

## ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၈၇၊ မြေညီထပ်(ဝဲ) ဟုခေါ်တွင်သော တိုက်ခန်း၏ပိုင်ရှင်ဖြစ်ကြောင်း

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၈၇၊ ခြောက်လွှာနေ ဦးကျော်နိုင်က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂X၂)၊ မြေကွက်အမှတ်(V-၁၂၈)၊ ဧရိယာ ၀ဒသမ ၀၃၄ ဧကရှိ နှစ် ၉၀ ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျုံးကြီးလမ်း၊ အမှတ် ၂၈၇ ဟု ခေါ်တွင်သောမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အစ်ကိုအရင်းတော်စပ်သူ ဦးကျော်ဦး ၁၂/ကမရ(နိုင်)၀၄၅၆၀၀ နှင့် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးကျော်နိုင် ၁၂/ကမရ(နိုင်)၀၅၀၀၉၄ တို့သည် အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြပါသည်။ လွန်ခဲ့သော ၂၆-၁၁-၂၀၀၃ ရက်တွင် အထက်ပါမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့မှ ဦးကျော်ဦး၏ ပိုင်ဆိုင်ခွင့်အစုအားလုံးကို စွန့်လွှတ်ပြီး လက်ခံယူသူ ဦးကျော်နိုင်အား အပြီးအပိုင်စွန့်လွှတ်ခြင်းမှတ်ပုံတင်စာချုပ်ပြုလုပ်၍ လက်ရောက်စွန့်လွှတ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ၁၇-၈-၂၀၀၈ ရက်တွင် ဦးကျော်နိုင်က မြေရှင်တစ်ဦးအနေဖြင့် ကန်ထရိုက်တာ ဦးစိန်ဝင်းနှင့် "ကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲခြောက်ထပ်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်" ချုပ်ဆို၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ထံသို့ ဥပဒေနှင့်အညီ ဆက်သွယ်၍ နည်းလမ်းတကျ(၆)ထပ်တိုက်သစ်တစ်လုံးကို ဆောက်လုပ်ခဲ့ပါသည်။

အထက်ပါနှစ်ဦးသဘောတူကတိစာချုပ်အတိုင်း မြေရှင်ဖြစ်သူ ဦးကျော်နိုင်က ဆောက်လုပ်ပြီးစီးသည့် ခြောက်ထပ်တိုက်သစ်၏ မြေညီထပ်(ဝဲ)နှင့် ပထမထပ်(ယာ)တို့ကို ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေညီထပ်(ဝဲ)အခန်းအား နှစ်ဦးသဘောတူ ဆိုင်ခန်းငှားရမ်းခြင်း ကတိစာချုပ်ချုပ်ဆို၍ ဦးဇော်မင်းလတ်(Myanmar Convenience Store Co.,Ltd.)အား ယနေ့တိုင်ပိုင်ရှင်ဖြစ်သူ ဦးကျော်နိုင်က ငှားရမ်းထားဆဲဖြစ်ပါသည်။

အထက်ပါ(၆)ထပ်တိုက်သစ် ပြန်လည်ဆောက်လုပ်စဉ်ကာလကပင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးကျော်နိုင်ကိုသာ မြေရှင်တစ်ဦးအဖြစ် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ဥပဒေနှင့်အညီ တစ်စုံတစ်ရာကန့်ကွက်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

အထက်ပါ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၈၇၊ မြေညီထပ်(ဝဲ)အခန်းသည် ကျွန်ုပ်တို့၏အမှုသည် ဦးကျော်နိုင်နှင့် ဇနီးဖြစ်သူ ဒေါ်ယုယုဆွေတို့ကသာ တရားဝင်ပိုင်ဆိုင်သောအခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ပါ၍ အဆိုပါအခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍လည်းကောင်း၊ ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်တို့၏အမှုသည် ဦးကျော်နိုင်က ငှားရမ်းထားသောအိမ်ငှားများအပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်နှောင့်ယှက်ခြင်းစသည်တို့ မပြုလုပ်ကြရန်လည်းကောင်း အများသိစေရန် သတိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကြေညာချက်ကို မလိုက်နာပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးတက်ဝင်းမြိုင်** | **ဒေါ်သီသီလှိုင်** | **ဒေါ်ထွေးဆုပိုင်စိုး** |
| **B.A(Law).,LL.B** | **LL.B,D.M.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၄၁၅၂၈)** | **(စဉ်-၄၅၉၈၀)** |
| **(၁၉၅၃/၈၀)** | **အထက်တန်းရှေ့နေများ** | |

**LAW OFFICE OF WYNN & WIN**

**အမှတ် ၁၀/၁၂၊ ပထပ်၊ အခန်း(B-5)၊ ၃၅ (လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၉၇၆၃၃၃၀၁၈**

### ရဟန်း ဒါယိကာမကြီး ဒေါ်စန်းမြင့်
**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ် ၅၇၂နေ (ဦးအောင်သန့်- ဒေါ်ဖွားမြိုင်)တို့၏မြေး၊ (ဦးလူခ-ဒေါ်ထပ်)တို့၏သမီးချွေးမ၊ ဦးအောင်ကြည်၏ ချစ်လှစွာသောဇနီး၊ မောင်လှိုင်ဝင်း၊ ကိုအေးချို-မသက်မာဝင်း၊ မောင်အောင်မင်းသူ- မမြင့်မြင့်သိန်းတို့၏မိခင်၊ မောင်နိုင်ဘုန်းမြင့်မိုရ် (ခ) တုတု၏ အဘွားသည် ၂၂-၃-၂၀၁၆ ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် 85' batch မာလာဆောင် ကျောင်းသူ နန်းသန်းစိန် (တော်ဝင်မြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ကြီး၊ မန္တလေးမြို့) ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်ထွန်း အသက် (၈၆)နှစ်သည် ၂၀-၃-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**85' batch ထာဝရမာလာမေများ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမင်းမောင်
**စက်မှုလယ်ယာ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မန္တလေးအသင်း**
**အသက် (၉၄)နှစ်**

မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ (၁၉၉၉-၂၀၀၂)အဖြစ် ဆောင်ရွက်ခဲ့သော ဦးမင်းမောင်သည် ၁၄-၃-၂၀၁၆ ရက် နံနက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မန္တလေးအသင်း (ရန်ကုန်)**

### ဦးကုတ်ဆိုင်
**အသက် (၉၁)နှစ်**

ပုသိမ်မြို့၊ မြေနုလမ်း၊ အမှတ် ၁၇နေ (ဦးဖီးယား-ဒေါ်ရှုကီး)တို့၏သား၊ ဒေါ်လှလှ၏ခင်ပွန်း၊ ကိုသန့်ဇော်ဝင်း- မအေးအေးငြိမ်း (ရွှေနန်းစံရွှေဆိုင်)၊ ရန်ကုန်မြို့နေ ကိုကျော်သိုက်စိုး- မမျိုးအိအိခိုင် (စိုး-ငွေချေးလုပ်ငန်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၆ရက် (သောကြာနေ့)တွင် သရောင်းချောင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒေါ်အိအိ (Aunty Jean)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ 1A/7 မြသီတာအိမ်ရာနေ (ဦးတင်ထွန်း)၏ဇနီး၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ဆွေဦး၊ ဦးမောင်မောင်-ဒေါ်တင်မေထွန်း၊ (ဦးဝင်းထွန်း) - ဒေါ်ဥမ္မာကြင်၊ (ဦးမင်းထွန်း)-ဒေါ်သီသီအောင်တို့၏ချစ်လှစွာသောမိခင်၊ ဦးထွန်းသူရိန် -ဒေါ်မြတ်နန္ဒာထွန်း၊ ဦးထွန်းစည်သူ-ဒေါ်စမ်းသီတာစိုး၊ ဦးနန္ဒကျော်-ဒေါ်ခင်ချောချောခိုင်၊ ဦးတင်ကိုလှိုင်-ဒေါ်မေသူဝင်းထွန်း၊ ဦးဘိုချန်ထွန်း-ဒေါ်ပိုးအိဖြူ၊ မောင်ဝေဖြိုးမင်းထွန်း၊ မောင်ထူးဝေယံမင်းထွန်းတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၃- ၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်
**ပါမောက္ခ/ဌာနမှူး**
**ဆေးပညာသင်ကြားရေးဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**
**အသက်(၅၄)နှစ်**

ဝဏ္ဏကျော်ထင် ဦးစောလွင် (တရားရေးအတွင်းဝန်)-ဒေါ်မိမိစိန်တို့၏မြေး၊ ဒေါ်ခင်စိန်လွင် (Dolly)၊ [ဦးမြမောင်လွင်(Willy)ပြည်နယ်ဥပဒေအရာရှိ-ဒေါ်ခင်ခင်မြ(Margratte Nyunt)]၊ [ဗိုလ်ကြီးခင်မောင်လွင်(Jerry)]တို့၏တူမ၊ [ဦးအောင်ကြည်(ဦးရဲဘုန်းနိုင်)တိုင်းအခွန်ဦးစီးမှူး ပြည်တွင်းအခွန်ဦးစီးဌာန-ဒေါ်တင်မူလွင်(Nellie)]တို့၏သမီး၊ ဦးမျိုးချို-ဒေါ်စန္ဒာလွင်၊ ဦးဇော်ဝင်း-ဒေါ်ယဉ်မင်းလွင် (French Tour Guide)၊ (ရဲမှူးလွင်မောင်မြင့်)-ဒေါ်သီတာလွင်(ဗဟိုတရားရုံးရှေ့နေ)၊ ဒေါ်ကေသွယ်လွင်တို့၏ညီမ/အစ်မ၊ ကိုငြိမ်းချမ်း-ဒေါက်တာသက်သီရိဝင်း၊ ဗိုလ်ကြီးသုတ-ဒေါက်တာအိနှင်းဖြူ၊ ကိုအောင်ဆောင်း-မလွင်နှင်းဆီ၊ မောင်ဉာဏ်လင်းထွန်း၊ မောင်အောင်ဝင်းဖြိုးတို့၏အဒေါ်၊ မောင်စွမ်းဟိန်းထက်၊ မောင်ဝင်းသန့်ဦး၊ မသုပေဇင်တို့၏အဘွားလေး၊ ဗိုလ်မှူးချုပ်စောလွင်(တပ်မှူး၊ အမှတ်-၁၊ တပ်မတော်ဆေးရုံ ခုတင်-၅၀၀)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကေခိုင်စောလွင်၊ မလင်းလဲ့လွင်တို့၏မိခင်သည် ၂၂-၃-၂၀၁၆ ရက်ည ၁၁း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် နံနက် ၁၀နာရီတွင် တဆရ(၁/၅၀၀)ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (တတ-၄၉)၊ ဦးပိုင်အမှတ် (၅၆)၊ ၅၇လမ်းကျောကပ်၊ ဘုရင့်နောင်×အောင်ဇေယျကြားရှိ ဦးထိန်လင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်ကျော် ၅/တဆန(နိုင်)၁၀၆၉၄၂၊ ဒေါ်စိမ့်စန္ဒာ ၁၃/နခတ(နိုင်)၀၇၉၅၀၆မှ ဦးပိုင် ၅၆ (ခဲစင်း) တောင်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်
**ပါမောက္ခ/ဌာနမှူး**
**ဆေးပညာသင်ကြားရေးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ (ဦးကြည်သင်း-ဒေါ်ခင်ခင်)တို့၏သမီးချွေးမ၊ မန္တလေးမြို့၊ ၈၇ လမ်း၊ ၂၈×၂၉လမ်းကြားနေ [ဦးအောင်ကြည်(ခ)ဦးရဲဘုန်းနိုင်) တိုင်းအခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန)-ဒေါ်တင်မူလွင်]တို့၏သမီး၊ ဒေါ်ခင်စိန်လွင်၏တူမ၊ ဒေါ်ခင်ခင်သွယ်၊ ဒေါ်မူမူသင်း၊ (ဦးဇာလီဘုန်းနိုင်)၊ ဒေါ်ခင်မမထွန်း၊ (ဦးကြည်တင်ညွှန့်)- ဒေါ်ဟေမာဘုန်းနိုင်တို့၏ညီမ၊ ဦးရဲဘုန်းနိုင်ငယ်-ဒေါ်ပပမျိုး၊ (ဦးနန္ဒဘုန်းနိုင်)၊ ဒေါက်တာမျိုးသန့်-ဒေါက်တာရွှေစင်ဘုန်းနိုင်၊ ဦးကူနွဘုန်းနိုင်-ဒေါ်သီင်္ဂီဝင်း၊ ဒေါ်ကေရီဘုန်းနိုင်တို့၏အစ်မ၊ ဒေါက်တာကေခိုင်စောလွင်၊ မလင်းလဲ့လွင်တို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးချုပ်စောလွင် [တပ်မှူး အမှတ်-၁၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀)၏ ချစ်လှစွာသောဇနီးသည် ၂၂-၃-၂၀၁၆ရက် ည ၁၁း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် နံနက် ၁၀နာရီတွင် တဆရ (၁/ ၅၀၀)ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
**ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆)**
**အသက် (၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ(၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ် (၂)နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်အောင်လေး-ဒေါ်မေရီမျိုးမြင့် (ရွှေပဲဆီသန့်)**
**ဦးဆန်းလင်း-ဒေါ်ချိုချိုအောင်**
**ဦးထွန်းထွန်းလေး-ဒေါက်တာမိုမိုဦး**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)
**အသက် (၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ် (၂)၊ ခတ္တာ(၈)လမ်း အမှတ် ၃၀၉၈ နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးဝင်း-ဒေါ်မာလာမိသားစု**
**သိန်းကမ္ဘာအိမ်ဆောက်ပစ္စည်း**
**ရောင်းဝယ်ရေး (၂ ရပ်ကွက် မြောက်ဥက္ကလာပ)**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)
**မြန်မာ့အလင်းသတင်းထောက်**
**အသက် (၇၂)နှစ်**

ဘဝတစ်သက်တာတွင် သတင်းထောက်အလုပ်ကို နှစ်ပေါင်း(၅၀)ကျော်မျှ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သော ဦးမျိုးအောင်(မိုးအောင်-ကချင်မြေ)သည် ၁၅-၃-၂၀၁၆ ရက်တွင် မိုးညှင်းမြို့ မိသားစုနေအိမ်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လုပ်ဖော်ကိုင်ဖက်သတင်းထောက်များ**
**ဆလိုင်းမာန်ငိုင်း (မိုးညှင်း)**
**ထက်သူအောင် (မိုးကောင်း)**
**စိုးနိုင်ဦး (ဖားကန့်)**
**ခင်မောင်ဆွေ (မော်လူး)**
**နီတိုး (မော်လူး)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၆×၆၇လမ်းကြား၊ မင်္ဂလာ×စံပြလမ်းကြားရှိ ဦးစိုးမောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်ကျော်ဦး ၉/မရတ(နိုင်)၀၀၁၂၀၄၊ဒေါ်လဲ့လဲ့ဦး ၅/တဆန(နိုင်)၀၈၇၁၃၀ တို့မှ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်
**အသက် (၅၄)နှစ်**

အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူး၏ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်(တပ်မတော်ဆေးတက္ကသိုလ်)သည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်မင်းဦး- ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဆွေဦး(ငြိမ်း)နှင့်**
**အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အရာရှိ၊ စစ်သည်မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသန်းလွင် (ခ) KSM မိုဟာမက်ဟာရွန်း
**ကွတ်ခိုင်မြို့နယ်ဆရာဝန်ကြီး(ငြိမ်း)**
**အသက် (၇၂)နှစ်**

ကွတ်ခိုင်မြို့နေ အထက်တန်းသူနာပြုဆရာမ ဒေါ်ခင်လှဝင်းရွှေ(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာဦးသန်းလွင် ကွတ်ခိုင်မြို့နယ်ဆရာဝန်ကြီး(ငြိမ်း)သည် ၁၇-၃-၂၀၁၆ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်ဝင်း-လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု/ငြိမ်း)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ် (၁)၊ ၇၂×၇၃၊ ငုရွှေဝါ×ဇလပ်ဝါကြားရှိ ဒေါ်ခင်ညွန့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဝဏ္ဏဦး ၉/မရတ(နိုင်)၀၀၀၀၄၂ မှ ဦးပိုင်-၁ (ခဲစင်း) မြောက်ဘက်ခြမ်းအား မြေကွက်ဖိုးပေးသွင်းပြေစာပျောက်ဆုံး၍ ထုတ်ပေးသည့်ဒုတိယကြေးပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဦးမောင်မောင်လွင်(ခ)ဦးကောမိန် (ထားဝယ်)
**အသက်(၅၄)နှစ်**

ထားဝယ်မြို့၊ ဆင်ပုနစ်ရပ်၊ ကမြော ကင်းလမ်း၊ အမှတ်၂၆၁နေ ဦးကြည်ရွှေ -ဒေါ်ရှုဟန်တို့၏ ချစ်လှစွာသောသား၊ ဦးချိုချစ်ဝါ-ဒေါ်တင်ကြည်(ခ)ဒေါ်အေးအေးဦး၊ ဒေါ်လှရီတို့၏မောင်၊ ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်မြတ်၊ ဒေါက်တာမောင်မောင်အေး-ဒေါ်ယုဇနကျော်၊ ဒေါ်ငွေငွေ(ခ)ဒေါ်သူဇာတို့၏အစ်ကို၊ မောင်ဝေဖြိုး၊ မောင်အောင်ငွေးတို့၏ဦးလေး၊ မအမရာအေး၏ ဘကြီးသည် ၂၃-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊မြေကွက်အမှတ်(၁၀၅၀/ခ)၊မြေကွက်တည်နေရာအမှတ်(၁၀၅၀/ခ)၊သရဖီ(၁)လမ်း၊(၁၉)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးထွန်းလွင်အမည်ပေါက်ပါမြေအားအမည်ပေါက်ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့သူဒေါ်ညီယဉ်(၁၂/လမန(နိုင်)၀၈၄၄၉၂)မှတင်ပြပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံနှင့်ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခြင်းခံရသူများ၏မိမိနေထိုင်သူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၉၀၇၇၊ HONDA C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၉/မနတ(နိုင်)၁၀၇၂၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### အထူးကျေးဇူးတင်ခြင်း

၂၀-၃-၂၀၁၆ရက်တွင် စစ်တွေမြို့၌ ကွယ်လွန်ခဲ့သည့်သားငယ် မောင်စည်သာခန့်ဇော်၏ နာရေးကိစ္စအဝဝကို စိတ်အားလူအား ကူညီပေးကြသော နာရေးကူညီမှုအသင်း(စစ်တွေမြို့)နှင့် အသင်းသူ အသင်းသားများ၊ ရခိုင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ မေတ္တာဖြင့်လိုက်ပါပို့ဆောင်ပေးကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဆက်သွယ်သတင်းမေးမြန်းကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (H)၊ ဦးပိုင်အမှတ် (၁၀၁/ခ)၊ ၅၆×၅၇လမ်း၊ ခိုင်ရွှေဝါ×မနောဟရီကြားရှိ ဦးမြင့်ဇော်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသာလင်း(ခ)ခင်မောင်လင်း ၅/ကသန(နိုင်)၀၀၂၂၅၂ မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**



သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ထူးဖောင်ဒေးရှင်း

# ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာလူငယ်သုံးဦးတက်မည်

ရန်ကုန် မတ် ၂၄

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာလူငယ်တောင်တက်သမားသုံးဦး တက်ရောက်တော့မည်ဖြစ်သည်။ ကမ္ဘာပေါ်၌ တက်ရောက်ရအခက်ခဲဆုံး တောင်လည်းဖြစ်ပြီး အန္တရာယ်လည်းများလှသော ဧဝရက်တောင်ထိပ်သို့ မြန်မာနိုင်ငံသားသုံးဦး တက်ရောက်မည့်အကြောင်းနှင့်ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ အင်းစိန်လမ်း လှိုင်အားကစားကွင်းရှိ ရန်ကုန်ယူနိုက်တက်ကလပ် ဆွေးနွေးပွဲခန်းမ၌ မတ် ၂၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

"၂၀၀၅ ခုနှစ်ကတည်းက တောင်တက်လေ့ကျင့်မှုတွေ ပြုလုပ်ပြင်ဆင်ခဲ့တာပါ။ တောင်တက်နေချိန်မှာ အောက်ဆီဂျင်စနစ်တွေ၊ လမ်းခရီးမှာ ဘယ်လိုဖြတ်ကျော်ရမှာဆိုတာတွေကအစ ကြိုတင်ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေအနေနဲ့ ဧဝရက်တောင်ကို တက်ရောက်အောင်မြင်တာမျိုး သမိုင်းဝင် မှတ်တမ်းတင်ချင်ပါတယ်။ နီပေါနိုင်ငံမှာ ကမ္ဘာလှည့်

စာမျက်နှာ ၆ ကော်လံ ၁ ❖

# ဦးပိန်တံတား ပြုပြင်မှုများ စတင်ဆောင်ရွက်

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး မတ် ၂၄

မန္တလေး အမရပူရမြို့နယ်ရှိ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သော ဦးပိန်တံတား ပြုပြင်မှုလုပ်ငန်းများကို မတ် ၂၃ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဦးပိန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရန် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ တောင်မင်းကြီးဘုရားဝင်းအတွင်း၌ မတ် ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

"ဦးပိန်တံတားပြန်လည်ပြုပြင်မယ့်လုပ်ငန်းတွေကို စတင်လုပ်ဆောင်နေပါပြီ။ ပြုပြင်မှုပုံစံတွေကတော့ ယခင်မြန်မာမှုပညာရှင်တွေ၊ သမိုင်းပညာရှင်တွေ၊ ဒေသခံပြည်သူတွေနဲ့ ရှေးဟောင်းသုတေသနကတာဝန်ရှိသူတွေအကြံပေးထားတဲ့အတိုင်း လုပ်ဆောင်နေပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့်

စာမျက်နှာ ၇ ကော်လံ ၃ ❒

## ယနေ့ — ဖတ်စရာ


ရန်ကုန်သင်္ကြန် ရဲအင်အား ရှစ်ထောင်ကျော် လုံခြုံရေးဆောင်ရွက်မည် စာ » ၃

ဥရောပနိုင်ငံများအနေဖြင့် အိုက်အက်စ်အကြမ်းဖက်သမားများကို အရှိန်မြင့်တိုက်ခိုက်ရန် လိုအပ်ကြောင်း ပင်တဂွန်အကြီးအကဲပြော စာ » ၄

ငါးထောင်တန် ငွေစက္ကူအတုနှင့် ဆက်စပ်ပစ္စည်းများ မြစ်ကြီးနား၌ သိမ်းဆည်းရမိ စာ » ၁၃


# မြန်မာအသင်း ရှုံးသော်လည်း စင်ကာပူကို အကောင်းဆုံးကစားနိုင်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့် (ခေတ္တစင်ကာပူ)

စင်ကာပူ မတ် ၂၄

**၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအတွက် ပြင်ဆင်နေသည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်က စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

ကမ္ဘာ့ဖလား ခြေစစ်ပွဲနောက်ဆုံးပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ကစားခြင်းဖြစ်ပြီး စင်ကာပူလက်ရွေးစင်အသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့် ဂိုးဖြင့်အနိုင်ရသွားသည်။ မြန်မာအသင်းသည် ခြေစွမ်းပိုင်းအရ အိမ်ရှင် စင်ကာပူအသင်းထက်သာလွန် ကောင်းမွန်ခဲ့သော်လည်း ခံစစ်ပိုင်း အားနည်းချက်အချို့နှင့် တိုက်စစ်၌ လိုအပ်ချက်အချို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်း ခံစစ်ပိုင်းတွင် လူကပ်ကစားရာတွင် ပိုမိုကောင်းမွန်ရန် လိုအပ်နေပြီး အဓိကတိုက်စစ်မှူး ကျော်ကိုကိုမှာ ကစားဖော်များနှင့် အတွဲမိပါက တိုက်စစ်ပိုင်း ပိုကောင်းသွားဖွယ် ရှိနေသည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ်ဂက်ဖရိုင်းဒရစ်သည် ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး **ဂိုး**-ကျော်ဇင်ဖြိုး၊

စာမျက်နှာ ၁၁ ကော်လံ ၁ ❍



မြန်မာအသင်းမှ မျိုးကိုထွန်းနှင့် စင်ကာပူကစားသမားတစ်ဦးတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။






မြန်မာ့အလင်း Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

၂၀၁၆ ခုနှစ်၊ မတ် ၂၅ ရက်၊ သောကြာနေ့။

SUPER
COFFEEMIX
စူပါကော်ဖီမစ်

ပြည်တွင်းရေးရာ

**တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၀)**

စာ - ၃



လူမှုစီးပွား

**ပင်လယ်ချောက်ကမ်းပါး အလှများထက်က မီးခိုးမထွက်သည့်စက်ရုံများ**

စာ - ၄





# ပရီးမီးယားလိဂ်ရဲ့ အဆုံးမသတ်သေးသော သောက

စာ - ၂

## ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ

**အင်္ဂါနေ့ (၂၉-၃-၁၆)**

| | | | |
|---|---|---|---|
| ည ၃း၃၀ | သြစတြေးလျ | - | ဂျော်ဒန် |
| ည ၅း၀၀ | အာဖဂန်နစ္စတန် | - | စင်ကာပူ |
| ည ၅း၀၄ | ဂျပန် | - | ဆီးရီးယား |
| ည ၆း၃၀ | လက်ဘနွန် | - | မြန်မာ |
| ည ၆း၃၀ | ဖိလစ်ပိုင် | - | မြောက်ကိုရီးယား |
| ည ၆း၄၅ | တရုတ် | - | ကာတာ |
| ည ၇း၀၀ | အိန္ဒိယ | - | တာ့ခ်မင်နစ္စတန် |
| ည ၇း၃၀ | တာဂျစ်ကစ္စတန် | - | ကာဂျစ်စတန် |
| ည ၇း၃၀ | ဥဇဘက်ကစ္စတန် | - | ဘာရိန်း |
| ည ၈း၃၀ | ပါလက်စတိုင်း | - | တီမော |
| ည ၈း၃၀ | အီရတ် | - | ဗီယက်နမ် |
| ည ၉း၀၀ | အီရန် | - | အိုမန် |
| ည ၉း၃၀ | ယူအေအီး | - | ဆော်ဒီ |
| ည ၁၀း၃၀ | မော်လ်ဒိုက်ဗ် | - | ဘူတန် |

## ကမ္ဘာ့ဖလားတောင်အမေရိကဇုန်ခြေစစ်ပွဲ

**သောကြာနေ့ (၂၅-၃-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၇း၁၅ | ဘရာဇီး | - | ဥရုဂွေး |

**အင်္ဂါနေ့ (၂၉-၃-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၃း၀၀ | ကိုလံဘီယာ | - | အီကွေဒေါ |
| နံနက် ၅း၃၀ | ဥရုဂွေး | - | ပီရူး |
| နံနက် ၆း၀၀ | အာဂျင်တီးနား | - | ဘိုလစ်ဗီးယား |
| နံနက် ၆း၀၀ | ဗင်နီဇွဲလား | - | ချီလီ |
| နံနက် ၆း၁၅ | ပါရာဂွေး | - | ဘရာဇီး |

## ကမ္ဘာ့ဖလားကွန်ကာကပ်ဇုန်ခြေစစ်ပွဲ

**သောကြာနေ့ (၂၅-၃-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၂း၀၀ | စိန့်ဗင်ဆင့် | - | ထရီနီဒက်စ် |
| နံနက် ၆း၃၀ | ဂျမေကာ | - | ကော်စတာရီကာ |
| နံနက် ၆း၃၀ | ဟေတီ | - | ပနားမား |
| နံနက် ၇း၃၆ | အယ်ဆာဗေးဒိုး | - | ဟွန်ဒူးရပ်စ် |
| နံနက် ၈း၃၀ | ကနေဒါ | - | မက္ကဆီကို |
| နံနက် ၈း၃၆ | ဂွာတီမာလာ | - | အမေရိကန် |

**အင်္ဂါနေ့ (၂၉-၃-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၅း၃၀ | အမေရိကန် | - | ဂွာတီမာလာ |
| နံနက် ၅း၃၀ | ထရီနီဒက်စ် | - | စိန့်ဗင်ဆင့် |
| နံနက် ၇း၃၆ | ဟွန်ဒူးရပ်စ် | - | အယ်ဆာဗေဒို |
| နံနက် ၈း၀၀ | ပနားမား | - | ဟေတီ |
| နံနက် ၈း၃၀ | ကော်စတာရီကာ | - | ဂျမေကာ |
| နံနက် ၉း၀၀ | မက္ကဆီကို | - | ကနေဒါ |

## နိုင်ငံတကာခြေစမ်းပွဲများ

**သောကြာနေ့ (၂၅-၃-၁၆)**

| | | | |
|---|---|---|---|
| ညနေ ၉း၃၀ | အာမေးနီးယား | - | ဘီလာရုစ် |
| နံနက် ၁း၄၅ | လူဇင်ဘတ် | - | ဘော့စနီးယား |
| နံနက် ၂း၀၀ | စလိုဗက်ကီးယား | - | လတ်ဗီးယား |
| နံနက် ၂း၁၅ | ဟော်လန် | - | ပြင်သစ် |
| နံနက် ၂း၁၅ | အိုင်ယာလန် | - | ဆွစ်ဇာလန် |
| နံနက် ၃း၁၅ | ပေါ်တူဂီ | - | ဘူလ်ဂေးရီးယား |

**စနေနေ့ (၂၆-၃-၁၆)**

| | | | |
|---|---|---|---|
| ည ၁၁း၀၀ | ပိုလန် | - | ဖင်လန် |
| ည ၁၁း၀၀ | သြစတြီးယား | - | အယ်ဘေးနီးယား |
| ည ၁၁း၃၀ | ဟန်ဂေရီ | - | ခရိုအေးရှား |
| ည ၁၁း၃၀ | အဇာဘိုင်ဂျန် | - | ကာဇက်စတန် |
| နံနက် ၂း၁၅ | ဂျာမနီ | - | အင်္ဂလန် |

# ပရီမီယာလိဂ်ရဲ့ အဆုံးမသတ်သေးသော ဘောက

ဒီနှစ် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲမှာ အီတလီကလပ် ဂျူဗင်တပ်စ်က ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်ကို အချိန်ပိုမှာအရေးနိမ့်ပြီး ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကနေ ထွက်ရတယ်။ ဒါ့အပြင် အဲဒီ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့ပွဲတွေအပြီး နောက်ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲရဲ့ ဒုတိယအကျော့မှာလည်း အီတလီအသင်းတစ်သင်းဖြစ်တဲ့ လာဇီယိုက အိမ်ကွင်းမှာကစားခဲ့ရတာတောင်မှ စပါတာပရပ်ဂ်ကို သုံးဂိုးပြတ်ရှုံးနိမ့်မှုနဲ့အတူ ပြိုင်ပွဲကနေ ထွက်ခဲ့ရပြန်တယ်။ အရှင်းဆုံးပြောရရင် ဒီနှစ်ရာသီရဲ့ လက်ရှိအချိန်မှာ ဥရောပပြိုင်ပွဲကြီးနှစ်ရပ်ဟာ ကွာတားဖိုင်နယ်အဆင့်ကိုရောက်ရှိလာပြီဖြစ်ရာမှာ အဲဒီ ဥရောပပြိုင်ပွဲကြီးနှစ်ရပ်အတွင်း တင်ကျန်နေနိုင်တဲ့ အီတလီကလပ်အသင်းဆိုလို့ တစ်သင်းတလေတောင် မကျန် တော့ဘူးဆိုတော့ အဲဒီအကျိုးဆက်အဖြစ် အင်္ဂလန်ကလပ် အသင်းတွေရဲ့ ချန်ပီယံလိဂ်ဝင်ခွင့် နေရာခွဲတမ်းက ပြန်ပြီးခိုင်မာမှုရှိလာပြန်တယ်။

အရှင်းဆုံး ပြောရရင် ဒီနောက်ပိုင်း ကာလတွေမှာ အင်္ဂလန်ကလပ်တွေရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ခွဲတမ်းဟာ ခပ်လှုပ်လှုပ်သဘော ဆောင်ခဲ့ဖူးတယ်။ အထူးသဖြင့် မနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အီတလီ ကလပ်အသင်းတစ်သင်းဖြစ်တဲ့ ဂျူဗင်တပ်စ်က နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တယ်။ ယူရိုပါလိဂ်ပြိုင်ပွဲမှာဆိုရင်လည်း နာပိုလီနဲ့ ဖီအိုရင်တီးနားတို့ နှစ်သင်းဟာ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်တယ်။ အဲဒီလိုအချိန်မှာ အင်္ဂလန်ကလပ်အသင်းတွေကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့အတူ ယူရိုပါလိဂ်ပြိုင်ပွဲ နှစ်ရပ်စလုံးမှာ ကွာတားဖိုင်နယ်အဆင့်ကိုတောင်မှ တစ်သင်းမှ တက်ရောက်နိုင်ခြင်း မရှိဘူးဆိုတော့။ အဲဒီလိုရလဒ်တွေနဲ့အတူ အင်္ဂလန်ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့် လေးနေရာဟာ တစ်နေရာလျှော့ချခဲ့ရပြီး အီတလီက တစ်နေရာတိုးကာ ချန်ပီယံလိဂ်ကို လေးသင်းဝင်ခွင့် ပြန်ရနိုင်လောက်တဲ့အထိ အခြေအနေဖြစ်ခဲ့ဖူးတယ်။ အရှင်းဆုံးပြောရရင်တော့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ အီတလီကလပ်တွေဟာ အင်္ဂလန်ကလပ်တွေထက် ဥရောပအောင်မြင်မှုအဆင့် ပိုမြင့်ခဲ့မှုနဲ့အတူ အီတလီဟာ အင်္ဂလန်ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အရေအတွက်ကို ထိထိမိမိ ခြိမ်းခြောက်နိုင်ခဲ့ဖူးတယ်။

ဒါပေမယ့် ဆိုခဲ့ပြီးတဲ့အတိုင်း ဒီနှစ်ရာသီမှာကျတော့ ဥရောပပြိုင်ပွဲကြီးနှစ်ရပ်ဖြစ်တဲ့ ချန်ပီယံလိဂ်မှာရော ယူရိုပါလိဂ်မှာပါ ကွာတားအဆင့်ကိုတောင် အီတလီကလပ်အသင်းတွေ တစ်သင်းမှမတက်ရောက်နိုင်ခဲ့ပေမယ့် အင်္ဂလန်က မန်စီးတီးနဲ့ လီဗာပူးကတော့ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေမှာ ကွာတားအဆင့်ထိ တက်ရောက်နိုင်တယ်။ ဒီတော့ အင်္ဂလန်ကလပ်တွေရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အရေအတွက်ဟာ ပြန်လည်တည်ငြိမ်သွားပြီး ၂၀၁၇-၁၈ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအထိ လေးနေရာဆက်ရသွားတော့မယ်ဆိုတော့ အဲဒီအကြောင်းတရားနဲ့ ပတ်သက်ပြီး ပြောဆိုဆွေးနွေးစရာတွေကလည်း ရှိလာကြတယ်။

အထူးသဖြင့် ဆိုခဲ့ပြီးတဲ့အတိုင်း လက်ရှိအချိန်မှာ အီတလီကလပ်တွေရဲ့ ရှုံးနိမ့်မှုနဲ့အတူ အင်္ဂလန်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ခွဲတမ်းမှာ လေးနေရာဆက်ရဖို့ အာမခံချက်ပြန်ရသွား သော်ငြား အဲဒီအာမခံ ချက်ဟာ ရေ ရှည် အ တွက် မဟုတ်ဘူး။ ၂၀၁၇-၁၈ ဘောလုံး ရာသီအထိပဲ ပေးတဲ့အာမခံချက် တစ်ခုသာ ဖြစ်ပြီး နှစ်ရာသီ စံအာမခံချက်သာ ဖြစ်တယ်။ ဒီတော့ အဲဒီနှစ်ရာသီအလွန်မှာ အင်္ဂလန်ကလပ်တွေအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာခွဲတမ်းမှာ လေးနေရာဆက်လက်ရယူချင်တယ်ဆိုရင် လက်ရှိကာလကစလို့ အောင်မြင်မှုတွေပိုမိုရယူနိုင်ဖို့ လိုကိုလိုတဲ့အခါ အဲဒါကို အခုဥရောပ ပြိုင်ပွဲကြီးနှစ်ရပ်မှာ တင်ကျန်နေတဲ့ မန်စီးတီးရော လီဗာပူးပါ လုပ်ဆောင်နိုင်ပါ့မလားဆိုတာက ချင့်တွက်ချင်စရာကောင်းတဲ့ကိစ္စ တစ်ရပ်လိုဖြစ်လာတယ်။ အထူးသဖြင့်ပေါ့ အဆိုပါ ဥရောပပြိုင်ပွဲ ကြီးနှစ်ရပ်အတွက် ကွာတားအဆင့်ပွဲစဉ်တွေ မဲခွဲတဲ့နေရာမှာ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ကွာတားအဆင့်မှာ မန်စီးတီးက ပြင်သစ်ကလပ် ပီအက်စ်ဂျီနဲ့ဆုံတွေ့ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ကွာတားအဆင့်မှာကျတော့ လီဗာပူးက ဒေါ့မွန်နဲ့ဆုံရတော့မယ့်အခါ။ အင်္ဂလန်ကလပ်တွေရဲ့ စွမ်းဆောင်နိုင်ရည်နဲ့ ရရှိတဲ့အဆင့်အတန်းက ပိုပြီးမေးခွန်းထုတ်စရာဖြစ်လာရတယ်။

ပြောမယ်ဆိုရင်ပေါ့ ၂၀၁၇-၁၈ ဘောလုံးရာသီနောက်ပိုင်းနှစ်တွေမှာလည်း အင်္ဂလန်ကလပ်တွေ ချန်ပီယံလိဂ်ဝင်ခွင့် လေးနေရာ ထပ်ရရေးအတွက် ဥရောပအဆင့် သတ်မှတ်ချက်မှာ အီတလီထက် ပိုမိုအသာရယူလာနိုင်ဖို့ အောင်မြင်မှုတွေ ပိုမိုရယူထားနိုင်ရေး အရေးပါတဲ့အချိန်မှာ အခုလို ဥရောပပြိုင်ပွဲနှစ်ရပ်စလုံးမှာ မန်စီးတီးရော၊ လီဗာပူးပါ နိုင်ဖို့ခက် တဲ့ပြိုင်ဘက်တွေနဲ့ ဆုံနေတဲ့အခါ အဲဒါကို ကျော်ဖြတ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းလာတာပဲဖြစ်တယ်။



အထူးသဖြင့် ဥရောပအဆင့် သတ်မှတ်ချက်ဆိုတာက ငါးနှစ်တစ်ဖြတ် တွက်ချက်မှုဖြစ်တယ်။ ဥပမာပြောရရင် ၂၀၁၅-၁၆ ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့်ခွဲတမ်းကို ၂၀၀၉-၂၀၁၀ ကနေ ၂၀၁၃-၁၄ ရာသီအထိ ဥရောပပြိုင်ပွဲတွေမှာ တက်ရောက်နိုင်တဲ့ အဆင့်အလိုက် အမှတ်ပေးတွက်ချက်ခဲ့တာ။ ၂၀၁၆-၁၇ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ခွဲတမ်းအတွက်လည်း ၂၀၁၀-၁၁ ကနေ ၂၀၁၄-၁၅ ရာသီအထိ ရရှိတဲ့ ရပ်တည်မှု အဆင့်အတန်းနဲ့ အခြေခံတွက်ချက်တာဖြစ်သလို ၂၀၁၇-၁၈ ရာသီအတွက် ချန်ပီယံလိဂ် ဝင်ခွင့်ခွဲတမ်းအတွက်လည်း ၂၀၁၁-၁၂ ကနေ ၂၀၁၅-၁၆ ရာသီအထိ ဥရောပပြိုင်ပွဲနှစ်ရပ်အတွင်း ရပ်တည်နိုင်မှု အဆင့်အတန်းအလိုက် အမှတ်ပေးစနစ်နဲ့ တွက်ချက်ခဲ့တာဖြစ်တယ်။ အရှင်းဆုံး ပြောရရင် ၂၀၁၈-၁၉ ရာသီအထိ ဥရောပပြိုင်ပွဲနှစ်ရပ်မှာ ရပ်တည်နိုင်တဲ့ အဆင့်အလိုက်သတ်မှတ်ထားတဲ့ အမှတ်ပေးစနစ်နဲ့ တွက်ချက်ခဲ့ဝေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၇-၁၈ ချန်ပီယံလိဂ်ဝင်ခွင့်မှာ လေးနေရာရထားတဲ့ အင်္ဂလန်တွေအနေနဲ့ ၂၀၁၈-၁၉ ချန်ပီယံလိဂ်မှာ လေးနေရာဆက်ရချင်ရင် လာမယ့်ရာသီ ဥရောပပြိုင်ပွဲတွေနဲ့ ဒီရာသီဥရောပပြိုင်ပွဲတွေမှာ ဆက်လက်အောင်မြင်ဖို့လိုတယ်ဆိုတော့ မန်စီးတီးနဲ့ လီဗာပူးတို့ရဲ့ လက်ကျန်ကာလအတွင်း ဥရောပပြိုင်ပွဲတွေမှာ စွမ်းဆောင်ရည်ဟာလည်း ဆက်လက်အရေးပါလာခဲ့တာဖြစ်တယ်ဆိုတော့ ပီအက်စ်ဂျီနဲ့ ဒေါ့မွန်တို့ကို မန်စီးတီးနဲ့ လီဗာပူး ကျော်ဖြတ်နိုင်မလားဆိုတာကပါ အင်္ဂလန်ရဲ့ ချန်ပီယံလိဂ်ခွဲတမ်းတစ်နေရာအတွက် စိတ်ဝင်စားဖို့ပိုကောင်းလာတယ်။ အရှင်းဆုံးပြောရရင် ပီအက်စ်ဂျီနဲ့ ဒေါ့မွန်ဆိုတာက နိုင်ဖို့ခက်ခဲတဲ့အသင်းတွေ ပီအက်စ်ဂျီဆိုရင် ကစားသမားအင်အားကအစ တောင့်တင်းခိုင်မာမှုရှိတယ်။ အီဘရာဟီမိုဗစ်၊ ကာဗာနီ၊ ဒီမာရီယာ၊ ဆေးလ်ဗား၊ လူးဝစ်ဇ်၊ လူးကပ်မိုရာတို့လို ထိပ်တန်းကစားသမားတွေရှိတယ်။ ဒါ့အပြင် ပီအက်စ်ဂျီဟာ ဥရောပအဆင့်အောင်မြင်မှုကိုရယူနိုင်ရေးအတွက် အခြေခံကျကျတည်ဆောက်နေတဲ့အသင်း။ ထပ်ပြောရရင် လက်ရှိအချိန်မှာ ပီအက်စ်ဂျီဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်ဖို့ သေချာသွားပြီဆိုတော့။ အရှင်းဆုံး ပြောရရင် အောင်မြင်မှုကို မွတ်သိပ်တဲ့ စိတ်အခြေအနေနဲ့ အနှောင်အဖွဲ့ကင်းကင်း အားစိုက်လာမယ့် ထိပ်တန်းအဆင့် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို မန်စီးတီး ကျော်ဖြတ်နိုင်ဖို့ဆိုတာသိပ်ခက်ပါတယ်လို့ ကောက်ချက်ဆွဲထောက်ပြ လာကြတာပဲဖြစ်တယ်။

ဝေမိုးဆက်

**အောင်မြင်မှုကိုမွတ်သိပ်တဲ့ စိတ်အခြေအနေနဲ့ အနှောင်အဖွဲ့ကင်းကင်း အားစိုက်လာမယ့် ထိပ်တန်းအဆင့် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို မန်စီးတီး ကျော်ဖြတ်နိုင်ဖို့ဆိုတာသိပ်ခက်**

# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၀)



ယခုတွေ့မြင်ရသည့် တိုက်တာအဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မိုင်းလားမြို့ကို တွေ့ရစဉ်။

ပြီးခဲ့သည့် မတ် ၂၁၊ ၂၂ ရက်တို့တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို နယ်စပ်ရေးရာဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ အရည်အသွေးကောင်းမွန်၍ ဒေသခံတိုင်းရင်းသားများအနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ အသုံးပြုနိုင်ရေး၊ လုပ်ငန်းတိုင်းအပေါ် စေတနာထား၍ ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရေး၊ ဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ အစဉ်အမြဲ ပြန်လည်သုံးသပ်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းကလည်း နယ်စပ်ဒေသအလိုက် လုပ်ငန်းလက်ကျန်များ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ စာရင်းစစ်ကန့်ကွက်ချက်များ ဖြစ်ပေါ်လာပါကလည်း ပြီးပြတ်သည်အထိ လိုက်နာဖြေရှင်းဆောင်ရွက်ပေးရေး ဖြည့်စွက်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ သုံးသပ်မှာကြားချက်များထဲတွင် ကျွန်တော်သတိပြုမိသော၊ တစ်နည်းအားဖြင့် ကျွန်တော့်နားထဲတွင် စွဲသွားစေသော အချက်နှစ်ချက်ကို တွေ့လိုက်ရသည်။ ပထမ တစ်ချက်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ သမိုင်းကြောင်းများသည် တစ်နှစ်ချင်း၊ တစ်နှစ်ချင်း နှစ်အလိုက် ရှင်သန်ပြောင်းလဲနေသည်။ ယင်းကဲ့သို့ အစဉ်အလာကောင်းဖြင့် ပေါ်ပေါက်လာသော သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို မပျောက်ကွယ်ရလေအောင် မှတ်တမ်းပြုကြရေး မှာကြားခဲ့သည်။ ဒုတိယတစ်ချက်မှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင်အဆောက်အအုံများကို မပျက်မယွင်းရလေအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် အလေးထားမှာကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ထင်သာမြင်သာ ဥပမာတစ်ခုကို ပေးခဲ့သည်။ သူ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်စဉ် ဗိုလ်လောင်းတပ်ရင်းအတွက် အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များကို တိုးချဲ့ပြုပြင်ဆောက်လုပ်ခဲ့သော်ငြား၊ စစ်တက္ကသိုလ်ကို ၁၉၅၇ ခုနှစ် ဇွန်လ၌ ဗထူးတပ်မြို့မှ ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်စဉ်ကတည်းက ကျောင်းအုပ်ကြီးအဆက်ဆက် ရုံးထိုင်ခဲ့သော တစ်ထပ်အုတ်တိုက်နီ အဆောင်ကလေးကို ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း၊ ထို့အတူ ဗိုလ်လောင်းတပ်ရင်းအဆောင်သစ်များ ဆောက်လုပ်ရာတွင်လည်း မြေနေရာလွတ်လွတ်ကင်းကင်းရှိနေသော (L-Shape အဆောင်ကဲ့သို့အလွန်ရှေးကျသော) အဆောက်အအုံဟောင်းများကို တတ်နိုင်သမျှ မူလလက်ရာ၊ မူလပုံသဏ္ဌာန်မပျက် ဆက်လက်ထားရှိခဲ့ကြောင်း ပြောခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ပြောခဲ့သည့် L-Shape အဆောင်သည် ကျွန်တော်တို့ အပတ်စဉ် 22nd Intake နောက်ဆုံးနှစ်၌ အပတ်စဉ်တစ်ခုလုံး လူ ၁၀၀ ကျော် ပြောင်းရွှေ့နေထိုင်ခဲ့ရသည့် အဆောင်ဖြစ်၍ အမှတ်တရဖြစ်မိ၏။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးသည်လည်း ရှေးနှစ်ပေါင်းများစွာကပင် ဖွံ့ဖြိုးရေးသိပ္ပံဘဝမှ သန္ဓေတည် မွေးဖွားလာခဲ့သော ကျောင်းတော်ကြီးဖြစ်၍ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများစွာရှိနေသည်။ အဆိုပါအဆောက်အအုံများကိုလည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး ပြည်ထောင်စုဝန်ကြီးက မှာကြားပါသည်။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးသည် ထိုတက္ကသိုလ်ကြီးကို မကြာခဏ သွားရောက်ကြည့်ရှုစစ်ဆေးသူတစ်ဦးဖြစ်၍ ကောင်းမွန်သော ရေပေးဝေရေးစနစ်၊ မိလ္လာကန်များမှ ရေဆိုးများစနစ်တကျ ပြန်လည်စွန့်ပစ်သော စနစ်အပါအဝင် ခေတ်ကာလအပိုင်းအခြားကို ပြန်လည်ပြောပြနိုင်သော ကြမ်းခင်းကျောက်ပြားလေးများအကြောင်း၊ ကျွန်းသားနှင့် အလှဆင်ထားသည့် အနုစိတ်လက်ရာများအကြောင်းတို့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြခဲ့ဖူးသည်။ ရှေးကျသော အဆောက်အအုံများ၏ သမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးနှင့် ပတ်သက်၍ တိတိကျကျ သတ်မှတ်၍ရမည်မဟုတ်ပေ။ တန်ဖိုးဖြတ်၍မရသောအရာများစွာရှိနေပါသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တွင် ကျွန်တော်တို့ နတလဦးစီးဌာနရုံးတည်ရှိနေသော ဝန်ကြီးများရုံး၌ နေထိုင်စဉ် ထိုရုံးကြီး၏ သမိုင်းအစဉ်အလာကြီးမားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဗိသုကာ အနုလက်ရာခမ်းနားထည်ဝါမှုတို့၏ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ နေပြည်တော်သို့ ရုံးအသီးသီးပြောင်းရွှေ့ချိန်၌ ဌာနအလိုက်တာဝန်ရှိသူများက အိုးအိမ်ဦးစီးဌာနသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးရာတွင် ကျွန်တော်သည် နတလဦးစီးဌာန ရုံးဌာနအားလုံးကို လွှဲပြောင်းပေးသည့် အဖွဲ့ခေါင်းဆောင်ဖြစ်ခဲ့သည်။ လွှဲပြောင်းရေးလုပ်ငန်းတာဝန်များပြီးဆုံးချိန်၌ နောက်တစ်ကြိမ် ပြန်လည်ရောက်ရှိရန် မလွယ်ကူတော့သော ဝန်ကြီးများရုံးဝင်းအတွင်း လှည့်လည်၍ တစ်ရုံးလုံးကို မှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။ ယခုလို သင်္ကြန်မတိုင်မီကာလမျိုးတွင် ဝန်ကြီးများရုံးပတ်ပတ်လည်၌ စိန်ပန်းနီနီ၊ ငုပန်းဝါဝါများက ဝါတစ်ထွေ နီတစ်လှည့် ဖြင့်လှိုင်လှိုင်ပွင့်၍ နေတတ်သည်ကို အမှတ်ရနေမိသေးတော့သည်။



ငြိမ်းချမ်းရေးမရမီက တွေ့မြင်ရသည့် ယခင် မိုင်းလားမြို့။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သန်လျင်တံတားအနီး၌ နတလဦးစီးဌာနက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၁၉၉၆ နှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် လက်ထက်၌ အဝင်ဂိတ် (Grand Gate) နှင့် တောင်ကုန်းတောင်တန်း အတုများ၊ လက်မှုအနုပညာပြခန်းဆောင်များ(စဉ့်ရွာ) တို့ကို စတင်တည်ဆောက်ခဲ့ပြီး ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်လက်ထက် ၂၀၀၂ခုနှစ် နှစ်ဆန်းပိုင်း၌ တိုင်းရင်းသားရိုးရာအိမ် ရှစ်လုံးနှင့် ဒေသအထိမ်းအမှတ်များကို တည်ဆောက်ခဲ့သည်။ ဆက်လက်၍ နန်းမြင့်မျှော်စင်နှင့် Food Centre၊ ပြည်ထောင်စုခန်းမကြီး၊ အဝင်ဂိတ်မုခ်ဦးတို့ကို ထပ်မံတည်ဆောက်ခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာကြီးထဲတွင် ထိုကဲ့သို့ခမ်းနားထည်ဝါသော အဆောက်အအုံများ တိုးတက်များပြားလာသည့်နည်းတူ သက္ကညီနောင်ဘုရားအပါအဝင် စေတီငယ်များ၊ နတ်ကွန်းများကို ရှေးမူရှေးဟန်မပျက် ဆက်လက်တည်ရှိစေခဲ့သည်။ ကြည်ညိုသပ္ပာယ်စွာဖူးတွေ့နိုင်ခဲ့သည်။ တိုင်းရင်းသားကျေးရွာထဲက အဖိုးမဖြတ်နိုင်သော သမိုင်းတန်ဖိုးတစ်ခုပင်။

ပြည်ထောင်စုဝန်ကြီး မှာကြားခဲ့သော သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းအချက်အလက်များ ပြည့်စုံစွာပြုစုထားရှိရေးကိစ္စနှင့်စပ်လျဉ်း၍ နတလဗဟိုကော်မတီ၊ နတလလုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ခုနှစ်မှစ၍ ပြုစု ထားသော မှတ်တမ်းများရှိနေသည်။ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် မှတ်တမ်းစာအုပ်အမှတ် (၈) အထိထုတ်ဝေခဲ့ဖူးသည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူလက်တွဲဆောင်ရွက်ခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်း/တံတား၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ လူမှု/သမ၊ ပြည်ထဲရေး၊ သယ်ပို့၊ သစ်တော၊ ကုန်သွယ်ရေး၊ သတ္တု၊ ဆက်သွယ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ စီမံ/ဘဏ္ဍာ၊ စာရင်းစစ်ဆေးရေးဟူသော လုပ်ငန်းဆပ်ကော်မတီ ၁၈ ခု၏ စွမ်းဆောင်မှုများကို အဆိုပါမှတ်တမ်းစာအုပ်များထဲတွင် ဖော်ပြပါရှိသည်။ ထို့အပြင် ပြောင်းလဲတိုးတက်လာသော နယ်စပ်ဒေသများ၏ ပုံရိပ်များကိုလည်း ရှာဖွေတွေ့ရှိရသည်။ ဥပမာအားဖြင့် “ဝ”ဒေသအတွင်း၌ ပန်ဆန်း၊ ဝိန်းကောင်၊ မိုင်းမော၊ နမ့်တစ် အစရှိသည်တို့၏ ကျေးရွာအဆင့်မှ မြို့ကြီးပြကြီးအဆင့်သို့ ပြောင်းလဲလာမှုများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မိုင်းလားမြို့၏ဖွံ့ဖြိုးတိုးတက်လာမှုများ၊ မော်ဖဒေသအတွင်း၌ မက်မန်းမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ၊ ကချင်အထူးဒေသ(၁) နယ်မြေတွင် ပန်ဝါမြို့ တည်ဆောက်ရေးလုပ်ငန်းများ၊ ကေအိုင်အေ တပ်မဟာ(၄)မှ ဦးမထုနော်နှင့်အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်တွင် အခြေချနေထိုင်ရန် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကောင်းခါးမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ၁၉၉၁ခုနှစ်တွင် ဦးအိုက်မုန်း ဦးစီးသော PSLAအဖွဲ့ တရားဥပဒေဘောင် အတွင်းဝင်ရောက်လာချိန်တွင် အခြေချနေထိုင်ရန် တည်ဆောက်ပေးခဲ့သော မန်တုံမြို့သစ်၊ ထို့အတူ ကရင်ပြည်နယ်အတွင်း၌လည်း ဗဟိုကော်မတီဝင် ပဒိုအောင်ဆန်းနှင့်အဖွဲ့ အခြေချနေထိုင်ရန် ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာ၊ ဦးစောသမူဟဲ၏ အဇင်း/ကျိုက်ဒုံဒေသဖွံ့ဖြိုးရေး၊ သံတောင်မြောက်ပိုင်းဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ၁၉၉၆ခုနှစ် MTAအဖွဲ့ကြီး လက်နက်စွန့်ပြီးချိန်တွင် အဖွဲ့များခွဲ၍ အခြေချနေထိုင်ခဲ့ကြရာ ရှမ်းပြည်နယ်မြောက်ပိုင်း၌ မန်ပန်ကျေးရွာ၊ မုန်းဟင်/မုန်းဟ ကျေးရွာ၊ ရှမ်းပြည်နယ်တောင်ပိုင်း၌ ဟိုမိန်း၊ နားရိုင်း၊ ရွှေပြည်အေး(ကသဲကွင်း)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ မုန်းထော်/မုန်းထဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စသည်. . . စသည် တို့နှင့်စပ်လျဉ်းသည့် ပုံရိပ်များကို ယင်းမှတ်တမ်းစာအုပ်များတွင် တွေ့မြင်ရမည်ဖြစ်သည်။ ကျွန်တော်တို့ ရန်ကုန်၌ရှိစဉ် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ယင်းမှတ်တမ်းစာအုပ်များအား တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် အခြားမော်ကွန်းတိုက်များသို့ သွားရောက်လှူဒါန်းခဲ့ဖူးပါသည်။

ခေတ်ကာလအခြေအနေ မည်သို့ပင်ပြောင်းလဲသွားစေဦးတော့ မပြောင်းမလဲ မယိမ်းမယိုင် တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်မှာ တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသအသီးသီးတွင် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများပင် ဖြစ်သည်။ ဆက်၍. . . ဆက်၍လည်း ဆောင်ရွက်ရပါဦးမည်။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ. . . . .။

မြင့်စိုး(နတလ)

တနင်္သာရီတိုင်းဒေသကြီး

# ပင်လယ်ချောက်ကမ်းပါးအလှများထက်က မီးခိုးမထွက်သည့်စက်ရုံများ


သဘာဝအပန်းဖြေရာ မလိဝမ်းရေတံခွန်

နိုင်ငံတော်၏ ပွင့်လင်းပြောင်းလဲလာသည့် စီးပွားရေးမူဝါဒများနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်း သဘာဝခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းကဏ္ဍများတွင် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည့်အပြင် ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များပိုင်ဆိုင်သည့် ကုမ္ပဏီများကလည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် တစ်စထက်တစ်စရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာနေကြသည်ကို တွေ့ရသည်။

အထူးသဖြင့် သာယာလှပသည့် ပင်လယ် ကမ်းရိုးတန်းကြီး ပိုင်ဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြန်မာပြည်၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့သည် မြေညီမြေပြန့်နည်းပါးပြီး တောင်တန်း၊ တောင်ကုန်း တောင်စောင်း ချောက်ကမ်းပါးများဖြင့် ပင်လယ်ဝန်းရံကာ တစ်မူထူးခြားလှပသည့် မြို့တစ်မြို့ဖြစ်သည်။ မြို့နှင့် အလှမ်းမဝေးလှသည့် အက်ဒမန်ပင်လယ်ကြီးအတွင်း သဘာဝအလှပင်လယ်ကျွန်းပေါင်းများစွာအပြင် မြန်မာနိုင်ငံ၏ အခြားအခြားသောနေရာဒေသများစွာရှိ သဘာဝအလှအပများနှင့်မတူ တစ်မူကွဲပြားထူးခြားစွာ တွေ့ရခဲသည့် သဘာဝအလှအပများတည်ရှိရာ နိုင်ငံခြားသားလုပ်ငန်းရှင်များထက် မိမိဒေသအပေါ် သံယောဇဉ်ကြီးလွန်းသည့် မြို့ခံလုပ်ငန်းရှင်များ အများဆုံးရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာ မြို့တစ်မြို့ဖြစ်သည်။

မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့မှ မြောက်ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်းသွားသော် ၂၅ မိုင်အကွာရှိ မလိဝမ်းရွာလေးတွင် ကော့သောင်းမြို့၏ တစ်ခုတည်းသောသဘာဝအပန်းဖြေ မလိဝမ်းရေတံခွန်နှင့် သဘာဝရေပူစမ်းတို့ရှိသည်။

ယခုအခါ မလိဝမ်းသဘာဝရေတံခွန်နှင့် ရေပူစမ်းတို့အား ဒေသခံဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီတစ်ခုဖြစ်သည့် TZK Hotel & Tour က နိုင်ငံတော်၏ တရားဝင်ခွင့်ပြုချက်ဖြင့် သဘာဝအနေအထားမပျက်မယွင်းစေဘဲ အဆင့်မြင့်စွာ မွမ်းမံပြင်ဆင်မှုများကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တစ်စတစ်စ ဝင်ထွက်လည်ပတ်လျက်ရှိရာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးရာ နေရာတစ်ခု ဖြစ်နေပြီဖြစ်သည်။

ကော့သောင်းမြို့မှ လေးမိုင်ခန့်အကွာ ပင်လယ်ကမ်းခြေအစပ်၌ ပြာလဲ့လဲ့မိုးကောင်းကင်ကြီးနှင့် စိမ်းမြကြည်လင်လှသည့် ပင်လယ်ပြင်ကြီးအကြား ခေတ်မီဗိသုကာနည်းပညာဖြင့်ရင်သပ်ရှုမောဖွယ်၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ် မြန်မာ့ရှေးမူ ရောစွက်လျက် လှပသည့်ဒီဇိုင်းဖြင့် တည်ဆောက်ထားသည့် ဗစ်တိုးရီးယား ကလစ်ရီဆော့ဟိုတယ်သည် နိုင်ငံတကာစံချိန်မီ ဝန်ဆောင်မှုများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လွန်စွာနှစ်ခြိုက်ကြရာ ဝင်ရောက်လည်ပတ်တည်းခိုမှုမြင့်တက်လျက် နိုင်ငံခြားဝင်ငွေရှာဖွေပေးရာနေရာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတောင်ဘက်စွန်းကော့သောင်းမြို့မှ ရေမိုင် ၄၂ မိုင်အကွာ စပိဘုတ်ဖြင့် တစ်နာရီခန့်ခရီးနှင်ပါက TZK Hotel & Tour ဒေသခံကုမ္ပဏီ၏ Resort အပန်းဖြေစခန်းရှိရာ အက်ဒမန်ပင်လယ်အတွင်း သဘာဝကျွန်းပေါင်းများစွာအနက်မှ အလွန်လှပကြည်နူးဖွယ်ကောင်းသည့် ညောင်ဦးဖီးကျွန်းရိဆော့သည် ခရီးသွားဧည့်သည်များကို နိုင်ငံတကာစံချိန်မီ ဝန်ဆောင်မှုများဖြင့် နိုင်ငံခြားငွေရှာဖွေပေးရာနေရာတစ်ခုဖြစ်သည်။

ကော့သောင်းမြို့မှ တောင်ဘက် အက်ဒမန်ပင်လယ်အတွင်း စပိဘုတ်ဖြင့် ၁၅ မိနစ်ခန့်ခရီးနှင်လျှင် သူဌေးကျွန်းပေါ်တွင် တည်ရှိသည့် နိုင်ငံတကာစံချိန်မီ ကြယ်ငါးပွင့်အဆင့်ရှိ Grand Andaman Hotel သည် နိုင်ငံခြားခရီးသွားများ၏ ရပ်ဝန်းတွင် အထူးရေပန်းစားအကြိုက်တွေ့ကြပြီး ပင်လယ်ကျွန်း အလည်အပတ်ခရီးစဉ်များဖြင့် ကမ္ဘာလှည့်ခရီးသွားများနှစ်ခြိုက်ရာ နိုင်ငံခြား ငွေရှာဖွေပေးရာတစ်ခု ဖြစ်သည်။

လတ်ဆတ်သန့်ရှင်းသည့် ပင်လယ်လေကို အားပါးတရရှူရှိုက်လိုခြင်း၊ ထူးခြားဆန်းကြယ်လှသည့် ရေမြေတောတောင် ပင်လယ်သတ္တဝါများစွာ၏ သဘာဝအရှိတရားကို မျက်မြင်ကိုယ်တွေ့ ခံစားလိုခြင်း၊ စသည့် တပ်မက်မှုပေါင်းများစွာကို ဖြည့်ဆည်းပေးမည့် ပင်လယ်ချောက်ကမ်းပါးအလှများထက်က မီးခိုးမထွက်သည့် စက်ရုံများရှိရာ မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့လေးဆီသို့ လာရောက်လည်ပတ်နိုင်ရေး နိုင်ငံတကာမှ ခရီးသွားဧည့်သည်များအား ဖိတ်ခေါ်လျက်ရှိသည်။

**မောင်မောင်ကျော်စိုး (သတ္တဗေဒ)**

---

နေပြည်တော်ကောင်စီနယ်မြေ

# ပုလဲသွယ်စပ်မျိုး(နှံစပါး) မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာတွင် စိုက်ပျိုးထားရှိသော နှံစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး Long (11) သက်တမ်းတို မျိုးစေ့ထုတ်လုပ်ငန်း ဧက ၁၀၀ သည် ယခုအခါ အဖိုလိုင်း၊ အမလိုင်းများ မှို့ကပ်သည့်အဆင့်တူညီနေပြီး အဆင့်အားဖြင့် အောင်မြင်မှုအဆင့် (၇)တွင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အမလိုင်း၏ သက်ရက်မှာ ၆၇ ရက်သားရှိပြီး အဖိုလိုင်း၏ သက်ရက်မှာ ၆၃ ရက်သားရှိကာ မတ်လနောက်ဆုံးပတ်တွင် ဝတ်မှုန်ကူးပွဲ ကျင်းပမည်ဖြစ်ကြောင်း စိုက်ကွင်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမြင့်မောင်ထွေးက ပြောသည်။

အဆိုပါစိုက်ကွင်းတွင် ၂၀၁၃ ခုနှစ်မှစတင်၍ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်လာခဲ့ရာ အထွက်နှုန်းများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုထွက်ရှိခဲ့ပြီး ယင်းမျိုးစပါးများကို တိုင်းဒေသကြီး ပြည်နယ်များသို့ စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

"စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းရဲ့ အကျိုးကျေးဇူးက စိုက်ပျိုးရေးဝန်ထမ်းတွေကို စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာဗဟုသုတတွေ ရရှိစေပါတယ်။ တောင်သူတွေလည်း အဆိုပါ စပါးမျိုး စိုက်ပျိုးခြင်းကြောင့် အကျိုးအမြတ်ပိုမိုရရှိတာ သိရှိပြီး တောင်သူများကိုယ်တိုင် ရွေးချယ်စိုက်ပျိုးတတ်လာတာတွေ့ရပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေနဲ့လည်း စပ်မျိုးစပါးထုတ်ခြင်းလုပ်ငန်းကို စိတ်ဝင်စားလာပြီး အကျိုးတူ လုပ်ဆောင်လာနိုင်မှာဖြစ်လို့ နိုင်ငံတော်ရဲ့ဝင်ငွေကိုလည်း တိုးတက်ရရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ကိုက်ညီသော သက်တမ်းတိုစပါးမျိုးများ စိုက်ပျိုးခြင်းကြောင့် နှံစပါးနှင့် မိုးစပါးကြားမှာ အခြားသီးနှံများကို တောင်သူများ စိတ်ကြိုက် ရွေးချယ်စိုက်ပျိုးနိုင်မှာဖြစ်လို့ အရင်ကထက် အကျိုးအမြတ်ပိုမိုရရှိနိုင်မှာပါ"ဟု စိုက်ကွင်းတာဝန်ခံက ဆက်လက် ရှင်းပြသည်။


ကိုပေါက် (ဥက္ကာမြေ)

တိုင်းဒေသကြီး/ပြည်နယ်များမှ အဆိုပါ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ လာရောက်လေ့လာသော တောင်သူဦးကြီးများက "ယခုလို မျိုးစေ့ထုတ်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရင် ကျွန်တော်တို့ တောင်သူတွေအတွက် အကျိုးရှိလို့ ဒေသအနှံ့အပြားမှာလည်း မျိုးစေ့ထုတ်လုပ်ငန်းတွေ ပေါ်ပေါက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများအတွက် စိုက်ပျိုးရေကို ဆည်မြောင်းဦးစီးဌာနက ငလိုက်ဆည်ရေသောက်စနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

**ကချင်ပြည်နယ်**

# အောင်စံတည်ထားကုက္ကဋ္ဌာသယအောင်ချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ



အောင်စံတည်ထားကုက္ကဋ္ဌာသယ အောင်ချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ပွဲကို မတ် ၂၃ ရက်က မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ အောင်ချမ်းသာရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက် လောကဟိတသန္တိစယသုခါဝိဟရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဥပါသကာများက စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များနှင့် အရံစေတီတော်များကို သံဃာတော်များထံ ဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အောင်စံတည်ထားကုက္ကဋ္ဌာသယ အောင်ချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို ပင့်ဆောင်ပူဇော်ကာ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ကြပြီး မင်္ဂလာရထားပျံပေါ် သို့ပင့်ဆောင်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ရွှေမိုး၊ ငွေမိုးများ ပက်ဖျန်းပေးခဲ့ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ**

**ရခိုင်ပြည်နယ်**



# ရခိုင်သျှစ်သောင်းမြောက်ပွဲ(ခ)သဲပုံစေတီပွဲကျင်းပ

သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှု မြှင့်တင်ရေးအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့ စစ်တွေဟိုတယ်အနီးကမ်းခြေ၌ မတ် ၂၃ ရက်(တပေါင်းလပြည့်နေ့) မွန်းလွဲ ၂ နာရီက စတင်ကာ (၁၂) ကြိမ်မြောက် ရခိုင်သျှစ်သောင်းမြောက်ပွဲ (ခ) သဲပုံစေတီပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ တပေါင်းလပြည့်နေ့တွင် သဲဖြင့် စေတီတည်ထား ကုသိုလ်ယူခြင်းကို သျှစ်သောင်းမြောက်ပွဲဟု ရခိုင်တို့က ခေါ်ကြသည်။ ယင်းပွဲတော်မှာ ရခိုင်တို့ ဗုဒ္ဓဘာသာဝင်စတင်ဖြစ်လာကတည်းကပင် ယခုတိုင်တည်ရှိလာသောပွဲလည်း ဖြစ်သည်။ သျှစ်သောင်းမြောက်ပွဲမှာ တစ်ဦးတည်းတည်သော စေတီမျိုးမဟုတ်ဘဲ အများအားဖြင့် စုပေါင်းကာ တည်ထား ကုသိုလ်ယူကြရသည်။ သဲစေတီများတည်ရာ သဲသောင်ပြင်သည် သူပိုင်ငါပိုင် မဟုတ်ဘဲ ပုံ့သကူရသောသဲဖြစ်သဖြင့် အတ္တ၊ မာန်မာနကင်းသည်။ သဲစေတီကိုတည်ထားခြင်းသည် မြတ်စွာဘုရား၏ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်တို့၏ ဂုဏ်တော်များကို ချီးကျူးရာလည်း ရောက်သည်။ ထို့ကြောင့် ရခိုင်တို့က ယင်းပွဲကို သျှစ်သောင်းမြောက်ပွဲဟုခေါ်ကြောင်း သိရသည်။

အဆိုပါသဲပုံစေတီပွဲတော်သို့ အသင်းအဖွဲ့လိုက်၊ မိသားစုလိုက် လာရောက်ပူဇော် ကုသိုလ်ယူကြသူများ၊ သဲပုံစေတီများ တည်ဆောက်ခြင်းကို လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။ သဲပုံစေတီပွဲတော်တွင် စေတီတည်ဆောက် ကုသိုလ်ယူကြသည့် ဒေသခံပြည်သူများက မြောက်ဦးဒေသရှေးဟောင်းအမွေအနှစ် စေတီပုထိုးများဖြစ်သော သျှစ်သောင်းဘုရားများ၊ ထုက္ကန်သိမ်၊ အံတော်သိမ် ဘုရားများ၊ အခြားဒေသအသီးသီးမှ တန်ခိုးကြီးပုထိုးတော်ကြီးများ တည်ဆောက်ကြကြောင်း သိရသည်။ ယင်းအပြင် တည်ဆောက်ထားသော သဲပုံစေတီများတွင် တံခွန်၊ ကုက္ကား၊ ပန်းနီ၊ ပန်းဖြူ ထီး၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် လှူဒါန်းပူဇော်ကုသိုလ်ယူကြကြောင်းသိရသည်။

**မြတ်ဝေ**

**မွန်ပြည်နယ်**

# (၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား သထုံမြို့နယ်၌ စည်ကားစွာကျင်းပ

(၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ်လ ၂၃ ရက်က မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာရှိ အလံတရာစေတီဝင်းအတွင်း စည်ကားစွာကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသား အလံတို့အား အလေးပြုကြပြီး သဘာပတိအဖွဲ့ဝင်တစ်ဦးက အမှာစကားပြောကြားကာ အခမ်းအနားသို့ ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ပေးပို့သည့် ပအိုဝ်းအမျိုးသားနေ့ဂုဏ်ပြုသဝဏ်လွှာကို ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လည်းကောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၏ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က လည်းကောင်း ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာကိုယ်စားလှယ် ဒေါ်နန်းစံဝင့်ခိုင်က တိုင်းရင်းသားများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို)မှ သဝဏ်လွှာကို ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အတွင်းရေးမှူး ဦးခွန်သန်းဝေက လည်းကောင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) က ပေးပို့သောသဝဏ်လွှာကို ဗဟိုကော်မတီဝင် ဦးခွန်တင်ဆွေဦးက လည်းကောင်း ဖတ်ကြားကြရာ တိုင်းရင်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြပြီး ကျေးရွာအသီးသီးမှ တိုင်းရင်းသား ယိမ်းအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



**တနင်္သာရီတိုင်းဒေသကြီး**

# ရေလုပ်သားများ လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံရေးပညာပေး သင်တန်းဖွင့်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)နှင့် မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဒေသတွင်းကင်းမွန်ငါးဖမ်းလှေများတွင် လုပ်ကိုင်နေသော ရေလုပ်သားများလုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးရက်တိုသင်တန်းကို မတ် ၂၃ ရက်က မြိတ်မြို့ နောက်လယ်(၄)လမ်းရှိ ကင်းမွန်လုပ်ငန်းရှင်များ အသင်းရုံးခန်း၌ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ILO Myanmar မှ Jonalhan Bird က အမှာစကားပြောကြားကာ Captain Robert Lee က ပင်လယ်ပြင်အတွင်း မမျှော်လင့်ဘဲ အန္တရာယ်ကြုံနိုင်သဖြင့် အန္တရာယ်မကျရောက်မီနှင့် ကျရောက်စဉ် ဆောင်ရွက်ရမည်များ၊ ဆုံးဖြတ်ချက် မှန်ကန်ရန်လိုအပ်မှုများ၊ အရေးပေါ် ရေလုပ်သား ကျန်းမာရေးစောင့်ရှောက်မှုများ သိရှိရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရေလုပ်သားတစ်ဦးချင်းစီနှင့် သက်ဆိုင်သော ဘေးကင်းလုံခြုံမှု လူမှုရေးနှင့် သက်ဆိုင်သောတာဝန်များ၊ အန္တရာယ်ကင်းအောင် အလုပ်လုပ်သည့် အလေ့အကျင့်များကို ဂရုပြုလေ့လာခြင်း၊ အရေးပေါ်ကိစ္စများအတွက် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း၊ ရေကြောင်းနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်း၊ သင်္ဘောတိုက်မိခြင်း၊ သင်္ဘောသောင်တင်ခြင်း၊ လူရေထဲသို့ကျခြင်း၊ သင်္ဘောမီးလောင်ခြင်း၊ ပင်လယ်ဓားပြ အတိုက်ခံရခြင်း၊ လေဝင်လေထွက်မရှိသောနေရာမှ လွတ်မြောက်အောင် ဆောင်ရွက်ခြင်း၊ အသက်ကယ်အင်္ကျီတို့ကို လိုက်လျောညီထွေစွာ ဝတ်ဆင်ခြင်းနှင့် မှန်တိုင်းဆိုင်ရာအချက်အလက်များစသည့် သာမန်ဖြစ်ရိုးဖြစ်စဉ် အန္တရာယ်များနှင့် မမျှော်လင့်ဘဲ ရုတ်တရက်ကျရောက်လာတတ်သော အန္တရာယ်များမှ လွတ်ကင်းအောင် ဆောင်ရွက်မှုများ၊ ရေလုပ်သားအချင်းချင်း ကျန်းမာရေးပြုစုကုသမှုများကို သင်ကြားပို့ချပေးသွားကြောင်း သိရသည်။



ကင်းမွန်ငါးဖမ်းလှေများကို တွေ့ရစဉ်။

ယင်းသင်တန်းကို မတ် ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ပြီး သင်တန်းသို့ ကင်းမွန်ငါးဖမ်းလှေရေလုပ်သားများနှင့် လှေပိုင်ရှင် စုစုပေါင်း ၄၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ပြန်/ဆက်)**

---

**ချင်းပြည်နယ်**



# လိုကြွောမ်းကျေးရွာနေပြည်သူများအတွက် ရေပေးရေးဖွင့်ပွဲကျင်းပ

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် တင်ဒါအောင်မြင်ရရှိသူ ယူနိုက်တက် ဆလိုင်းကုမ္ပဏီက ဆောင်ရွက်သော လိုကြွောမ်းကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက ရေပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါရေပေးရေးဖွင့်ပွဲကို ဖလမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းသို့ရေပေးရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများအတွက် အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ချိန်၌ သောက်သုံးရေရှားပါးမှု၊ စိုက်ပျိုးသီးနှံများ ရေပြတ်လပ်မှု၊ မီးလောင်မှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ပေါ်လာပါက တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် များစွာအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**■ နေစု(ချင်းရိုးမ)**

---

**ကရင်ပြည်နယ်**

# ထိုင်း-မြန်မာချစ်ကြည်ရေး(မဲဆောက်-မြဝတီ) အမှတ် (၂) ကုန်သွယ်မှုတံတားတည်ဆောက်မှု ၄၀ ရာခိုင်နှုန်းကျော်ပြီးစီး

ထိုင်း-မြန်မာချစ်ကြည်ရေး အမှတ်(၂) တံတားဖြစ်သည့် မဲဆောက်-မြဝတီကုန်သွယ်မှုတံတားကြီးကို အပြီးသတ်လုပ်ငန်းအပ်ရန် ၂၀၁၈ ခုနှစ် သတ်မှတ်ထားသော်လည်း ယခု ၄၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းခွင်ရှိ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ယင်းတံတားသည် ရေလယ်တိုင်မပါ ချဉ်းကပ်တိုင် ၁၇ တိုင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ထိုင်းဘက်တွင် ၁၂ တိုင်နှင့် မြန်မာဘက်တွင် ငါးတိုင် စိုက်ထူထားကြောင်း သိရသည်။ တံတား၏ပင်မအရှည်မှာ မီတာ ၇၆၀ ဖြစ်ပြီး၊ ထိုင်း ဘက်ခြမ်း ၅၁၅ မီတာ၊ မြန်မာဘက်ခြမ်း ၂၄၅ မီတာအရှည်ရှိကြောင်းသိရသည်။

"သောင်းရင်းမြစ်လယ် P12 နှင့် P13 ကြား ထောက်တိုင်မဲ့ တံတားအရှည်မှာတော့ မီတာ ၁၂၀ သာရှိပါတယ်"ဟု တံတားတည်ဆောက်ရေး လုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ တံတားကြီးအတွက် ကုန်ကျငွေမှာ စုစုပေါင်းဘတ်သန်း ၃၉၀၀ ဖြစ်ပြီး လမ်းအတွက် ထိုင်းဘတ်ငွေ သန်း ၆၆၀၊ တံတားအတွက်ထိုင်းဘတ်ငွေ သန်း ၆၄၀ ရှိကြောင်း၊ ခွင့်ပြုတန်ချိန် တန် ၁၂၀ ထိ သတ်မှတ်ထားခြင်းကြောင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ယခုတံတားတည်ရှိရာနေရာသို့ လာရာလမ်းတွင် ချောင်းကူးတံတားမျာ ရှိနေဆဲဖြစ်ကြောင်း၊ ကုန်သွယ်မှုတံတားကြီးတည်ဆောက်ပြီးစီးချိန်တွင် တန်ပိုယာဉ်များ ဖြတ်သန်းနိုင်ရန် အဆိုပါတံတားများ ပြုပြင်ကုန်ကျငွေမှာ ထိုင်းဘတ်ငွေ သန်း ၂၈၀ ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။ ယခု တံတားကြီးပြီးစီးသွားပါက တံတားဘေးတွင် တံတားတည်ဆောက်မှုကြောင့် မြေနေရာဆုံးရှုံးသွားသူများအား လျော်ကြေးငွေပေးအပ်ရန် ထိုင်းဘက်ခြမ်းအတွက် ထိုင်းဘတ်ငွေသန်း ၃၀၀ မြန်မာဘက်ခြမ်းအတွက် မြေယာဆုံးရှုံးသွားသူများအား ခန့်မှန်းလျော်ကြေးငွေ မြန်မာငွေကျပ်သန်း ၉၀၀၀ ခန့်မှန်းထားသော်လည်း ယခုအချိန်အထိ ဘတ်ဂျက်ချပေးငွေ မြန်မာငွေကျပ် သိန်း ၁၀၀၀ သာရှိသေးကြောင်း သိရသည်။

"အခုတွက်ချက်ထားမှုတွေဟာ တံတားနဲ့ မြေယာလျော်ကြေးသာသက်ဆိုင်ပြီး မြစ်ကမ်းထိန်းနံရံများကို ထိုင်းနိုင်ငံ ဆည်မြောင်းနှင့် ရေအရင်းအမြစ်က တာဝန်ယူတည်ဆောက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတံတားကြီး လုပ်ငန်းအပြီးအပ်ရမယ့် ကာလကတော့ ၂၀၁၈ ခုနှစ်ဖြစ်ပြီး ထိုင်းဘက်ခြမ်းမှာတော့ ၂၀၁၆ အကုန်မှာတင် ပြီးစီးနိုင်ပါတယ်။ မြန်မာဘက်ကတော့ မြေယာလျော်ကြေးကိစ္စ၊ လုပ်ငန်းစတင်မှုတွေ နောက်ကျတာကြောင့် ၂၀၁၈ အချိန်မီ အပ်နှံနိုင်အောင်တော့ တည်ဆောက်သွားမှာပါ"ဟု လုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



လာမယ့် မတ်လကုန်ပိုင်းအတွင်းမှာတော့ ကလပ်အသင်းများရဲ့ပွဲစဉ်တွေကို ကျင်းပပြုလုပ်သွားမှာမဟုတ်ဘဲ နိုင်ငံတကာပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။ အဆိုပါ နိုင်ငံတကာပွဲစဉ်တွေအထဲမှာတော့ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲ၊ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွေနဲ့ ကမ္ဘာ့ဖလားကွန်ကာကပ်ဖ်ဇုန် ခြေစစ်ပွဲတွေအပြင် နိုင်ငံတကာခြေစမ်းပွဲတွေကိုပါ ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါပွဲစဉ်တွေအနက်က စိတ်ဝင်စားဖို့ကောင်းတဲ့ နိုင်ငံတကာပွဲစဉ်တွေဖြစ်တဲ့ နိုင်ငံတကာခြေစမ်းပွဲအချို့ကို ထုတ်နုတ်တင်ပြပေးလိုက်ရပါတယ်။

# အကြိတ်အနယ်အားပြိုင်ကြမယ့် နိုင်ငံတကာခြေစမ်းပွဲများ

**ဂျာမနီ–အင်္ဂလန်**

စိတ်ဝင်စားဖို့ကောင်းတဲ့ ခြေစမ်းပွဲတစ်ပွဲ ဖြစ်ပါတယ်။ အင်္ဂလန်ဟာ ဒီခြေစမ်းပွဲအတွက် ဒဏ်ရာရရှိနေတဲ့ ရှန်းနေအပါအဝင် ကာရစ်၊ ကလီဗာလေ၊ ဒန်နီအင့်၊ ဖာဘီယန်ဒဲလ်တို့လို ကစားသမားတွေကို ရွေးချယ်ခြင်းမရှိပေမယ့် လူငယ်ကစားသမားတွေဖြစ်တဲ့ ဟယ်ရီကိန်း၊ ဒါလီအလီ၊ ဒီရစ်ဒီယာ၊ ဘာကလေ၊ စတာလင်း၊ ဂျွန်စတုန်းတို့ကို အခြေပြုရွေးချယ်ထားကာ မီလ်နာ၊ ဟန်ဒါဆန်၊ ဂျိမ်းဗာဒီ၊ ဝေါလ်ကော့၊ ဝဲလ်ဘတ်တို့လို ကစားသမားတွေနဲ့ ပေါင်းစပ်တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ အင်္ဂလန်ရဲ့ အသင်းလိုက်ကစားပုံက အားကောင်းလာနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာ ဂျာမနီက အိမ်ကွင်းအားသာချက်ရှိနေသလို ဒရက်စလာ၊ တိုနီခရူး၊ မူလာ၊ မာကိုရူးစ်၊ အိုဇေးလ်၊ ဟမ်းမဲလ်တို့လို ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားပါတယ်။ ဒါကြောင့် ဘာလင်မှာကျင်းပမယ့် ဒီပွဲမှာတော့ အင်္ဂလန်တို့ ရှုံးကန်ရနိုင်ပြီး သရေလောက်ပဲကစားနိုင်ဖို့ရှိတယ်။

**ဟော်လန်–ပြင်သစ်**

ဒီပွဲဟာလည်း ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဟော်လန်ဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေမယ့်



ဥရောပရဲ့ ထိပ်တန်းအသင်းတစ်သင်းဖြစ်သလို ဟန်တယ်လာ၊ ဒီပေး၊ လုခ်ဒီဂျောင်၊ ဗီလ်နယ်ဒမ်၊ ဘရူမာ၊ ဂျန်မတ်၊ ရှန်ဗယ်လာ၊ လူစီယာနိုနာဆိုင်း စတဲ့ကစားသမားကောင်းတွေကိုလည်း ဒီခြေစမ်းပွဲအတွက် ရွေးချယ်ထားပါတယ်။ ဒါပေမယ့် ယူရို ၂၀၁၆ ပွဲရဲ့ အိမ်ရှင်ဖြစ်တဲ့ ပြင်သစ်ကလည်း ဂျရူး၊ ဂရက်စ်မန်း၊ မာတီရယ်၊ ကန်တီ၊ ပေါ့ဂ်ဘာ၊ ပါယတ်၊ မတ်အူဒီ၊ ဗာရာနီ၊ ဆာခိုတို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားတာတွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲကို အမ်စတာဒမ်မှာ လက်ခံကစားရမှာဖြစ်လို့ အိမ်ရှင်အခွင့်အရေးရှိနေပေမယ့်လည်း ဟော်လန်တို့ပြင်သစ်ကို လွယ်လွယ်ကူကူ အသာရနိုင်ဖို့မလွယ်ကူနိုင်ပါဘူး။ ဟော်လန်တို့ ပြင်သစ်ရဲ့တုံ့ပြန်ကစားအားကြောင့် သရေလောက်ပဲ ကစားနိုင်ဖို့ရှိတယ်။

**ပေါ်တူဂီ–ဘူလ်ဂေးရီးယား**

ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်မြင်ထားတဲ့ ပေါ်တူဂီဟာ နောက်ဆုံးခြေစမ်းပွဲနှစ်ပွဲမှာ တစ်ပွဲရှုံး၊ တစ်ပွဲနိုင်ရလဒ်ကိုသာ ရရှိထားခဲ့ပေမယ့် ဒီခြေစစ်ပွဲအတွက်တော့ ရော်နယ်ဒို၊ နာနီ၊ ရီနာတို၊ ဆန်းချက်ဇ်၊ ဒန်နီ၊ ပီရီယာ၊ ပီပီတို့လို အဓိကကစားသမားတွေကို ရွေးချယ်ထားကာ အိမ်ကွင်းအားသာချက်လည်းရှိနေပါတယ်။ ဘူလ်ဂေးရီးယားကတော့ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေအတွင်းမှာ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့သလို ခြေစစ်ပွဲလည်း မအောင်မြင်ခဲ့ပါဘူး။ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားပုံကလည်း ဘူလ်ဂေးရီးယားအနေနဲ့ သာမန်သာရှိတာကြောင့် ဒီပွဲမှာ အိမ်ရှင်ပေါ်တူဂီကသာ အနိုင်ရယူသွားဖို့ရှိနေပါတယ်။

**ရိုမေးနီးယား–စပိန်**

ဥရောပရဲ့ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်တဲ့ စပိန်ဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေအတွင်း ခြေစွမ်းပြသနိုင်ခဲ့သလို ခြေစစ်ပွဲလည်း အောင်မြင်ထားခဲ့ပါတယ်။ ဒီခြေစစ်ပွဲတွေမှာ စပိန်ဟာ လူငယ်ကစားသမားအချို့နဲ့ သွေးသစ်လောင်းနိုင်ခဲ့သလို ဒီခြေစမ်းပွဲအတွက်လည်း ပါကိုအယ်ကာဆာ၊ အစ္စကို၊ မိုရာတာ၊ ကိုကီတို့လို လူငယ်ကစားသမားတွေကို ဆေးလ်ဗား၊ ဖာဘရီဂတ်စ်၊ ဘတ်စကွက်၊ ပက်ဒရို၊ ပီကေး၊ ရာမို့စ်တို့လို အတွေ့အကြုံရှိကစားသမားတွေနဲ့လည်း ပေါင်းဖက်ခေါ်ယူထားပါတယ်။ ဒါကြောင့် စပိန်ဟာ ဒီပွဲမတိုင်ခင်မှာ အီတလီနဲ့ ကစားခဲ့ရလို့ ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့် စပိန်ဟာ ခြေစွမ်းရော၊ စုဖွဲ့မှုပါ သာမန်သာရှိတဲ့ ရိုမေးနီးယားကို ထိန်းချုပ်ကစားသွားနိုင်မှာ သေချာပါတယ်။ ဒါကြောင့် ဒီပွဲဟာ ရိုမေးနီးယားမြေပေါ်မှာ ကစားမှာဖြစ်လို့ ရိုမေးနီးယားတို့ အိမ်ရှင်အားသာချက်ရှိနေပေမယ့်လည်း စပိန်ကသာ ပွဲကိုထိန်းချုပ်အနိုင်ရသွားမှာပါ။

**ယူကရိန်း–ဝေလ**

ယူရိုပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားတဲ့ ဝေလဟာ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ဝေလဟာ ဒီခြေစမ်းပွဲအတွက် ကစားသမားရွေးချယ်ရာမှာ ရီးရဲကစားသမား ဘေးလ်၊ အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးတို့လို အဓိက ကစားသမားတွေပါဝင်လာခြင်းမရှိပေမယ့် ဗိုကက်စ်၊ လော်ရန်ဆီ၊ ဂျိုအယ်လန်၊ ဗောက်ဂန်၊ ချက်စတာ၊ ရစ်ချက်တို့လို ကစားသမားကောင်းတွေ ပါဝင်နေဆဲဖြစ်ကာ အသင်းလိုက်ကစားပုံကလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ယူကရိန်းက အိမ်ကွင်းအားသာချက်ရှိနေသလို ဟာမိုလန်ကို၊ ကိုနိုယန်ကာ၊ စတီဖန်လို၊ ရိုတန်တို့လို ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားပါတယ်။ ယူကရိန်းတို့ ကပ်နိုင်သွားဖို့ရှိပါတယ်။

**ဆွီဒင်–ချက်**

ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်မြင်ထားတဲ့ ဆွီဒင်ဟာ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ဒီပွဲကိုလည်း အိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် ဆွီဒင်တို့အခွင့်သာနေပါတယ်။ ဆွီဒင်ဟာ ဒီခြေစမ်းပွဲအတွက် အီဘရာဟီမိုဗစ်၊ ဂူဒက်တီ၊ ကီလ်စထရောင်း၊ ဝမ်ဘလွန်၊ လာဆင်၊ အောဆန်၊ ဂျွန်ဆင်တို့လို ကစားသမားကောင်းတွေကိုပါ ရွေးချယ်ထားပါတယ်။ ချက်ကလည်း ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်မြင်ထားတဲ့အသင်းဖြစ်ပြီး အသင်းလိုက်ကစားပုံလည်း ကောင်းမွန်ပါတယ်။ လမ်ဘာစကီ၊ နီဆစ်၊ ဒါရီဒါတို့လို ကစားသမားကောင်းတွေလည်း ပါဝင်လာမှာဖြစ်လို့ ဆွီဒင်တို့အခက်တွေ့နိုင်ပါတယ်။ ဆွီဒင်ကပ်ပြီးသာ နိုင်ပွဲရရှိနိုင်ပါတယ်။

**ဟန်ဂေရီ–ခရိုအေးရှား**

ဟန်ဂေရီဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ တုန်းက ခြေစွမ်းပြသနိုင်ခဲ့ပြီး အဆုံးအဖြတ်နဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ အသင်းလိုက်ကစားပုံကောင်းမွန်ကာ ပရစ်ကင်၊ ဂီယာ၊ ခါဒါတို့လို ကစားသမားကောင်းတွေလည်းရှိနေပါတယ်။ ဒါပေမယ့် ခရိုအေးရှားကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး မန်ဇူကစ်၊ ကာလီနစ်၊ ဘရိုဂိုဗစ်၊ ကိုဗာဆစ်၊ မိုဒရစ်၊ ရာကီတစ်၊ ကာလူကာ၊ လိုဗရန်တို့လို ကစားသမားကောင်းတွေကိုလည်း ဒီခြေစမ်းပွဲအတွက် ရွေးချယ်လာပါတယ်။ ဒီနှစ်သင်းနှိုင်းယှဉ်ကြည့်မယ်ဆိုရင် အသင်းလိုက်ကစားပုံမကွာပေမယ့် တစ်ဦးချင်းအရည်အသွေးပိုင်းမှာတော့ ခရိုအေးရှားကို ဟန်ဂေရီတို့ မမီပါဘူး။ ဟန်ဂေရီကွင်းဖြစ်ပေမယ့် ခရိုအေးရှားပဲ ကပ်နိုင်မှာပါ။

**ဘယ်လ်ဂျီယံ–ပေါ်တူဂီ**

အခုနောက်ပိုင်း ဥရောပဘောလုံးလောကမှာ ထိပ်တန်းအဆင့်ဖြစ်လာတဲ့ ဘယ်လ်ဂျီယံဟာ ကွန်ပနီ၊ မီရာလက်စ်၊ ဒီဘရိုင်း၊ ဗာတွန်ဂမ်တို့လို ကစားသမားတွေအပြင် ဟာဇက်ကိုပါ ဒဏ်ရာကြောင့်ရွေးချယ်နိုင်ခြင်းမရှိခဲ့ပေမယ့် လူကာကူ၊ ဘန်တီကီ၊ ချက်လီ၊ ဖယ်လိုင်နီ၊ ဝစ်ဆဲလ်၊ ဗာမေလန်တို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားနိုင်ပါတယ်။ ဒါကြောင့် ရော်နယ်ဒိုဦးဆောင်လာမယ့် ပေါ်တူဂီကို ဘယ်ဂျီယံတို့ ထိန်းချုပ်သွားနိုင်မှာပါ။ ဘယ်လ်ဂျီယံအနိမ့်ဆုံး သရေလောက်ရမယ်။

**လင်းဆက်**

# တောက်ပတဲ့အနာဂတ်နဲ့ ချီးကျူးဖို့ထိုက်တန်တဲ့ ဘုန်းမောက်

ဘုန်းမောက်လို့ဆိုလိုက်တာနဲ့ ပရီမီယာလိဂ်ရဲ့ အောက်တန်းအသင်းတစ်သင်းကို လူတိုင်းက ပြေးမြင်ကြမှာပါပဲ ။ ဘုန်းမောက်ဟာ ရာသီအစကတည်းက လူအများရဲ့ အာရုံကို ဖမ်းစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ရာသီအစကတည်းက တန်းဆင်းဖို့ နီးစပ်မှုရှိတဲ့အသင်းတွေကို ပြပါဆိုရင်တော့ ဘုန်းမောက်လိုအသင်းမျိုးကို လက်ညှိုးထိုးကြမှာ မလွဲပါဘူး။ အသင်းကို ကြည့်မယ်ဆိုရင်လည်း ငွေကြေးသုံးစွဲနိုင်မှုက နည်းပါးပြီး အသင်းမှာ ထိပ်တန်းကစားသမားတွေမရှိသလို အသင်းရဲ့မန်နေဂျာကလည်း ထိပ်တန်းအဆင့်မှာရှိတဲ့ မန်နေဂျာမျိုးတော့မဟုတ်ပါဘူး။

ဒါပေမယ့် ဘုန်းမောက်အသင်းရဲ့ လက်ရှိရပ်တည်နေမှုကို ကြည့်မယ်ဆိုရင်တော့ အတိုင်းအထက်အလွန်ကို ကျေနပ်ပျော်ရွှင်ဖွယ်ကောင်းနေတဲ့ အခြေအနေမှာ ရှိနေပြီလို့ ပြောရမှာပါ။ သာမန်အားဖြင့် ပရီမီယာလိဂ်မှာ တန်းတင်ကျန်ရစ်ဖို့ဆိုရင် ရမှတ်အများဆုံး ၄၀ လောက်သာလိုတဲ့အချိန်မှာ ဘုန်းမောက်အသင်းဟာ ၃၈ မှတ်ရရှိ ထားပြီလည်း ဖြစ်ပါတယ်။ ဒါဟာပွဲကျန် ခုနစ်ပွဲရှိနေချိန်မှာတော့ ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် လုံလောက်တဲ့ ရမှတ်လို့ဆိုရမှာဖြစ်ပါတယ်။

ဒီနှစ် ပရီမီယာလိဂ်မှာ လက်စတာ၊ စပါးနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ဝက်ဝက်ကွဲ အောင်မြင်မှုနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ ဘုန်းမောက်အသင်းရဲ့ အောင်မြင်မှုဟာ မပြောပြလောက်ပေမယ့် သူ့အသင်းနဲ့ သူ့အခြေအနေအရ ပြောရမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ကို အောင်မြင်မှုရရှိနေတယ်ဆိုတာကတော့ ဘယ်သူမှငြင်းပယ်လို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၁၃ မှာရှိနေတဲ့ ဘုန်းမောက်ဟာ ရာသီကုန်မှာတော့ ကံကောင်းရင် အမှတ်ပေးဇယားရဲ့ အလယ်လောက်မှာတောင် ရှိနေနိုင်ပါတယ်။

ဘုန်မောက်အသင်းဟာ ၁၈၉၀ မှာ တည်ထောင်ပြီး ၁၉၇၉ မှာ ပြန်လည်ဖွဲ့စည်းထားခဲ့တဲ့ အသင်းဖြစ်ပေမယ့် ယခင်က တစ်ကြိမ်တစ်ခါမှာ အင်္ဂလန်ရဲ့ ထိပ်တန်းလိဂ်ကို ရောက်ရှိခဲ့ဖူးခြင်းမရှိတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် အခုလို ပထမဦးဆုံး တန်းတက်လာရတဲ့ရာသီမှာပဲ ရလဒ်ကောင်းတွေနဲ့အတူ လာမယ့်ရာသီအထိ ပရီမီယာလိဂ်မှာ ဆက်လက်တွေ့မြင်ရဖို့ရှိနေတာကတော့ အသင်းအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။

ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံးမန်နေဂျာဆုကို လက်စတာအသင်း မန်နေဂျာ ရေနီယာရီ သို့မဟုတ် စပါးအသင်းမန်နေဂျာ ပိုချက်တီနိုတို့ကတော့ ရရှိဖို့ရှိနေပြီး လက်စတာနဲ့ စပါးကစားသမားတွေကပဲ အခြားဆုတွေကိုလည်း ဆက်နွှယ်ပတ်သက်စွာနဲ့ ရယူသွားနိုင်ပါတယ်။ တစ်နှစ်တာအကောင်းဆုံး အသင်းအဖြစ်ကတော့ ဝက်စ်ဟမ်းအဖြစ် တွေ့မြင်ရနိုင်ပါတယ်။ ဒါပေမယ့် အဲဒီအသင်းတွေထက် အောင်မြင်မှုကြီးမားတဲ့ အသင်းကတော့ ဘုန်းမောက်အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ ပရီမီယာလိဂ်အတွေ့အကြုံပိုင်း လုံးဝမရှိသလို အသင်းရဲ့ နောက်ခံကိုကြည့်မယ်ဆိုရင်လည်း အသင်းရဲ့အိမ်ကွင်းဖြစ်တဲ့ ဒန်းကို့တ်ကွင်းရဲ့ လူဆံ့မှုပမာဏကလည်း ၁၂၀၀၀ လောက်သာ ရှိပါတယ်။ ဒါကြောင့် ဒီလောက်သေးနုတ်တဲ့အသင်းသေးအနေနဲ့ ပရီမီယာလိဂ်ကို စတင်တက်ရောက်နိုင်ခဲ့တဲ့ နှစ်မှာပဲ အကောင်းဆုံးအခြေအနေနဲ့ ရပ်တည်နိုင်နေတာကတော့ စပါး၊ ဝက်စ်ဟမ်းအသင်းတို့ရဲ့ အခြေအနေထက်တော့ သာလွန်လွန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဘုန်းမောက်အသင်းရဲ့ မန်နေဂျာဟိုဝီကိုကြည့်မယ်ဆိုရင်လည်း ပရီမီယာလိဂ်အတွေ့အကြုံက လုံးဝမရှိ။ ကစားသမားဘဝကိုကြည့်မယ်ဆိုရင်တောင် ဘုန်းမောက်အသင်းမှာသာကစားခဲ့ဖူးတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဟိုဝီအနေနဲ့ အမြင့်ဆုံးကိုင်တွယ်ခဲ့ဖူးတဲ့အသင်းဆိုလို့ ဘန်လေအသင်းပဲရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာ ဟိုဝီဟာ အသင်းကို အခုလိုရလဒ်ကောင်းတွေရရှိအောင် ကိုင်တွယ်ထားနိုင်တာကတော့ ချီးကျူးရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဟိုဝီအနေနဲ့ ကျန်ရှိနေတဲ့ ပရီမီယာလိဂ် ခုနစ်ပွဲကိုလည်း အတိမ်းအစောင်းမရှိ အကောင်းဆုံးကိုင်တွယ်နိုင်မယ်ဆိုတာကလည်း သံသယဖြစ်စရာတောင် မလိုပါဘူး။

ဒါပေမယ့် ဘုန်းမောက်အသင်းရဲ့ ပြီးခဲ့တဲ့အခြေအနေတွေကို ကြည့်မယ်ဆိုရင်လည်း စိုးရိမ်စရာအခြေအနေတွေနဲ့ ဖြတ်ကျော်ခဲ့ရတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ ရာသီအစကတည်းက အသင်းအတွက် ဂိုးတွေသွင်းယူပေးတဲ့ အားထားရတဲ့ တိုက်စစ်မှူး ဝီလ်ဆန်ဒဏ်ရာ ရရှိသွားခဲ့ပါတယ်။ ဒါဟာ ဘုန်းမောက်လို့ အသင်းအတွက်ကတော့ ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်အသင်းဟာ ဆောင်းရာသီကာလအတွင်း ကစားခဲ့တဲ့ ရှစ်ပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ပြီး အနိုင်တစ်ပွဲမှတောင် မရရှိခဲ့ပါဘူး။

ဒါပေမယ့် ဘုန်းမောက်အသင်းဟာ ဇန်နဝါရီဈေးကွက်မှာပဲ အသင်းအတွက် လိုအပ်ချက်တွေနဲ့အတူ တိုက်စစ်ပိုင်းအတွက် အက်ဖိုဘီကို အသင်းရဲ့ စံချိန်တင် ပေါင် ၁၀ သန်းကျော်နဲ့ ခေါ်ယူလိုက်ပါတယ်။ ဒါဟာ ဘုန်းမောက်အသင်းအတွက်တော့ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သလို ကြီးမားတဲ့ အလောင်းအစားတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဘုန်းမောက်အသင်းရဲ့ အက်ဖိုဘီကို အားဖြည့်မှုဟာ ကောင်းမွန်တဲ့လုပ်ဆောင်မှု တစ်ခုဖြစ်တယ်ဆိုတာကတော့ အခုအချိန်မှာ လူတိုင်းက လက်ခံသွားခဲ့ပြီးဖြစ်ပါတယ်။ အက်ဖိုဘီဟာ အသင်းကိုရောက်ရှိခဲ့ပြီးနောက်ပိုင်း အသင်းအတွက် အနိုင်ရရှိဖို့လိုအပ်တဲ့ ဆောက်သမ်တန်၊ ခရစ္စတယ်လ်ပဲလေ့စ်၊ ဆန်းဒါးလန်းတို့နဲ့ပွဲတွေမှာတော့ ဂိုးတွေ သွင်းယူပေးပြီး အကောင်းဆုံးခြေစွမ်းတွေ ပြသနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်ပရီမီယာလိဂ်ရာသီကို ကြည့်မယ်ဆိုရင်တော့ ဘုန်းမောက်အသင်းရဲ့ အောင်မြင်မှုဟာ လက်စတာ၊ စပါးနဲ့ ဝက်စ်ဟမ်းအသင်းတို့လောက် ကြီးကျယ်မှုမရှိပေမယ့် ဘုန်မောက်လို အညတရအသင်းတစ်သင်းအနေနဲ့ တောက်ပတဲ့အနာဂတ်နဲ့အတူ ချီးကျူးဖို့ထိုက်တန်တဲ့အသင်းလို့ ပြောရမှာဖြစ်ပါတယ်။

**အောင်က**

မြန်မာ့အလင်း
၂၅-၃-၂၀၁၆ (သောကြာနေ့)



# ခြေစမ်းပွဲများအားလုံးကို ဖျက်သိမ်းရန် ဘော့စနီးယားအသင်းနည်းပြ မာမက်ဘာဇ်ဒါရီဗစ်က ယူအီးအက်ဖ်အေအား တိုက်တွန်း

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုလအတွင်း ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော နိုင်ငံတကာခြေစမ်းပွဲများအားလုံးကို ဖျက်သိမ်းရန် ဘော့စနီးယားလက်ရွေးစင်အသင်းနည်းပြ မာမက်ဘာဇ်ဒါရီဗစ်က ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) အား တိုက်တွန်းပြောဆိုလိုက်သည်။

ပြီးခဲ့သည့် မတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ဘရပ်ဆဲလ်မြို့ရှိ Zaventem လေဆိပ်နှင့် Maelbeek မြေအောက် မီးရထားဘူတာရုံတို့၌ အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အသေခံဗုံးခွဲသမား နှစ်ဦးအပါအဝင် လူပေါင်း ၃၄ ဦး သေဆုံးခဲ့ရပြီး လူ ၂၀၀ နီးပါးထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မတ်လ ၃၀ ရက်တွင် ပေါ်တူဂီအသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းသည် လေ့ကျင့်မှုအစီအစဉ်များကို ဖျက်သိမ်းခဲ့သည်။ သို့သော်လည်း ယူအီးအက်ဖ်အေကမူ နိုင်ငံတကာ ခြေစမ်းပွဲများကစားရန် စီစဉ်ထားမှုကို ဖျက်သိမ်းရန်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရခြင်းမရှိသေးပေ။

ဘော့စနီးယားအသင်းသည် လာမည့် မတ် ၂၆ ရက်တွင် လူဇင်ဘတ်၊ မတ် ၃၀ ရက်တွင် ဆွစ်ဇာလန်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားရန် စီစဉ်ထားသည်။

ဘော့စနီးယားလူမျိုး နည်းပြ ဘာဇ်ဒါရီဗစ်(၅၅နှစ်)က "ပွင့်ပွင့်လင်းလင်းပြောရရင် ဘော့စနီးယားအသင်းအနေနဲ့ လူဇင်ဘတ်၊ ဆွစ်ဇာလန်အသင်းတို့နဲ့ ကစားဖို့ စီစဉ်ထားတဲ့ ခြေစမ်းပွဲတွေကို မကစားတော့တာက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ယူအီးအက်ဖ်အေအနေနဲ့လည်း လုံခြုံရေးအတွက် အခုလအတွင်းကစားဖို့ စီစဉ်ထားတဲ့ နိုင်ငံတကာခြေစမ်းပွဲတွေ အားလုံးကို ဖျက်သိမ်းသင့်ပါတယ်။ ဘရပ်ဆဲလ်မြို့မှာ ဒီလိုအကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပြီးတဲ့နောက် ဘယ်သူက ဘောလုံးပွဲတွေအပေါ် အလေးဂရုပြုတော့မှာလဲ။ ဒီတိုက်ခိုက်မှုတွေဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့ တိုက်ခိုက်မှုတွေပါ"ဟု ပြောဆိုသွားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသော်လည်း ယူအီးအက်ဖ်အေသည် အဆိုပါကာလအတွင်း ကစားရန် စီစဉ်ထားသည့် နိုင်ငံတကာခြေစမ်းပွဲများကို ဖျက်သိမ်းခဲ့ခြင်းမရှိခဲ့ပေ။ ထို့အပြင် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ကလည်း အကြမ်းဖက်တိုက်ခိုက်သူများကို အာခံသည့်အနေဖြင့် မတ် ၁၈ ရက်တွင် အင်္ဂလန်အသင်းနှင့် ဝင်ဘလေကွင်း၌ ကစားရန် စီစဉ်ထားခဲ့သော ခြေစမ်းပွဲကို စီစဉ်ထားသည့်အတိုင်း သွားရောက်ကစားရန် ဆုံးဖြတ်ခဲ့သည်။



**ယူအီးအက်ဖ်အေကမူ နိုင်ငံတကာ ခြေစမ်းပွဲများကစားရန် စီစဉ်ထားမှုကို ဖျက်သိမ်းရန်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရခြင်း မရှိသေးပေ။**

# ယူရိုပြိုင်ပွဲ အုပ်စုပွဲများကစားစဉ်အတွင်း ကစားသမားများအား ချစ်သူ၊ ဇနီးတို့နှင့် တွေ့ဆုံခွင့် မပြုရန် ဝေလအသင်းနည်းပြ ကိုးလ်မန်း ဆုံးဖြတ်

ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ် ကာလအတွင်း ဝေလအသင်းကစားသမားများ တည်းခိုမည့် ဟိုတယ်သို့ ကစားသမားများ၏ ဇနီးများနှင့် ချစ်သူများ လာရောက်ခြင်း မပြုရန် ဝေလအသင်းနည်းပြ ခရစ်ကိုးလ်မန်းက တားမြစ်ပိတ်ပင်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ သို့သော်လည်း ဝေလအသင်းအနေဖြင့် ယူရိုပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တက်ရောက်နိုင်ခဲ့ပါက ကစားသမားများအား မိသားစုနှင့်အတူ နေထိုင်နိုင်ရေးအတွက် အချိန်ပေးရန် စီစဉ်ထားသည်ဟုဆိုသည်။

ဝေလအသင်းသည် ယူရိုပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်ပြီး အုပ်စုအဆင့်၌ ရုရှား၊ အင်္ဂလန်၊ ဆလိုဗက်ကီးယားအသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ အသင်းတည်းခိုရာဟိုတယ်သို့ ကစားသမားများ၏ ဇနီးများ၊ ချစ်သူများ လာရောက်ခွင့်ပေးပါက ကစားသမားများ စိတ်အာရုံထွေပြားမှု ဖြစ်ပေါ်လာနိုင်သောကြောင့် ယခုကဲ့သို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဝေလအသင်းနည်းပြ ကိုးလ်မန်းက "ကျွန်တော်တို့ဟာ ၁၀ ရက်အတွင်းမှာ ပွဲသုံးပွဲ ကစားရမှာဖြစ်ပြီး အဲဒီရက်တွေအတွင်း ကစားသမားတွေအနေနဲ့ တည်းခိုရာဟိုတယ်မှာ မိသားစု၊ ချစ်သူ၊ ဇနီးတွေနဲ့ တွေ့ဆုံခွင့်ရမှာ မဟုတ်ပါဘူး။ ကစားသမားတွေအနေနဲ့ ဒီဆုံးဖြတ်ချက်ကို နားလည်မယ်လို့ ထင်ပါတယ်။ ရှုံးထွက်အဆင့် တက်နိုင်ခဲ့မယ်ဆိုရင် ရှုံးထွက်ပွဲတွေမကစားမီ ရက်အနည်းငယ်အနားယူချိန်ရမှာမို့ ကစားသမားတွေဟာ မိသားစုနဲ့တွေ့ဆုံဖို့ တစ်ရက် အချိန်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ယူရိုပြိုင်ပွဲလို ပြိုင်ပွဲကြီးတစ်ခုမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ အချိန်အကြာကြီး စောင့်ဆိုင်းခဲ့ရတာပါ။ ဝေလနိုင်ငံအတွက် ဂုဏ်ယူနိုင်အောင် စွမ်းဆောင်ဖို့ လိုပါတယ်။ အခု တားမြစ်ပိတ်ပင်မှုဟာ ကျွန်တော်တို့အတွက် သေးငယ်တဲ့ စွန့်လွှတ်မှုသာ ဖြစ်ပါတယ်"ဟု ပြောသွားသည်။ အင်္ဂလန်လက်ရွေးစင်အသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့သူ အဲရစ်ဆင်သည် ၂၀၀၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ကစားသမားများအား ၎င်းတို့၏ ဇနီးနှင့် ချစ်သူများကို တည်းခိုရာ ဟိုတယ်သို့ ခေါ်ယူခွင့် ပြုခဲ့သည့်အတွက် ဝေဖန်မှုများ ခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့သူ ကာပယ်လိုကမူ အဆိုပါ အခွင့်အရေးကို ပိတ်ပင်ခဲ့သည်။



# အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲအား အမျိုးသမီးတင်းနစ်သမားများ ဆန့်ကျင်လိမ့်မည်ဟု နာဗရာတီလိုဗာ မျှော်လင့်

အမျိုးသမီးတင်းနစ် အားကစားသမားများအနေဖြင့် အနာဂတ်တွင် ကျင်းပမည် အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ အဆိုပါပြိုင်ပွဲကို ဆန့်ကျင်မှုများ ပြုလုပ်လာမည်ဆိုပါက မိမိအနေဖြင့် အံ့အားသင့်မိလိမ့်မည်မဟုတ်ကြောင်း ကမ္ဘာ့အဆင့် ၁ တင်းနစ်မယ်ဟောင်း နာဗရာ တီလိုဗာက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် မတ်လ ၉ ရက်မှ ၂၀ ရက်အထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ ကျင်းပခဲ့သော ၂၀၁၆ခုနှစ် အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲ၏အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဗစ်တိုးရီးယား အဇာရင်ကာနှင့် ဆီရီနာဝီလျံတို့ ယှဉ်ပြိုင်ကစားခဲ့သော ပွဲမတိုင်မီတွင် အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲ၏ အမှုဆောင်အရာရှိ ရေမွန်မိုးက အမျိုးသမီးတင်းနစ်အားကစားများအပေါ် နှိမ့်ချပြောဆိုမှု ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူ ချက်နိုင်ငံဖွား နာဗရာတီလိုဗာ (၅၉နှစ်)က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲ မကစားမီ၌ ရေမွန်မိုးက "တကယ်လို့ ကျွန်တော်သာ အမျိုးသမီးတင်းနစ် ကစားသမားတစ်ဦး ဖြစ်ခဲ့မယ်ဆိုရင် ရော်ဂျာဖက်ဒရာ၊ ရာဖေးလ်နာဒယ်လ်တို့လို တင်းနစ်သမားတွေ မွေးဖွားလာခဲ့ခြင်းအတွက် ဘုရားသခင်ကို ညတိုင်း ကျေးဇူးတင်စကားပြောနေမိမှာပါ။ ဘာကြောင့်လဲဆိုတော့ ဖက်ဒရာ၊ နာဒယ်တို့လို အမျိုးသား တင်းနစ်ကစားသမားတွေက ဒီအားကစားနည်းကို အဓိက သယ်ဆောင်နေသူတွေဖြစ်တာကြောင့်ပါ"ဟု ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ရေမွန်မိုးက နောက်ပိုင်းတွင် သူ၏ ပြောစကားအတွက် တောင်းပန်စကားပြန်လည်ပြောဆိုခဲ့သည်။

သို့သော်လည်း ဝင်ဘယ်ဒန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းချန်ပီယံဆု ကိုးကြိမ်အပါအဝင် ဂရင်းဆလမ်တစ်ဦးချင်းချန်ပီယံဆု ၁၈ ကြိမ် ရရှိခဲ့သူ နာဗရာတီလိုဗာက "အမျိုးသမီးတင်းနစ်ကစားသမားတွေအပေါ် ရေမွန်မိုးရဲ့ ဘက်လိုက်ပြီး ခေတ်နောက်ကျလွန်းတဲ့ အမြင်နဲ့ ပြောဆိုမှုကို ကြားခဲ့ရတာက တကယ့်ကို စိတ်ပျက်စရာပါ။ အမျိုးသမီးတင်းနစ်သမားတွေဟာ ဒီအားကစားမှာ အမျိုးသားတင်းနစ်ကစားသမားတွေရဲ့ အကူအညီမပါဘဲ ရပ်တည်နိုင်ခဲ့သလို အနာဂတ်မှာလည်း ဒီလိုပဲ ရပ်တည်သွားနိုင်ပါတယ်။ အင်ဒီယန်ဝဲလ် တင်းနစ်ပြိုင်ပွဲရဲ့ အမှုဆောင်အရာရှိအဖြစ် ရေမွန်မိုး ဆက်တာဝန်ယူနေမယ်ဆိုရင် အမျိုးသမီးတင်းနစ်သမားတွေ ဒီပြိုင်ပွဲမှာ ထပ်မံလာရောက်ယှဉ်ပြိုင်ဖို့က ခက်ခဲသွားနိုင်ပါတယ်"ဟု ပြောဆိုသွားခဲ့သည်။

**"အမျိုးသမီးတင်းနစ် ကစားသမားတွေအပေါ် ရေမွန်မိုးရဲ့ ဘက်လိုက်ပြီး ခေတ်နောက်ကျလွန်းတဲ့အမြင်နဲ့ ပြောဆိုမှုကို ကြားခဲ့ရတာက တကယ့်ကို စိတ်ပျက်စရာပါ။"**

